www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## သိုင်းမာယာနှင့်သွေးသစ္စာ



၄

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## သိုင်းမာယာနှင့်သွေးသစ္စာ

စာစဉ် (၄)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၅၃၂၀၅၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၅၀၇၀၅၁၂

ပထမအကြိမ်
၂၀၀၆ ခုနှစ်
အုပ်ရေ - ၅၀၀
တန်ဖိုး - ၀၅၀

ထုတ်ဝေသူ
ဒေါ်မိုးတေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ကျောက်စိမ်းပုံနှိပ်တိုက်
ဦးကျော်စိန် (၀၂၉၀၉)
အမှတ် - ၁၇၁၊ ၃၃-လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

BURMESE CLASSIC

**နိုင်ငံတော်၏ တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ တာဝန်ကျေသောတာဝန် ဖြစ်သည်။**

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

'ဟင်းဟင်း. . . မင် အနေနဲ့ တခြားလူတွေကိုသာ လိမ်ညာပြောလို့ ရမှာပါ၊ ကျွန်မကိုတော့ ညာလို့ မရပါဘူး'

'ဒါတော့ ကျုပ်လည်း ဘယ်တတ်နိုင်မလဲ စီးမင်၊ စီးမင် မြင်ချင်သလို မြင်ခွင့် ရှိပါတယ်'

'ကျွန်မအမြင်ဟာ မျက်နှာဖုံးစွပ်အမြင် မဟုတ်ပါဘူးရှင်၊ ဟင်းဟင်း. . .'

အခြေအနေတစ်ခုလုံးကို အစအဆုံး ငြိမ်ငြိမ်ပြီး ကြည့်နေသည့် အနက်ဝတ်လူငယ် မော်လင်သည် လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'အဒေါ်ရှန်း တကယ်ပြောနေတာလား'

'တကယ်ပေါ့ဟဲ့၊ ငါ နင့်ကို ဘယ်တုန်းက ညာပြောဘူးလို့လဲ'

မော်လင် မျက်လုံးပြူးသွားတော့သည်။

ထို့နောက် မင် ကို လှမ်းပြောသည်။

'ခင်ဗျားက ကျုပ်တို့ကို ဘယ်ဘင်ခဲ့တယ်လား'

မင်ရင်ကြွယ်က မျက်မှောင်ကြုတ်ပြီး ပြောသည်။

'သူရဲကောင်းလေးကလဲဗျာ'

'ကျွန်တော်က ဈေးရှုးတင်လို့ပါဗျ၊ ခင်ဗျား သဘောတူမယ်ဆိုရင် ကျွန်တော်တို့ ဂိုဏ်းရဲ့ စည်းကမ်းထိန်းသိမ်းရေးမှူးချုပ်ရာထူးကို ပေးအပ်ချင်ပါတယ်'

'မော်လင်၊ နင်တော်တော် ကလေးဆန်သေးတာပဲ'

စီးမင်ရှန်းက ကြားဝင်ပြောသည်။

မော်လင်က စောဒက တက်သည်။

'ကျုပ်က စေတနာ နှလုံးသားနဲ့ ပြောတာပါဗျ'

'ဩော်. . . နင်တော်တော် အတင်းမပါးသေးတာပဲ၊ နင့်ရဲ့စေတနာက သူ့အစွမ်းကို နှိမ့်ချရာ ရောက်နေတယ်ဟဲ့'

မင်ရင်ကြွယ် ငြိမ်နေ၍ မရတော့ပါ။

ထို့ကြောင့် ပြုံးပြီး ဝင်ပြောသည်။

'ခင်ဗျားတို့နှစ်ယောက်ရဲ့စေတနာကို ကျုပ် လေးစားပါတယ်ဗျာ၊ နှိမ့်ကျတယ်၊ နှိမ့်ချတယ်လို့လည်း မယူဆပါဘူး၊ ခြေဦးတည့်ရာ သွားလာနေတတ်တဲ့ အကျင့်ရှိနေလို့လဲ ဒီတာဝန်ကို





မယူနိုင်ပါဘူးဗျာ'

'အိုး. . . သူရဲကောင်းမင်သာ လက်ခံနိုင်ရင် ကြိုက်သလို သွားလာခွင့် ရှိစေရပါမယ်ခင်ဗျာ'

မော်လင်က ဝင်ပြောပြန်သည်။

မင်ရင်ကြွယ်က . . .

'သူရဲကောင်းလေးရဲ့ စေတနာကို အထူးလေးစားမိပါတယ်၊ လက်မခံနိုင်တာက ကိုယ်ရေးကိုယ်တာကိစ္စကြောင့်ပါ၊ ကျုပ်ဘဝမှာ ရန်ငြိုးတရားတွေ၊ ကျေးဇူးတရားတွေ အများကြီး ရှိနေပါသေးတယ်၊ ဒါကြောင့်ပါ'

မော်လင်သည် စောဒက တက်လိုပြန်သေးသည်။

သို့သော် စီးမင်က ဝင်ပြီး တန့်လိုက်သည်။

'မပြောနဲ့တော့ မော်လင်၊ သူရဲကောင်းမင် လက်မခံဘူးဆိုတာ ငါ ကောင်းကောင်းသိတယ်'

'ဘာဖြစ်လို့လဲ အဒေါ်ရှန်း'

'သူ့စိတ်ဓာတ်ကြောင့်ပေါ့၊ သူက လွတ်လွတ်လပ်လပ် တစ်ကိုယ်တော်နေချင်တဲ့ လူမျိုးပဲ'

'ဟုတ်လား သူရဲကောင်း မင်'

မော်လင်က လှမ်းမေးသည်။

မင်ရင်ကြွယ်က ရှုံ့မဲ့ပြီး ဖြေသည်။

'ကျုပ်မှာ အခက်အခဲတွေ ရှိနေလို့ပေါ့ဗျာ၊ မာနကြောင့် မဟုတ်ပါဘူး၊ ကျေနပ်ပါ မော်လင်'

မော်လင်သည် မည်သို့မျှ စောဒက မတက်တော့ပါ။

www.burmeseclassic.com



တက်ကြွနေသော အမူအရာသည် ချက်ချင်း ညှိုးကျသွားသည်။

'မင်ရင်ကြွယ်သည် မျှင်မှောင်ကြုတ်ပြီး ငြိမ်နေရာမှ..

'နောက်တစ်ချက်က ခင်ဗျားတို့ဂိုဏ်းနဲ့ကျုပ်က ရန်သူ မိတ်ဆွေ မသေချာ၊ မကွဲပြားသေးဘူးလေဗျာ၊ ဒါပေမယ့် ခင်ဗျားတို့ရဲ့ စေတနာကိုတော့ ပစ်ပယ်မထားပါဘူး၊ ဦးနှောက် တစ်နေရာမှာ အမြဲသိမ်းဆည်းထားမှာပါ'

'ရန်သူတော့ မဟုတ်ရပါဘူးဗျာ၊ ကျုပ်တော့ ဒီလိုပဲ သဘောပေါက်ထားပါတယ်'

'ကျုပ်လဲ အဲဒီလိုသာ ဖြစ်ပါစေလို့ ဆုတောင်းပါတယ်၊ ရန်သူ မဖြစ်ရင် ကျေနပ်လှပါပြီဗျာ၊ ကျုပ်ကတော့ တိတ်ဟန် လုပ်နေရတဲ့ အမြင့်နေရာကို မတက်လှမ်းချင်ပါဘူး၊ သူရဲကောင်း မော်လင်နဲ့ မိတ်ဆွေဖြစ်ရရင်ပဲ ကျေနပ်လှပါပြီ'

မမျှော်လင့်သောစကားကြောင့် မော်လင် ဝမ်းမြောက် ဝမ်းသာ ဖြစ်သွားသည်။

'တကယ်ပြောလိုက်တာလား သူရဲကောင်းမင်'

မင်ရင်ကြွယ်က ခေါင်းညိတ်ပြသည်။

'တကယ်ပါ၊ ထန်းရှန်းဂိုဏ်းနဲ့ မိတ်ဆွေဖြစ်ရတာကို ကျုပ် ဂုဏ်ယူပါတယ်'

မော်လင်သည် အလွန်ရိုးသားသော လူငယ်လေး တစ်ယောက်ဖြစ်၍ သူရဲကောင်းမင်၏စကားကို လိုက်လှဲဝမ်းသာသွားသည်။ စိတ်လှုပ်ရှားလွန်း၍ လက်ကိုပင် ဆွဲကိုင်လှုပ်ရမ်းလိုက်မိသည်။





'အဒေါ် ရှန်း၊ သူရဲကောင်းမင်ရဲ့စကားက တကယ့် မင်္ဂလာ စကားဗျ၊ ကျုပ် သိပ်ပျော်သွားပြီ၊ သိပ်ပျော်သွားပြီ'

စီးမင်ရှန်းသည် မော်လင်ကိုကြည့်ပြီး မျက်မှောင်ကြုတ် သွားသည်။

'မော်လင်၊ နင်ဟာ ကလေး မဟုတ်တော့ဘူး'

'သိပါတယ်ဗျ၊ ကျုပ် ဝမ်းသာလွန်းလို့ပါ'

စီးမင်ရှန်းက မင်ရင်ကြွယ်ကို လှမ်းကြည့်လိုက်ပြန်သည်။

'သူရဲကောင်းမင်၊ သူဟာ အတွေ့အကြုံ နုနယ်သေးတဲ့ လူပါ၊ ငယ်ငယ်ကတည်းက အလိုလိုက်ထားမိလို့ ခုထိ ကလေးဆန် နေတာပါ၊ ဖြင့်ပလောတနဲ့လည်း အဆက်အသွယ် နည်းပါးခဲ့သူပါ'

စီးမင်ရှန်းက အားနာဟန်နှင့် လှမ်းပြောသည်။

မင်ရင်ကြွယ်က-

'ကျုပ်အမြင်ကတော့ ရိုးသားဖြူစင်တဲ့ အမူအရာတွေပါ စီးမင်၊ ရိုးသားဖြူစင်မှုဟာ လောကကြီးမှာ တန်ဖိုးအရှိဆုံးပါ၊ ဒီသူရဲကောင်လေးမော်လင်ရဲ့ အသည်းနှလုံးဟာ တကယ့်ကို ဖြူစင် တဲ့ အသည်းနှလုံးပါ'

'ဒါဖြင့် သူရဲကောင်းမင်က သူ့ကို မိတ်ဆွေလို့ အသိ အမှတ် ပြုပါသလား'

'ကျုပ်စကားတွေက ရှင်းလင်းနေပါတယ်ဗျာ၊ ပြောရရင် ယန်တျိုးမြို့က ထိပ်တန်းဟိုတယ်မှာ တွေ့ရကတည်းက ဒီသူရဲ ကောင်းလေးဟာ လေးစားချစ်ခင်ထိုက်သူလို့ ယူဆထားခဲ့တာ ပါဗျာ'



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



'ဘာပြောတယ်သူရဲကောင်းမင်း၊ အဲဟို ယန်တျိုးဟိုတယ်မှာ ကတည်းက..'

'ဟုတ်တယ် မော်လင်၊ အဲဒီဟိုတယ်မှာကတည်းက သတိထား လေ့လာခဲ့တာပါ။ ခင်ဗျားတို့နှစ်ယောက် ပြန်သွားတော့ တူးမြောင်းအထိ လိုက်ခဲ့ပါသေးတယ်'

မော်လင့်ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

'ဘာလဲ၊ အဲဒီတုန်းကလူဟာ ခင်ဗျားလား'

'စီးမင်ရှန်းတွေ့ခဲ့တဲ့လူကတော့ ကျုပ်မဟုတ်ပါဘူး၊'

ခြော်. . . ခြော်. . . ဒါကြောင့်မို့ အဆောင်မှုးယွင်ကို သိနေတာကိုး'

ထိုစဉ် စီးမင်ရှန်းက ဝင်ပြောလာသည်။

'သူရဲကောင်းမင်း၊ ခုလို ပွင့်ပွင့်လင်းလင်း ပြောလာတာဟာ ဝမ်းသာစရာပါပဲ'

'ဒီမော်လင့်အကြောင်းကိုလည်း ကျွန်မထက် ပိုသိသူ မရှိပါဘူး၊ မော်လင်ဟာ ဘယ်သူကိုပဲဖြစ်ဖြစ် သူ လေးစားချစ်ခင်မိရင် သူ့အသည်းနှလုံးတောင် ခွဲဝေပေးမယ့် လူစားမျိုးပဲ၊ ဒါပေမယ့် စိတ်ထိခိုက်မှု ဝေဒနာမျိုးကိုတော့ ရင်စည်းပြီး ခံနိုင်စွမ်း မရှိပါဘူး'

စီးမင်ရှန်း၏စကားသည် အလွန်လေးနက်သောစကားဖြစ်သည်။ ဤအချက်ကို မင်ရင်ကြွယ် သဘောပေါက်နေ၏။

'ဟုတ်ပါတယ်၊ ကျုပ်လည်း အကဲခတ်မိနေပါတယ်'

စီးမင်ရှန်းက သက်ပြင်းရှိုက်ပြီး ဆက်ပြောသည်။

'သူနဲ့ ကျွန်မ ရင်းနှီးနေခဲ့ရတာဟာ ရေစက်လို့ပဲ ဆိုရမယ်





မင်၊ သူနဲ့ကျွန်မဟာ ဇီးပန်းချောင်မှာ အလွမ်းအသင့်ဆုံး လူနှစ်ယောက်ပါ၊ ဟော ခုတော့ မင် တစ်ယောက် တိုးလာခဲ့ပြီ'

စီးမင်ရှန်း၏အသံသည် အသည်းနှလုံးထဲမှ အန်ထွက်လာသောအသံပင်ဖြစ်သည်။

မင်ရင်ကြွယ်သည် စီးမင်ရှန်းကို တည်တည်ကြည်ကြည် ပြုံးပြသည်။

စီးမင်ရှန်းက ဆက်ပြောသည်။

'တကယ်တော့ မော်လင်နဲ့ အလွမ်းသင့်နိုင်သူဟာ သိပ်ကို နည်းလှပါတယ် မင်၊ အတွေ့အကြုံ အရေးအခင်း ခေါင်းပါးလို့လည်း မိတ်ဆွေနည်းသလို ရန်သူလည်း နည်းပါတယ်'

'ဘာပဲဖြစ်ဖြစ် သူ့အမြင်မှာ ကျုပ်ဟာ မဆိုးသူ တစ်ယောက်ပါ'

'ဟုတ်ပါတယ် မင်၊ ဟုတ်ပါတယ်၊ မော်လင်ဟာ သိုင်းလောကအတွေ့အကြုံနည်းပေမယ့် လူ့သဘာဝအမြင် အားသန်သူပါ၊ သူ စိတ်တွေ့တဲ့လူဟာ ဘယ်တော့မှ ဆိုးသွမ်းသူ မဟုတ်ခဲ့ဘူး'

'အား. . . ကြားရတဲ့စကားက ဝမ်းသာစရာ၊ ကျေးဇူးတင်စရာပဲ . . . ဟားဟား'

'ကျွန်မအမြင်ကို ပြောရရင်တော့ မော်လင်ဟာ ကြေးမုံပြင် တစ်ချပ်ပါ မင်'

'ဟုတ်ပါတယ်၊ သူရဲကောင်းမော်လင်ဟာ ကြည်လင်သန့်ရှင်းတဲ့ ကြေးမုံပြင်တစ်ချပ်ပါပဲ၊ ဒါကြောင့်လည်း ကျုပ်ဟာ သူနဲ့ မိတ်ဆွေဖြစ်ချင်နေတာပါ'



www.burmeseclassic.com

www.burmeseclassic.com



စီးမင်းရှန်း ပြုံးလာသည်။

'ဒီလိုဆိုရင် ခုနက ကျို့နဲ့ ယှဉ်ပြိုင်မှုမှာ ရှင်ရဲ့ အပြုအမူတွေဟာ ကျို့ကို သိက္ခာမကျစေဖို့နဲ့ ထန်ရှန်းဂိုဏ်းရဲ့ သခင်လေး ခေါ်သင် သိက္ခာမကျစေဖို့ မဟုတ်လားရှင်၊ ဒါတင်မက တခြား အကြောင်းတော့ ရှိနေသေးတယ် မဟုတ်လားရှင်'

မင်ရင်ကြယ်သည် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ဆတ်ခနဲ ခေါင်းညိတ်ပြီး. . .

'ဟုတ်ပါတယ် စီးမင်၊ စီးမင်ရဲ့အမြင်ကို မှားတယ်လို့ မပြောလိုပါဘူး၊ ဒါပေမယ့်. . .'

မင်ရင်ကြယ်သည် ပြောလက်စ စကားကို တန့်ရပ်လိုက်ပြီး လမ်းကြောင်းပြောင်းပစ်သည်။

'စီးမင်ရှန်းဟာ အင်မတန် ထက်မြက်တဲ့ အမျိုးသမီး တစ်ယောက်ပါ'

'သူရဲကောင်းမင် ဝန်ခံတယ်လား၊ ဟင်းဟင်း. . . တခြား အကြောင်းတ ဘာများလဲဟင်'

'စီးမင်ရှန်း သိသင့်ပါတယ်၊ ကျို့ဟာ ဝန်ရင်မော်ရဲ့ ချစ်သူငယ်ချင်းပါ၊ ကျုပ်နဲ့ ဝန်ရင်မော်ကလည်း ရင်းနှီးသူတွေ နောက်ပြီး ဝန်ရင်မော်ရဲ့ကျေးဇူးတွေဟာ ကျုပ်အပေါ် တင်ရှိနေ သေးတယ်၊ စီးမင် သဘောပေါက်တယ် မဟုတ်လား'

'ပေါက်ပါတယ်ရှင်၊ ဒါပေမယ့် အံ့ဩစရာကောင်းတာက ကျို့ဟာ မျက်မှောက်ခေတ်သိုင်းလောကမှာ ပထမနေရာနဲ့ ဒုတိယ နေရာအဆင့်မှာ ရှိနေတဲ့ ပုဂ္ဂိုလ်ကြီးပါ၊ ဒီလိုလုစားတ အဖြူအမည်း



မသဲကွဲ မကွဲပြားခင် ဖွတ်ဖြေရှင်းတာတတော့ ကျွန်မ နားလည်လို့ မရတော့ဘူး မင်'

'ကျုပ်အမြင်တတော့ သူကမှာ စိတ်ထိခိုက်စရာကိစ္စတွေ သိပ်များနေတယ်၊ ခံစားမှုတွေ ရှုပ်ထွေးနေတယ်၊ ဒါကြောင့် မထိန်းသိမ်းနိုင်တာလို့ မြင်တယ်၊ ကိုယ့်စိတ်ကိုယ်မနိုင်ဘဲ ဆန္ဒစောတာ ပေါ့ဗျာ'

'အဲဒါ လူသဘော လူသဘာဝပဲရှင့်၊ ကျွန်မ ခံစားနေရတာ တတော့. . .'

စီးမင်ရှန်းသည် စကားကို ဆုံးအောင်မပြောဘဲ ရပ်ပစ် လိုက်သည်။

ထိုနောက် ခေါင်းကို ခါယမ်းပြီး. . .

'တကယ်တော့ ထန်ရှန်ဂိုဏ်းဟာ ဝန်ရင်မော်ကို ဖမ်းဆီး ခေါ်ဆောင်ခြင်း မပြုသင့်ဘူး၊ ဒီလိုလုပ်တဲ့အတွက် ကျို့အိမ်တော် မီးလောင်တဲ့ကိစ္စကို ကျွန်မတို့လက်ချက်လို့ စွပ်စွဲခံရတာ၊ အဲဒီမှာ သေခဲ့တဲ့လူတွေဟာ ကျွန်မတို့သတ်တာ မဟုတ်ပေမယ့် ကျွန်မတို့ လက်ချက်လို့ ယူဆကြမှာပဲ၊ တကယ့်ခံစားမှုကို ပြောရရင် သူတို့ရဲ့ သေဆုံးခြင်းကို ကျွန်မ ဝမ်းနည်းမိပါတယ်ရှင်'

စီးမင်ရှန်းသည် အဝေးကိုငေးပြီး ထွေးနေပြန်သည်။ အတန်ကြာမှ. . .

'ရှင် ဘယ်လိုပဲ ပြောပြော ကျွန်မစိတ်ထဲမှာတော့ သူရဲ ကောင်း ဝန်ရင်မော် အသက်ရှင်ဆဲ ရှိနေတယ်လို့ပဲ ထင်နေပါတယ် မင်'

www.burmeseclassic.com

www.burmeseclassic.com



မင်းရင်ကြွယ် သက်ပြင်းချပြီး ရေရွတ်သည်။

'ခင်ဗျားထင်သလို ဖြစ်ပါစေလို့ ဆုတောင်းပါတယ် စီးမင်း၊ ဒါပေမယ့် တကယ်ဖြစ်ရပ်ဟာ အထောက်အထားတွေ ရှိနေပါတယ်'

'ဒါဟာ ကံကြမ္မာရဲ့ တစ်ဘက်စောင်းနင်း ဖိစီးမှုပေါ့ရှင်'

'ဒီလိုပဲ ယူဆရမယ် ထင်ပါတယ်၊ မျှော်လင့်ချက်နဲ့ တကယ့်ဖြစ်ရပ်တွေဟာ ပြောင်းပြန်ချည်း ဖြစ်လာတတ်တာဟာလည်း သဘာဝတစ်ခုပါပဲ စီးမင်း'

'ဘာပဲဖြစ်ဖြစ် ကျွန်မတော့ မယုံနိုင်သေးဘူးရှင်'

မင်းရင်ကြွယ် မည်သို့မျှ ပြန်မပြောတော့ဘဲ ငြိမ်နေလိုက်တော့သည်။

စီးမင်းရှန်းက သက်ပြင်းရှိုက်ပြီး မေးလာပြန်သည်။

'ကျွန်မ မေးပါရစေ မင်း၊ သိုင်းလောကမှာ ကျိူ့ကုံးချွင်ကို အနိုင်တိုက်နိုင်တဲ့လူဟာ ဝန်ရင်မော် တစ်ယောက်ပဲ ရှိတယ်လို့ ကြားဖူးပါတယ်၊ ခုတော့ည. . .'

မင်းရင်ကြွယ်က ဖြတ်ပြောသည်။

'နှစ်ယောက် ရှိလာပြီလို့ ဆိုသင့်တာပေါ့ဗျာ'

'အင်း. . . သိုင်းလောကတစ်ခုလုံး တအံ့တဩ ဖြစ်သွားစေမယ့်ကိစ္စပဲ၊ မျက်မြင်မဟုတ်ရင်တော့ မယုံကြည်နိုင်စရာပဲ'

'စီးမင်း ကိုယ်တွေ့ပါပဲဗျာ'

'နေပါဦးရှင်. . . ရှင့်နာမည်ဟာ မင်းရင်ကြွယ် အစစ်ပဲလားရှင့်'



'အစစ်ပါ စီးမင်း၊ လူရယ်လို့ ဖြစ်လာကတည်းက မိဘတွေ ပေးထားတဲ့ နာမည်ပါ၊ မိဘနှစ်ပါးရဲ့ အမြတ်တနိုး ပေးတဲ့ချက်ကို ကျုပ်က ဘယ်လိုလုပ် ဖြုဖြင်ပြောင်းလဲပစ်ရဲမှာလဲ'

'ဒါဖြင့် ရှင့်နဂိုမျက်နှာကို ဘာဖြစ်လို့ မျက်နှာဖုံး တပ်ထားရတာလဲရှင်'

'ဟဲတဲ. . . ဒါက ရုပ်ဆိုးလွန်းလို့ပါဗျာ၊ ကျုပ်ရဲ့ အကျည်းတန် ရုပ်ဆိုးမှုကို မြင်ရင် လူတွေ ကြောက်သွားမှာ စိုးရိမ်လို့ပါ'

စီးမင်းသည် နှုတ်ခမ်းတလှုပ်လှုပ်နှင့် ငြိမ်သက်သွားတော့သည်။ လည်ချောင်းထဲမှ အန်ထွက်လာမည့် စကားလုံးများကို မျိုချနေရဟန်တူပါ၏။

အကျိုးနက်လှငယ် မော်လင်သည် အလွန်စိတ်ဝင်စားလာသဖြင့် ရှေ့တိုးပြီး ပြောတော့သည်။

'သူရဲကောင်းမင်း၊ ကျွန်တော် ခင်ဗျားမျက်နှာကို ကြည့်ပါရစေလား'

'မိတ်ဆွေလေးကလဲဗျာ၊ ဘာဖြစ်လို့ ဒီလို တောင်းဆိုလိုက်ရတာလဲ၊ ကျုပ်တောင် မှန်ကြည့်ရဲတာ မဟုတ်ဘူးဗျ'

'ကျွန်တော် မကြောက်တတ်ပါဘူး မင်း'

မင်းရင်ကြွယ် တွေဝေငေးမောနေစဉ်မှာပင် စီးမင်းရှန်းက ဝင်ပြောလာသည်။

'ဟင်းဟင်း. . . သူရဲကောင်းမင်းရဲ့ မိတ်ဆွေဖွဲ့မှုဟာ ရိုးလင်းမှု မရှိပါလားရှင်၊ မိတ်ရင်းဆွေရင်းဆိုတာ တစ်ယောက်ကိုတစ်ယောက် ပကတိအတိုင်း သိမြင်ထားဖို့ လိုအပ်ပါတယ် မင်း'

www.burmeseclassic.com



မင်းရင်ကြွယ်သည် ထိုစကားကို မည်သို့ရှောင်တိမ်းရမှန်း မသိအောင် ဖြစ်သွားသည်။

စင်စစ် စီးမင်းရှန်းသည် မင်းရင်ကြွယ်၏ ပကတိ မျက်နှာကို မော်လင်ထက် ပို၍ ကြည့်မြင်နေလိုသူတည်း။

မင်းရင်ကြွယ် မတတ်သာတော့ပေ။

ထို့ကြောင့်. . .

'ဒီလောက်တောင် တောင်းဆိုနေမှတော့ ဖုံးကွယ်နေစရာ အကြောင်းမရှိတော့ပါဘူး'

မင်းရင်ကြွယ်သည် စကားဆုံးသည်နှင့် မျက်နှာတု မျက်နှာ ဖုံးစွပ်ကို ချွတ်ခွာချလိုက်တော့သည်။

◀◀ ▶▶



## အခန်း (၄၄)

## စောင့်နေသော ညှို့သည်သစ်

ဃွင့်ယန့်ဖေးသည် မျက်လုံးပြူးပြီး ငေးနေမိတော့သည်။ ချန်ချင်းယင်းသည် နဖူးကြောများ ရှုံ့သွားပြီး မျက်မှောင်ကြုတ်နေမိတော့သည်။ စီးမင်းရှန်းသည် အံ့ဩနေသော်လည်း သံသယ ဖြစ်နေသေးသည်။

မော်လင်တား တဟားဟား အော်ရယ်နေတော့သည်။

'ဟားဟား. . . သူ့ရဲ့ကောင်းမင်၊ တော်တော် အပြော ကောင်းတာကိုး၊ ကျွန်တော့်အဖို့တော့ ကြောက်စရာမျက်နှာ မဟုတ် ပါဘူးဗျာ၊ တကယ်ပါ တကယ်ပါ၊ ကျွန်တော် လုံးလုံး မကြောက် ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



မှန်သည်။ မင်းရင်ကြွယ်၏မျက်နှာသည် တစ္ဆေသရဲလို ကြောက်စရာ ကောင်းသောမျက်နှာမဟုတ်ပေ။ မျက်ခုံးပေါ်တွင် ဒေါင်လိုက်တည်ရှိနေသည့် အမာရွတ် တစ်ခုသာရှိသည်။

မင်းရင်ကြွယ်က. . .

'ကျုပ်ကတော့ ကျုပ်မျက်နှာကို သေသေချာချာ မကြည့်ဖူး တာ အမှန်ပဲဗျ'

ဆိုပြီး မျက်နှာဖုံးစွပ်ကို ပြန်တပ်လိုက်သည်။ သူ့မျက်နှာကို ကြာကြာ အကြည့်မခံလိုသည့်သဘောမှင်။ ထို့နောက်. . .

'မိတ်ဆွေဖွဲ့မှုလည်း ပြီးစီးသွားပါပြီ၊ ပြောစရာတွေလည်း တော်တော်ပြောပြီးကြပါပြီ၊ ကျုပ်မှာ အချိန်လုပြီး ဆောင်ရွက်စရာ တွေ ရှိနေပါသေးတယ်၊ ဒါကြောင့် အားလုံးကို နှုတ်ဆက်ပါတယ် ကျုပ်ကို ခွင့်ပြုကြပါတော့'

'မင်း ခင်ဗျား တကယ် ထွက်ခွာတော့မှာလား'

မော်လင်က မေးသည်။ မင်းရင်ကြွယ်က-

'တကယ်ပါ မော်လင်၊ ကျုပ်မှာ ကိစ္စလေးတွေ ရှိနေသေး လို့ပါ'

'ကျွန်တော်တို့နဲ့ ဇီးမနီးချောင်ကို မလိုက်တော့ဘူးလား မင်း'

'လောလောဆယ်တော့ မလိုက်နိုင်သေးဘူး မော်လင်'

'ဒါဖြင့် ခင်ဗျား ဘယ်ကို သွားမှာလဲ'

'သိုင်းလောကရဲ့ တစ်နေရာလို့ပဲ ပြောပါရစေ မော်လင် သိုင်းလောကသားတစ်ယောက်ရဲ့ ရပ်တည်ရာဟာ သိုင်းလောက



ပါပဲ။ ဒီနေ့ဒီနေရာမှာ ရှိနေပေမယ့် နောက်တစ်နေ့ကျရင် အဝေး တစ်နေရာကို ရောက်နေတတ်တာပါ မော်လင်၊ လေလွင့်နေတဲ့ မြေသလုံးအိမ်တိုင် သဘောပေါ့ဗျာ'

'ဒါတော့ဗျာ'

မော်လင် ဘာပြောရမှန်း မသိတော့ပေ။ တာဇင်အတွင်း သံယောဇဉ် ကြီးလာမိသဖြင့် ဝမ်းနည်းနေမိလေသည်။ ထိုစဉ် စီးမင်ရှန်းက တုန်ယင်သောအသံနှင့် ပြောလာသည်။

'ညဉ့်လည်း နက်ပါပြီရှင်၊ ဒီညတော့ ဒီမှာပဲ အနားယူလိုက် ပါလား မင်း'

'မဖြစ်လို့ပါ စီးမင်၊ ကျုပ်မှာ အချိန်လုလုပ်ရမယ့်ကိစ္စတွေ ရှိနေလို့ပါ'

'ဒီလိုဆိုလည်း ဖွတ်မတားတော့ပါဘူး မင်း'

'ကျေးဇူးတင်ပါတယ်ဗျာ၊ ဟိုအဘိုးကြီးနဲ့ ပတ်သက်ပြီး စီးမင် အခက်အခဲ မရှိစေရပါဘူး။ မကြာခင်မှာ အဲဒီပြဿနာကို ကျုပ် ရှင်းလင်းနိုင်ပါလိမ့်မယ်'

မင်းရင်ကြွယ်သည် ချန်ချွန်းယင်းကို လှမ်းကြည့်ပြီး ဆက် ပြောပြန်သည်။

'မိတ်ဆွေကြီး၊ ချောင်ထန်းရဲတိုက်သားတွေ အတိုက်ခံရတဲ့ ကိစ္စမှန်သမျှကို ကျုပ် ဖော်ထုတ်ပေးပါမယ်'

ထို့နောက် စီးမင်ရှန်းကို လှမ်းပြောပြန်သည်။

'စီးမင်၊ ခင်ဗျားမှာ တခြားကိစ္စ မရှိတော့ဘူးဆိုရင် တစ်ရက်ကြိုပြီး ပြန်စေချင်ပါတယ်၊ အကြောင်းကတော့ ပြဿနာ

www.burmeseclassic.com

www.burmeseclassic.com



ထပ်မဖြစ်စေချင်လို့ပါပဲ'

စီးမင်ရှန်း. . .

'ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မအတွက် အလုပ်ထစ်ခု ဆက်သာသွားတာပေါ့။ အားလပ်ရင်တော့ ကျွန်မတို့ဆီ အလည်လာခဲ့ပါဦးရှင်၊ ကျွန်မ သခင်လေး မော်လင်နဲ့အတူ စောင့်မျှော်နေပါ့မယ်'

'ဟုတ်ကဲ့ လာဖြစ်အောင် လာခဲ့ပါ့မယ် စီးမင်၊ ခုလို ဖိတ်ခေါ်တဲ့အတွက် လှိုက်လှိုက်လှဲလှဲ ဝမ်းသာပါတယ်'

မင်ရင်ကြွယ်သည် စကားဆုံးသည်နှင့် ဂါရဝပြုပြီး နှုတ်ဆက်သည်။

'ကဲ. . . ကျုပ် သွားလိုက်ပါဦးမယ်၊ အစစအရာရာ ဂရုစိုက်ပြီး သတိရှိကြပါလို့ သတိပေးခဲ့ပါတယ်'

မင်ရင်ကြွယ်သည် အားလုံးကို လိုက်ကြည့်ပြီး ပြုံးပြသည်။ ထို့နောက် ရပ်နေရာမှ ဖျတ်ခနဲ လှည့်ထွက်သွားတော့ သည်။

စီးမင်ရှန်းနှင့် မော်လင်တို့သည် မည်သို့ ပြန်နှုတ်ဆက်ရမှန်း မသိသကဲ့သို့ ကြောင်ငေးနေကြသည်။

စီးမင်ရှန်း၏မျက်လုံးအိမ်ထဲတွင် မင်ရင်ကြွယ်၏ ယောက်ျားပီသသော ကိုယ်ဟန်အနေအထားနှင့် အမူအရာများသည် စွဲမြဲနေတော့သည်။

မင်ရင်ကြွယ် လမ်းပေါ်ရောက်ရှိသွားသောအခါမှ 'သွားတော့ မင် သွားတော့၊ ကျွန်မ လိုက်မပို့နိုင်တာ ခွင့်လွှတ်ပါ' ဟု ရေရွတ်လိုက်သည်။



ထိုအချိန်၌ မင်ရင်ကြွယ်၏ အရိပ်အရောင်ကို လုံးဝ တွေ့ရတော့ချေ။ သို့သော် မင်ရင်ကြွယ်၏ ပြန်ပြောသံကား လထဲမှ ပြန့်လွင့်လာလေသည်။

'လိုက်ဖို့ မလိုပါဘူး စီးမင်၊ စီးမင်ကော သခင်လေး ာ်လင်ပါ အရာရာကို ဂရုစိုက်ကြပါ။ သိုင်းလောကမှာပဲ ပြန်ဆုံကြ ယ်ဗျာ၊ သွားပြီ. . . သွားပြီ'

အသံသည် ဆို့နင့်ကြေကွဲသောအသံများသာတည်း။

အံ့ဩဖို့ ကောင်းသည်။

သူတို့သည် ညခင်းဆည်းဆာအချိန်က ဖြူစင်သော ရန်ဘက်ကြီးများအဖြစ် တွေ့ဆုံခဲ့ကြသည်။

ယခုမူ တာလရှည်စွာ သံယောဇဉ်ကြီးခဲ့သူများ၊ ရပ် ရက် ခွဲခွာကြရသကဲ့သို့ သည်းလှိုက်ဆူဝေ ခံစားကြရလေပြီ ည်း။

စီမင်ရှန်း တွေးမိပြန်တော့သည်။

မင်ရင်ကြွယ်သည် အရေးကြီးကိစ္စနှင့် ရောက်လာသူ ်သည်။

၎င်းကား ဝန်ရင်မော်နှင့် ပတ်သက်နေသောကြောင့် ည်း။ ထို့ကြောင့် မိမိကို လွယ်လင့်တကူ ယုံကြည်လိမ့်မည် တ်ပါ။

သို့သော် ယခုခဏ၌ မင်သည် မိမိကို ယုံကြည်သွား ပြီ။

ကျို့အိမ်တို မိးရှိ့သူမဟုတ် ဟူ၍လည်း ယုံကြည်သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



မည်သို့သောအကြောင်းကြောင့် ဤသို့ ယုံကြည်သွားလေသနည်း။

တစ်စုံတစ်ယောက်ကသာ မေးမြန်းလာပါက ဖြေရှင်းမပြ
တတ်သည့် ပြဿနာတည်း။

ဖြစ်နိုင်ချက်များစွာတို့ အနက် ရေခဲသူဇာ လှုထိပ်ခေါ
စီးမင်းရှုန်း၏ ချောမောမွန်ရည်မှု မော်လင်၏ ရိုးသားဖြောင့် မတ်
လက်ရှစ်ဘက် ချန်ချွန်းယင်းနှင့် ပိန့်လျှန်တျူ၊ ယွင်ယန့် ဖေးတို့
မဆိုးရွားလှသော အပြုအမူတို့သည် အချက်တစ်ချက် ဖြစ်
လိမ့်မည် ထင်သည်။

စီးမင်းရှုန်းသည် အဝေးကို ငေးပြီး တွေဝေနေဆဲပင်။

မင်ရင်ကြွယ်၏ သဲ့သဲ့အသံသည် နှလုံးသားသို့တိုင် စူး
သွားသည်။

ဖော်ပြမစွမ်းသော ခံစားမှုမျိုးကိုပင် ခံစားနေရသည်

မော်လင်လည်း ထို့အတူ။

မော်လင်သည် အမှောင်ထုကြီးကို ငေးမောကြည့်နေရ
သက်ပြင်းချလိုက်သည်။

မိမိမြတ်နိုးလှသောအရာတစ်ခု ပျောက်ဆုံးသွားသ
ခံစားနေရသည်။အားရပါးရ နှုတ်ခွန်းဆက်လိုက်ချင်သော်လ
မင်ရင် ကြွယ်သည် ပျောက်ကွယ်သွားပေပြီ။

သို့တိုင် လက်တစ်ဘက်ကို ကယောင်ကတမ်း မြှော
တင်ပြီး ငေ့ယမ်းပြသနေမိသေးသည်။

ထိုစဉ် ပခုံးပေါ်သို့ နွေးထွေးသော လက်တစ်
ကျရောက်လာသည်။ တစ်ဆက်တည်းတွင် ချိုလွင်သောစကား



ကြားရသည်။

'မော်လင်၊ နင် သူ့ကို သံယောဇဉ် ဖြစ်နေပြီလား'

မော်လင်က သက်ပြင်းချပြီး တိုးတိုးပြောသည်။

'သူ့ရဲ့တောင်းမင်တာ ခင်မင်စရာကောင်းတဲ့ လူတစ်
ယောက်ပဲ၊ ဒီလူ့ကို ဘာဖြစ်လို့ ခင်မင်သွားသလဲဆိုတာ ကျွန်တော်
ပြောမပြတတ်ဘူး။ စိတ်အထင်ကတော့ ဒီလူ့မှာ သာမန်လူတွေ
ထက် ထူးခြားတဲ့ဆွဲဆောင်မှု ရှိသလိုပဲ၊ အထင်ကြီး လေးစားစိတ်က
ဖြစ်ပေါ်လာတဲ့ ခံစားမှုလို့ ဆိုရမယ်ထင်တယ် အဒေါ်ရှုန်း'

'အင်း. . . မော်လင်ပြောတာ ဟုတ်သလိုလိုပဲ'

'ဒီလူနဲ့ ကျွန်တော်ဟာ ရှေးရေစက်များ ရှိခဲ့လေသလား
မသိဘူး၊ လောလောဆယ် ဖြစ်ရပ်ကတော့ သစ္စာဘက်တော်သား
တစ်ယောက်ရဲ့ မေတ္တာဓာတ်လွှမ်းခြုံမှုလို့ ဆိုရလိမ့်မယ် ထင်ပါ
တယ်၊ နောက်တစ်ချက်က အလွန်လေးစားစရာကောင်းတဲ့ သူ့ရဲ
တောင်း လက္ခဏာတွေ ရှိနေတယ်ဗျ'

'ဟင်းဟင်း. . . မော်လင်ပြောတာ ဟုတ်ပါတယ်၊ သူ့ရဲ့
အရည်အချင်းတွေဟာ မော်လင်ပြောတာထက်တောင် ပိုနေသေး
တယ် ထင်ပါတယ်၊ သိုင်းပညာတော၊ ခံယူချက်တော၊ အတွင်းအကြံ
တော ဘက်စုံပြည့်စုံနေတယ် မော်လင်'

'ဟုတ်တယ် အဒေါ်ရှုန်း၊ သူ့မှာ ရုပ်ဆိုးတာလေးတစ်ခုပဲ
ပြောစရာရှိတယ်၊ ဒါပေမယ့် သိုင်းလောကမှာ အချောဆုံး၊ အခန့်
ဆုံးလို့ ကျော်ကြားနေတဲ့ သတ္တမသူ့ရဲတောင်း ကျို့တုံးချင်နဲ့
ယှဉ်ကြည့်ရင် မင့်မျက်နှာက ပိုပြီး ကြည့်ကောင်းတယ်လို့ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ထင်တယ် အဒေါ်ရှုန်း'

'ဟင်းဟင်း... ပြောရော့မယ် မော်လင်ရယ်၊ မင်းစကားတ မိန်းကလေးစကားသာဆို. .'

'အို. . . အဒေါ်ရှုန်းကလဲ'

'ဟင်း. . . ဟင်း နောက်တခါ မော်လင်ရယ်၊ ငါ့သဘော ကတော့ သူ့မျက်နှာကို မျက်နှာဖုံးစွပ်ထားဖို့ မလိုဘူး ထင်ပါတယ် နင် ဘယ်လိုမြင်သလဲ မော်လင်'

'ဟုတ်တယ် အဒေါ်ရှုန်း၊ ကျွန်တော်လည်း ဒီလိုပဲ မြင် တယ်၊ ဒါပေမယ့်. . .'

မော်လင်သည် စကားကို ဆုံးအောင်မပြောဘဲ ရပ် လိုက်သည်။

'ငါ တစ်ခုစဉ်းစားမိတယ်၊ သူ့မှာ လျှို့ဝှက်ချက်တွေ ရှိ တယ်ထင်တယ်၊ တကယ်တန်းကျတော့ အကဲခတ်လို့ မလွယ် လူစားမျိုးပဲ၊ ဘာပဲဖြစ်ဖြစ်လေ သူ ဇီးပန်းချောင်ကို အလည်လာ မှာပဲ'

'ဟောဗျာ၊ အဲဒါမှ ဒုက္ခ. . .'

'ဘာဖြစ်တာလဲ မော်လင်ရဲ့'

'မင့်ဆို ဇီးပန်းချောင် ဘယ်မှာရှိတယ်ဆိုတာ ပြောမပြ လိုက်လို့ပေါ့၊ သူက ဘယ်လို လိုက်ရှာနိုင်ပါ့မလဲ'

'ဟုတ်ပါရဲ့ဟယ်၊ ငါလဲ ပြောမပြလိုက်မိဘူး'

'ကဲ. . . ပြောနေကြာတယ်၊ ကျွန်တော် သူနောက် လိုက် သွားဦးမယ်'



မော်လင်က စကားဆုံးသည်နှင့် ပြေးထွက်ရန် ဟန်ပြင်သည်။ သို့သော် စီးမင်ရှုန်းက သူ့လက်ကို လှမ်းဆွဲပြီး တားထားလိုက်သည်။

'ဆန္ဒမစောနဲ့ မော်လင်၊ နင့် ကိုယ်ဖော့ပညာနဲ့ သူ့နောက် ဘယ်လို လိုက်နိုင်မှာလဲ၊ သူ့ခြေထောက်က မြင်းထက်တောင်မြန်တဲ့ ခြေထောက် သိရဲ့လား'

မော်လင်သည် ခုမှ အခြေအနေကို သဘောပေါက်လာသည်။

'ဟုတ်သားပဲ၊ သူ့ကိုယ်ဖော့ပညာက ကြောက်စရာကောင်းလောက်အောင် ကောင်းတဲ့ပညာပဲ၊ သေပစ်လိုက်ဖို့ကောင်းတယ် အဒေါ်ရှုမ်းရာ၊ သူ့ကို တွေ့ချင်ရင်တောင် ဘယ်ကိုလိုက်ရှာရမှန်း မသိတော့ဘူး'

မော်လင်က တလေးစိတ် မပျောက်သေးဟန်နှင့် ခြေဆောင့်ပြီး ပြောသည်။ စီးမင်ရှုန်းပင် ပြုံးစေ့စေ့ဖြစ်သွားသည်။

အတန်ကြာမှ. , .

'စိတ်မရှိပါဘူး မော်လင်ရယ်၊ သူ ပြောသွားသားပဲ၊ တစ်နေ့ကျရင် သိုင်းလောကမှာ ပြန်ဆုံကြမယ်တဲ့၊ တစ်နေ့ကျရင် သူပြောသလို သိုင်းလောကမှာ ပြန်ဆုံကြမှာပါ'

'မဆုံကြရင်ကောဗျာ'

'မဆုံစရာ အကြောင်းမရှိပါဘူး မော်လင်၊ သူလိုလူမျိုးဟာ စုံစမ်းရလွယ်တဲ့လူမျိုးပါ၊ ရှာမတွေ့နိုင်တဲ့လူမျိုး မဟုတ်ပါဘူး'

'ဟုတ်သားပဲ၊ ဒီအချက်ကို ကျွန်တော် မေ့သွားတယ်'

www.burmeseclassic.com

www.burmeseclassic.com



ခုမှ နှစ်ယောက်စလုံး ပြုံးရယ်လာနိုင်ကြတော့သည်။

ထိုအချိန်မှာပင် ချန်ချွန်ယင်းက ရှေ့ကို ရောက်လာပြီး ဝါရဝမြုသည်။ထို့နောက် . . .

'သိစ်ညဥ့်နက်နေပြီ သခင်မလေး၊ အဆောင်ပြန်ပြီး အနားယူဖို့ အချိန်တန်ပါပြီ'

စီးမင်ရှန်းမျက်နှာ ရဲခနဲဖြစ်သွားသည်။

မင်ရင်ကြယ်ကိစ္စကို စိတ်ဝင်စားနေသဖြင့် ဘက်တော်သားတို့ကိုပင် မေ့နေမိသည်။ချန်ချွန်ယင်းစကားကြောင့် ရှက်ကိုးရှက်ကန်း ပြုံးလိုက်မိတော့သည်။

'ဟုတ်သားပဲ၊ ကဲ. . . အားလုံး အဆောင်ပြန်ဖို့ ဆော်ဩလိုက်ပါ ချန်'

ချန်ချွန်ယင်းက 'ကောင်းပါပြီ သခင်မလေး' ဟု ဆိုပြီး ယွင်ယန့်ဖေးကို လက်မြှောက်ပြလိုက်သည်။

ထို့နောက် မကြာမီမှာပင် ယွင်ယန့်ဖေး ဦးဆောင်သည့် မီးခိုးပြာဝတ်များ ထွက်ခွာသွားကြတော့သည်။

စီးမင်ရှန်း၊ မော်လင်၊ ချန်ချွန်းယင်းနှင့် ခရမ်းရောင်အတိုဝတ်နှစ်ယောက်သည် နောက်ဆုံးမှ လိုက်လာခဲ့ကြသည်။

အားလုံးသည် လာလမ်းအတိုင်း ပြန်လာခဲ့ကြသည်။

*မော်လင်သည် လမ်းလျှောက်နေရင်း စီးမင်ရှန်းအနီးသို့ တိုးကပ်လာပြီး တိုးတိုးလေးပြောသည်။

'အဒေါ်ရှန်း၊ ကျွန်တော့်ရင်ထဲမှာ သိချင်စိတ်ကို မျိုသိပ်ထားရတဲ့ ပြဿနာတွေ ရှိနေတယ်ဗျ။ မေးလို့ရမလား'



'ဘာပြဿနာလဲ မော်လင်'

စီးမင်ရှန်းက မျက်လုံးဝင့်ပြီး မေးသည်။မော်လင်က. . .

'မေးလို့ ရမရ ပြောပါဦး အဒေါ်ရှန်းရဲ့'

'ရပါတယ်၊ မေးပါ'

'တကယ်လား အဒေါ်ရှန်းရဲ့၊ သဘောမကျရင် စိတ်မဆိုးရဘူးနော်'

'မဆိုးပါဘူး မော်လင်ရယ်၊ ပြောမှာသာ ပြောစမ်းပါ'

မော်လင် သက်ပြင်းချနေပြန်သည်။

သူ ဘာသာသူ ပြောရကောင်းနိုး မပြောရကောင်းနိုး ဖြစ်နေပြန်သည်။

အတန်ကြာမှ. . .

'ကျွန်တော့်တစ်သက်မှာ အဒေါ်ရှန်း ခုတစ်ခါလောက် ဆတ်ဆဲရေးတောင်းတာ မတွေ့မိသေးဘူး၊ အဲဒါ. . . အဲဒါ'

မော်လင့်အသံ တိမ်ဝင်သွားသည်။

စီးမင်ရှန်း သဘောပေါက်ပြီး ရှက်သွေးတက်လာသည်။ မောလင့်ကိုပင် မကြည့်ရဲတော့ဟန်နှင့် ထစ်ထစ်ငေါ့ငေါ့ ပြောလာသည်။

'မင်းစတားတာလဲ. . ဘာမှန်းလဲ မသိဘူး'

လူကောင်းသူတောင်းတစ်ယောက်မို့ အနေရအထိုင်ရခက်နေလေပြီ။

ထို့ကြောင့်. .

'ဟုတ်ပါတယ်၊ မင်ဟာ လူကောင်းတစ်ယောက်ပါ၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အဒေါ်ရှန်း အလျင်က ပြောခဲ့တာတွေကို သတိရလာလို့ပါ။ သိုင်းလောကမှာ လူကောင်းသူတောင်းတွေ မရှိသလောက်ရှားတယ်ဆို'

'အို. . .ငါပြောတာက အားလုံး လူဆိုးတွေလို့ ပြောခဲ့တာ မဟုတ်ပါဘူး'

'ဟုတ်ပါတယ် အဒေါ်ရှန်း မပြောခဲ့ပါဘူး၊ ဒါပေမယ့် သိုင်းလောကသားတွေကို ခုလိုတော့. . .'

'တော်တော့ မော်လင် တော်တော့၊ နင့်စကားတွေက'

'ဒေါပွမနေပါနဲ့ဗျာ၊ ခင်ဗျား သူတို့. . .'

စကားလုံးများသည် လည်ချောင်းထဲတွင်သာ ပျောက်ကွယ်သွားသည်။ မျက်လုံးများကမူ အဒေါ်ရှန်း၏မျက်နှာကိုသာ အကဲခတ် နေမိသည်။

စီးမင်ရှန်းသည် မော်လင် ငြိမ်နေလိုက်တာမှ ဒေါနှင့်မောနှင့် ပြောလာသည်။

'အရင်တုန်းကလူဆိုးတွေလို့ ပြောခဲ့တာဟာ အဲဒီလူတွေကို မုန်းလို့ပဲ မော်လင်၊ သိရဲ့လား၊ မုန်းလို့မုန်းလို့'

'ဟဲဟဲ. . .အဒေါ်ရှန်းက ဒီလူ့ကိုတော့ မမုန်းဘူးပေါ့၊ ဟုတ်လား၊ ဟဲဟဲ'

• 'နင် ဘာတွေ လျှောက်မေးနေတာလဲ မော်လင်၊သူတို့ကို ကူညီခဲ့တာ မော်လင်ရဲ့၊ တို့အားလုံးရဲ့ အသက်ကို ကယ်တင်ကူညီခဲ့တဲ့လူ၊ နင်တောင် သူတို့ သံယောဇဉ်ဖြစ်ပြီး လိုက်ခေါ်မယ် တကဲကဲလုပ်နေသေးတာပဲ၊ အဲဒါကျတော့ကော'



'အင်း. . .ဟုတ်သားပဲ'

မော်လင်သည် ခုမှ သဘောပေါက်သလို ဖြစ်လာပြန်သည်။ သို့သော် စီးမင်ရှန်း၏ ရင်တွင်းခံစားမှုကိုကား သဘောပေါက်လိမ့်မည် မဟုတ်ချေ။

သူတို့သည် စကားတပြောပြော လျှောက်လာခဲ့ကြရာမှ မုလတည်းခိုရာဟိုတယ်သို့ ပြန်ရောက်လာကြသည်။

ဟိုတယ်ပေါ် တက်မိသည်နှင့် ဟိုတယ်မန်နေဂျာနှင့် စားပွဲထိုးတို့သည် ထူးထူးခြားခြား ကြောက်ရွံ့ရိုသေဟန် ပြလာကြသည်။ သူတို့သတင်းသည် တစ်ခဏအတွင်း တစ်မြို့လုံး ပျံ့နှံ့သွားဟန်တူသည်။ အားလုံးသည် ခေါင်းငုံ့ခါးကိုင်းပြီး မကြည့်ရဲလောက်အောင် ရိုသေနေကြလေပြီ။

စီးမင်ရှန်းသည် သူတို့၏ အလေးအမြတ်ပြုမှုကို လိုက်လျောစွာ တုံ့ပြန်ပြီး နှုတ်ဆက်သည်။ထို့နောက် သီးသန့် တည်းခိုရာ အနောက်ဆောင်သို့ လျှောက်ဝင်ခဲ့သည်။

---

ရုတ်တရက် စီးမင်ရှန်းသည် လှမ်းလက်စ ခြေလှမ်းများကို တုံ့ခနဲ ရပ်ပစ်လိုက်သည်။ အကြောင်းမူ တောင်ဘက်အခန်းထဲမှ လင်းထိန်နေသော အလင်းရောင်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

ထိုပြင် ထိုအဆောင်ခန်း တံခါးဝရှေ့၌ ထစ်ဘက်တွင် ချိတ်စိ ရပ်နေသည့် မီးခိုးပြာဝတ် လေးယောက်ကို တွေ့နေရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မီးခိုးပြာဝတ်များသည် စီးမင်းရှန်းကို မြင်လိုက်သည်နှင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

ထိုစဉ် ရေထားသောခန်းတံခါး ပွင့်လာသည်။ တပြိုင်နက်တည်းတွင် ကြေးဝါရောင်အကျီများဝတ်ထားသည့် အဘိုးအိုနှစ်ယောက် ပေါ်ထွက်လာသည်။ တစ်ယောက်သည် ပိန်ပိန်အဘိုးအိုဖြစ်ပြီး တစ်ယောက်သည် ဝဝအဘိုးအိုဖြစ်သည်။ နှစ်ယောက်စလုံး အသက်ခုနစ်ဆယ်ကျော်ချည်းဖြစ်သည်။ ဝဝ အဘိုးအိုသည် မျက်နှာဝိုင်းပြီး မျက်ခုံးရှည်သည်။ မျက်ဝေါက်ကျဉ်းသော်လည်း မျက်လုံးအရောင် တောက်ပြောင်သည်။

ပိန်ပိန် အဘိုးအိုကား မျက်နှာ သွယ်သည်၊ မျက်ခုံးတိုပြီး တောက်ပသည်။ နှစ်ယောက်စလုံးသည် ဘာကို သဘောကျနေသည်မသိ။ တဟဲဟဲ ရယ်နေကြသည်။ သူတို့နောက်တွင်မူ အသက် ၅၀ ခန့် လူကြီးရှစ်ယောက် ရပ်နေကြသည်။

အားလုံး အဝါရောင်အကျီများ ဆင်တူ ဝတ်ထားသည်။ သူတို့ ရပ်နေပုံကို ကြည့်ရသည်နှင့် အတွင်းအား ကောင်းသူများ၊ ဘိုင်းပညာအဆင့်မြင့်သူများသာ ဖြစ်ကြောင်း သိသာသည်။

စီးမင်းရှန်းသည် ကြောင်ငေးနေရာမှ ဝမ်းမြောက်ဝမ်းသာ ဖြစ်လာသည်။

'ဟော. . . အဘိုးပိန်နဲ့ အဘိုးဝတို့ပါလား၊ အဘိုးပိန်. . . အဘိုးဝ'

မော်လင်သည် အော်ရင်းဟစ်ရင်း အခန်းထဲသို့ ပြေးသွားသည်။



'ဟော. . . သခင်လေးပါလား'

အဘိုးအိုနှစ်ယောက်က ဝမ်းသာအားရ ရေရွတ်ပြီး ဂါရဝပြုသည်။ နှုတ်ဆက်သည်။

'သခင်လေးဟာ သခင်လေးပဲကွ၊ တို့ဂိုဏ်းမှာ ဂိုဏ်းချုပ်ကြီးကလွဲရင် သခင်လေးဟာ ရာထူးအကြီးဆုံးပဲ၊ ဒါကြောင့် ဘယ်သူမဆို လေးစားရမယ်၊ ငယ်တာငယ်တာ တစ်ပိုင်းပဲ၊ ဒါပေမယ့် ငါတို့တာ သခင်လေးရဲ့ ငယ်သားလည်း ငယ်သား၊ ဆရာအဘိုးလည်း ဆရာအဘိုး၊ ဟုတ်တယ်မို့လားကွ. . . ဟားဟားဟား'

မော်လင်က ရယ်ကျဲကျဲလုပ်ပြီး လျှာထုတ်ပြသည်။

ထို့နောက်. . .

'မြေးတလဲ အဘိုးတို့ကို ကန်တော့ပါတယ်' ဟုပြောပြီး ရှိခိုးသည်။

'တော်ပြီ. . . တော်ပြီ၊ လာဦး. . . လာဦး'

ဝဝအဘိုးအိုသည် မော်လင် ရှိခိုးကန်တော့သည်ကိုပင် ပြီးအောင်မစောင့်ဘဲ လက်အုပ်ချီထားသောလက်ကို ဖမ်းဆွဲလိုက်တော့သည်။

'အဘိုးဝကလဲ ဆုံးအောင်တောင် မကန်တော့ရပါလားဗျ၊ ကျွန်တော်က အလိုလိုက်လွန်းရင် ကဲတတ်တယ်နော်'

အဘိုးအိုနှစ်ယောက်စလုံး တဟဲဟဲဖြစ်သွားသည်။

'ဒီကောင် ခုထိ ကလေးစိတ် မပျောက်သေးဘဲကိုး၊ လူပျိုဖြင့် မိန်းမယူမယ့်အရွယ် ရောက်နေပြီ'

'ဟုတ်တယ်၊ ဒီအရွယ်က မိန်းမယူရင် ကလေးတွေ

www.burmeseclassic.com

www.burmeseclassic.com



တစ်လှေကြီး ဖြစ်တတ်တဲ့ အရွယ်ကွ. . . ဟားဟား'

အဘိုးကြီးနှစ်ယောက်၏ ကျီစယ်စကားကြောင့် မော်လင်မျက်နှာကြီး နီရဲသွားသည်။

'အဘိုးတို့ကလဲဗျာ၊ ပေါက်ကရ ပြောရောမယ်၊ ဟဲဟဲ'

'အဲဒါ မိန်းမယူချင်လို့ သွားဖြပြတာကွ ဟားဟားဟား'

အဘိုးဝိန်စကားကြောင့် အားလုံး တဟားဟား ဖြစ်သွားသည်။ထို့နောက်. . .

အဘိုးဝိန်က စကားဆက်ပြောသည်။

'ငါ့မြေးနဲ့ မတွေ့တာ လေးငါးဆယ်ရက်လောက်ပဲ ရှိသေးတယ်၊ ပိန်သွားလိုက်တာကွာ၊ အသားတောင် အတော်မည်းသွားတယ်'

'ဟုတ်တယ်အဘိုး၊ ကျွန်တော် နည်းနည်းချောင်ကျ သွားတယ်'

ထို့နောက် အားလုံး စကားပြတ်သွားကြသည်။

စီးမင်ရှန်းသည် အားလုံး နေသားတကျဖြစ်လာမှ အဘိုးအိုနှစ်ယောက်ကို ဂါရဝပြုပြီး နှုတ်ဆက်သည်။

'နာယကကြီးတို့ ကျန်းမာကြပါတယ်နော်၊ ကျွန်မ ဂါရဝတရား ရှေ့ထားပြီး နှုတ်ခွန်းဆက်ပါတယ်'

အဘိုးအိုနှစ်ယောက်က ဖြိုင်တူ ခေါင်းညိတ်ပြသည်။

ထို့နောက် အဘိုးဝတ. . .

'ညည်းလည်း တော်တော်ပင်ပန်းနေပြီ ထင်တယ်'

'ပင်ပန်းတယ် မဟုတ်ပါဘူး နာယကကြီး၊ ကျွန်မ တာဝန်ကျေပွန်ခဲ့လို့ ဂုဏ်အရှက်ရခဲ့တာကိုပဲ စိတ်မကောင်းဖြစ်လို့ ဆိုးပါဘူး'



အဘိုးဝတ. . .

'ဒါ ညည်းအပြစ် မဟုတ်ပါဘူးကွယ်၊ ကျိုးကိုးချင်ဆိုတဲ့ အကောင် သက်သက် ဒုက္ခပေးတာပါ'

'နာယကကြီးတို့ အပြစ်မယူတာကိုပဲ ဝမ်းသာလို့ မဆုံးပါဘူးရှင်'

ထိုအချိန်မှာပင် ချန်ချွန်ယင်း ရောက်လာသည်။

အဘိုးအိုနှစ်ယောက်ကို ဂါရဝပြု နှုတ်ဆက်သည်။

အဘိုးဖိန်က ခပ်တည်တည်လုပ်ပြီး ခေါင်းညိတ်ပြသည်။ အဘိုးဝတမူ လိုက်လှဲဖော်ရွေဟန်နှင့် ပြုံးပြုံးကြီး လုပ်ပြီးပြောသည်။

'မင်းလည်း တော်တော် ပင်ပန်းနေပြီထင်တယ်၊ ကဲကဲ. . . အခန်းထဲကျမှ အေးအေးဆေးဆေး ပြောကြဆိုကြ ရအောင်ကွာ'

အဘိုးဝသည် ပြောပြောဆိုဆို အခန်းထဲ လှည့်ဝင်သွားတော့သည်။

သခင်လေးမော်လင်လည်း နောက်မှ ကပ်လိုက်သွားသည်။

အကျိဝါရှစ်ယောက်က မော်လင်ကို ရိုရိုသေသေ ဂါရဝပြုကြသည်။

စီးမင်ရှန်းကိုကား ပြုံးရုံသာပြုံးပြပြီး နှုတ်ဆက်ကြသည်။

ထို့နောက် ချန်ချွန်းယင်း ဝင်လာသည်။

ချန်ချွန်းယင်းသည် အကျိဝါရှစ်ယောက်ကို ခါးညွှတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဂါရဝပြုသည်။

အကျီဝါရှစ်ယောက်က ခေါင်းညိတ်ပြီး နှုတ်ဆက်သည်။

အကျီဝါရှစ်ယောက်သည် ဂိုဏ်းစည်းကမ်းထိန်းမျာ

ဖြစ်လေသည်။

သူတို့၏ ရာထူးအဆင့်အတန်းသည် ဂျူနီယာကျောင်းဓ

ရာထူးအဆင့်အတန်းနှင့် ဩဇာအာဏာ တူညီကြသည်။

နယ်လှည့်စစ်ဆေးရေးမှူးချုပ် ရာထူးသည် သူတို့ထက်

တစ်ဆင့် နိမ့်သည်။ထို့ကြောင့်လည်း ဂါရဝပြုမှု မပြုမှုများ ကွဲပြာ

နေခြင်း ဖြစ်သည်။

အဘိုးဝနှင့် အဘိုးပိန်တို့သည် သခင်လေးမော်လင်ထ

အလယ်ခုံတွင်ထားပြီး ဘေးချင်းကပ် ထိုင်လိုက်ကြသည်။

အကျီဝါရှစ်ယောက်သည် သူတို့နောက်တွင် ယေ

ယောက်စီ ခွဲပြီး ရပ်နေကြသည်။

စီးမင်ရှန်းလည်း ထိုထိုင်ခုံများအနီးတွင်ပင် မတ်တတ်ရ

နေသည်။

သူ့နောက်တွင် ရပ်နေသူကား ချန်ချွန်းယင်းပင် ဖြ

သည်။

ထိုစဉ် မော်လင်က စီးမင်ရှန်းကို အတင်းထိုင်ခိုင်းသည်

'အဒေါ်ရှန်း ထိုင်လေဗျာ၊ ထိုင်ပါဗျ'

စီးမင်ရှန်းက မထိုင်သေးဘဲ ပြုံးပြသည်။

ဤတွင် အဘိုးဝကပါ လက်ယပ်ပြီး ထိုင်ခိုင်းလာသည်



'စီးမင်. . . ထိုင်ပါ. . ထိုင်ပါ၊ ညည်းကို ခွင့်ပြုပါတယ်'

စီးမင်ရှန်း မထိုင်သေးပါ။

တစ်စုံတရာ ပြောရန်သာ နှုတ်ခမ်းလှုပ်နေသည်။

အဘိုးပိန်က ဝင်ပြောတော့သည်။

'စီးမင်၊ ညည်းရဲ့ စည်းကမ်းလေးစားမှုဟာ လောလော

ဆယ် အခြေအနေနဲ့ မကိုက်ညီဘူး စီးမင်၊ ထိုင်ပါ-ထိုင်ပါ၊ မိန်း

ကလေးသာ မထိုင်ဘဲ ရပ်နေရင် မောဒီက မြေးသခင်လေးက

တို့ကို ဖြဲသနာရှာပြီး ဟောက်နေပါဦးမယ်တဲ့. . . ဟဲဟဲ'

'ဟာ. . . အဘိုးကလဲဗျာ၊ ပြောရော့မယ်'

မော်လင်က အဘိုးပိန်ကို ရှုမဲ့ပြီး ပြောသည်။

စီးမင်ရှန်း မနေသာတော့ပါ။သူတို့နှင့် မျက်နှာချင်းဆိုင်

ထိုင်ခုံတွင် ဝင်ထိုင်ရတော့သည်။

ထို့နောက် အလွန်လေးစားသော အမူအရာနှင့် စကား

စတော့သည်။

'အဘိုးတို့ ဇီးပန်းချောင်က ထွက်လာတဲ့ အကြောင်း

တွေစုတွေ သိပါရစေ အဘိုး'

အဘိုးဝက. .

'အိမ်း. . . ဒါနဲ့ မေးပါရစေဦး မိန်းကလေးရဲ့၊ ဗျပ်စောင်း

ဓားရှည် တာပေသမား အတုဖြစ်နေတာ ညည်း သိရဲ့လား'

'ဟုတ်ကဲ့၊ ဝိုဏ်းချုပ်ကြီး ကြွရောက်လာလို့ သိရှိပြီးပါပြီ'

'မှားနေပြီ မိန်းကလေးရဲ့၊ ညည်း သိပြီးတာက တစ်

ယောက်၊ ငါတို့သိတာက နောက်တစ်ယောက်'

www.burmeseclassic.com



အဘိုးဝက ခေါင်းယမ်းပြီး ပြောသည်။

စီးမင်းရှိန်း အလွန်အံ့အားသင့်သွားသည်။

'နောက်တစ်ယောက် ရှိသေးတယ်၊ ဟုတ်လား အဘိုးဝ'

'ဟုတ်တယ်၊ မိန်းကလေးတို့ ဖမ်းခဲ့တဲ့ ဖျပ်စောင်း ဓားရှည် စာပေသမားကတစ်ယောက်၊ ဂိုဏ်းချုပ်ကြီး ဖမ်းခဲ့တာက တစ်ယောက်'

'ဟင်. . ဂိုဏ်းချုပ် မေမေကြီးကလည်း ဖမ်းခဲ့သေးတယ် ဟုတ်လား၊ ဘယ်လိုဖြစ်ကုန်တာလဲ အဘိုးဝရဲ့'

သခင်လေးမော်လင်ကပါ တအံ့တဩ ဝင်မေးလာသည်။

အဘိုးဝက တဟဲဟဲရယ်ပြီး ပြောတော့သည်။

'ဂိုဏ်းချုပ်မေမေကြီးဟာ အမြော်အမြင်ကြီးတဲ့လူပဲ ကျိုးတုံးချွင်ကို ဒီလိုလုပ်လိမ့်မယ်ဆိုတာ ကြိုပြီး တွက်ထားပြီးသားပါ ဒါကြောင့်လည်း မိန်းကလေးတို့ ဖျပ်စောင်းဓားရှည် စာပေသမား တစ်ယောက်ကို ဖမ်းဆီးချိန်မှာပဲ ဂိုဏ်းချုပ်မေမေကြီးက တခြား တစ်ယောက်ကို ဖမ်းဆီးခဲ့တာပဲ၊ အဲဒီ ဖျပ်စောင်းဓားရှည် စာပေ သမားဟာ ကျိုးတုံးချွင် ဖွက်ထားတဲ့လူပဲ'

မော်လင်သည် မျက်ခုံးနှစ်ဘက် မြင့်တက်သွားသည်။

'ဒါကြောင့်မို့ ဂိုဏ်းချုပ်မေမေကြီးက ကျွန်တော်တို့ ဖမ်းထားတဲ့လူကို အတုလို့ သိနေတာကိုး'

'ဒါပေါ့၊ ကျိုးတုံးချွင် ဘယ်လောက်လည်လည် ဂိုဏ်းချုပ် ကြီးကိုတော့ လှည့်လို့ မရပါဘူး၊ ဒါပေမယ့်. . .'

ထိုစဉ် စီးမင်းရှိန်းက တစ်စုံတရာကို တွေးလိုက်မိသဖြင့်

---



မျက်နှာပျက်သွားသည်။ သို့သော် ချက်ချင်း ဣန္ဒြေဆည်လိုက်ပြီး အေးအေးဆေး ဆေး ပြောသည်။

'ကျိုးတုံးချွင်ဟာ တော်တော် လူလည်လုပ်ချင်တာကိုး'

'အေး. . . ကျိုးတုံးချွင်ဟာ တော်တော် လူလည်လုပ်တဲ့ သူပဲ၊ ဂိုဏ်းချုပ်ကြီးတလည်း သူဖမ်းလာတဲ့ ဖျပ်စောင်းဓားရှည် စာပေသမားကို လမ်းခုလပ်မှာပဲ သွေးကြောဖွင့်ပေးခဲ့တယ်၊ အဲဒီ နောက်တော့ သူ့မျက်နှာပေါ်က မျက်နှာဖုံးစွပ်ကို ခွာချလိုက်တယ်၊ အဲဒီတော့ အဲဒီလူဟာ ဖျပ်စောင်းဓားရှည် စာပေသမား မဟုတ် ဖြန်ဘူး'

'ဟင်. . . ဒါဖြင့် ဘယ်သူများလဲ'

စီးမင်းရှိန်း အလွန်အံ့ဩနေပြန်သည်။ အဘိုးဝက-

'အဘိုးအိုတစ်ယောက် ဖြစ်နေတယ်'

ထိုစကားကြောင့် စီးမင်းရှိန်းမျက်နှာ ဝင်းခနဲ ဖြစ်သွား သည်။

'အဲဒီအဘိုးအိုဟာ ဘယ်သူများလဲ အဘိုးဝရဲ့'

အဘိုးဝက ခေါင်းတိုသာ တွင်တွင်ယမ်းလိုက်သည်။

'အဲဒါတော့ ငါလည်း မသိဘူး၊ ဂိုဏ်းချုပ်ကြီးက ဘယ်သူ ဘယ်ဝါဆိုတာ ပြောပြမသွားဘူး၊ ဒါပေမယ့် ဂိုဏ်းချုပ်ကြီးက အဘိုးအိုကို အသေးစိတ် မေးမြန်းစစ်ဆေးခဲ့တယ် ဆိုတာကိုတော့ သိခဲ့ရတယ်'

'ဒါဖြင့် အဲဒီအဘိုးအိုရဲ့ ဇာစ်မြစ်က ဘယ်လိုလဲ'

'ကျိုးတုံးချွင်ရဲ့ လူတစ်ယောက်ပဲ'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီအဘိုးအိုက အဲဒီလို ဝန်ခံသလား'

'ဟုတ်တယ်၊ သူကိုယ်တိုင်ပြောခဲ့တဲ့စကားပဲ'

'ဒီလိုဆိုရင် ဖျပ်စောင်းမားရှည် စာပေသမားအစစ်ဟာ ကျို့ကုံးချင်လက်ထဲမှာပဲ ရှိနေဦးမှာပေါ့'

'ဟုတ်တယ်လေ၊ သူ့လက်ထဲမှာ ရှိနေမှာ သေချာတယ်၊ ဒါကြောင့်လည်း ဂိုဏ်းချုပ်ကြီး စိတ်ဆိုးခဲ့တာပေါ့၊ ဒီကိစ္စကြောင့် စည်းကမ်းထိန်းရှစ်နဲ့ တို့နှစ်ယောက်ကို အမြန်လွှတ်လိုက်တာပဲ၊ ညွှန်ကြားချက်ကတော့ မိန်းကလေးကို ကူညီပြီး ဖျပ်စောင်းမားရှည် စာပေသမားအစစ်ကို အရယူဖို့ပဲ'

စီးမင်ရှန်းသည် အခုမှ အကြီးအကျယ် စိတ်ရှုပ်သွားတော့၏။ ကျို့ကုံးချင် လို့လည်ကျပုံသည် အံ့ဩမကုန်နိုင်တော့ပေ။

ဖျပ်စောင်းမားရှည် စာပေသမားအတုကို ဘယ်နှစ်ယောက်များ ဖန်တီးထားလေပြီ မသိ။ သည်ကြားထဲ မျက်နှာဖုံးစွပ် အဘိုးအိုကိစ္စသည် ပိုပြီး ခေါင်းရှုပ်ဘွယ် ကောင်းနေပြန်တော့သည်။

သိုင်းလောက၏ အရှုပ်အထွေးသည် စဉ်းစားရ ကျပ်လှခြင်း။ စီးမင်ရှန်းသည် ငြိမ်ပြီး စဉ်းစားနေမိပြန်သည်။

အကယ်၍သာ မျက်နှာဖုံးစွပ် အဘိုးအိုသည် ကျို့ကုံးချင်နှင့် သက်ဆိုင်သူမဟုတ်ဟု သိရလျှင် မင်ရှင်ကြွယ်ခေါ် အဘိုးအို မျက်နှာဖုံးစွပ်ကို ဖျပ်စောင်းမားရှည် စာပေသမားအစစ်တု သူ ထင်မိပေလိမ့်မည်။ ယခုမူ ကြားရသောသတင်းစကားက ဤသို့ မဟုတ်ပြန်ချေ။

သေသေချာချာ စဉ်းစားမိသောအခါ မင်ရှင်ကြွယ်သည် ဝန်ရှင်မော် မဟုတ်နိုင်ပြန်ချေ။



အဘယ်ကြောင့်ဆိုသော် မင်ရှင်ကြွယ်သည် သိစိတ် ခိုင်ကန်သူ လူတော်တစ်ယောက်ဖြစ်နေပြီး ဝန်ရှင်မော်သည် သိစိတ် ချွတ်ယွင်းသူ ရူးသွပ်နေသူတစ်ဦးတည်း။

ကျို့ကုံးချင်သည် ဝန်ရှင်မော်၏ အရူးရောဂါကို ကုသနေသည်မှာ သိုင်းလောကတစ်ခုလုံး အသိပင်ဖြစ်သည်။

သို့တိုင် ဝန်ရှင်မော်၏ အရူးရောဂါသည် ပျောက်ကင်းခြင်း မရှိသေးချေ။ ဤအချက်များကို ထောက်ချင့်သော် မင်ရှင်ကြွယ်သည် ဝန်ရှင်မော် မဖြစ်နိုင်တော့ချေ။

အဘိုးဝ ပြောသကဲ့သို့ အဘိုးအိုမျက်နှာဖုံးစွပ်နှင့် မင်ရှင်ကြွယ်သည် ကျို့ကုံးချင်အသက်တော်သား အမှန်ဖြစ်နေပါက ဝန်ရှင်မော် ပို၍မဖြစ်နိုင်ပေ။ သည်အတိုင်းဆိုလျှင် ဖျပ်စောင်းမားရှည် စာပေသမား ဝန်ရှင်မော်အစစ်သည် ကျို့ကုံးချင်၏လက်ထဲတွင် ရှိနေပေလိမ့် မည်။

သို့သော် ကျို့ကုံးချင်သည် မေမုန်းချူ မီးသင့်သကဲ့သို့ ဝန်ရှင်မော်လည်း မီးထဲ ပါသွားဟန် ပြောခဲ့ဖူးသည်။

မင်ရှင်ကြွယ်ကလည်း ဝန်ရှင်မော် မီးထဲ ပါသွားပြီဟု ယူဆနေသည်။

အတိုချုံ့လိုက်လျှင် ကျို့ကုံးချင်သည် သိုင်းလောကသား တို့အား မျက်စိပိတ် နားပိတ် လုပ်နေသည်မှာ သေချာပေပြီ။

သို့စဉ်လျက် ကျို့အိမ်တော်ကြီး မီးလောင်သည့်ကိစ္စ ကား. . .

www.burmeseclassic.com

www.burmeseclassic.com



စီးမင်ရှန်းသည် တစ်ခေါင်းလုံး မူးဝေနောက်ကျိလာ
တော့သည်။

အချိန်သာ ကုန်သွားသည်၊ အဖြစ်မှန်ကို ဆုပ်ကိုင်၍ မရ
သေးပေ။

စိတ်ရှုပ်ရှုပ်နှင့် အဘိုးဝကိုသာ လှမ်းမေးမိတော့သည်။

'ဒါနဲ့ ကျို့အိမ်တော်ကြီး မီးလောင်တဲ့ကိစ္စကကော'

'အင်း. . . ဂိုဏ်းချုပ်ကြီးကတော့ မီးရှို့သူတွေကို သူ
ကိုယ်တိုင်မြင်တွေ့ခဲ့တာပဲ၊ ဒါပေမယ့် ဘယ်သူဘယ်ဝါမှန်း သေသေ
ချာချာ မသိခဲ့ဘူး'

'ဘာဖြစ်လို့လဲ အဘိုးဝရဲ့'

'မီးရှို့တဲ့လူတွေက မျက်နှာဖုံးစွပ်တွေ စွပ်ထားလို့
အဲဒါက ဂိုဏ်းချုပ်ကြီး ကျို့အိမ်တော်ကို ရောက်ရောက်ချင်း
မြင်တွေ့ခဲ့ရတာ၊ မျက်နှာဖုံးစွပ်နှစ်ယောက်လည်း ဂိုဏ်းချုပ်ကြီး
ကိုမြင်တာနဲ့ အတင်းထွက်ပြေးခဲ့သတဲ့၊ ဒါပေမယ့် မျက်နှာဖုံးစွပ်
တစ်ယောက်ကိုတော့ ဂိုဏ်းချုပ်ကြီး ဖမ်းနိုင်ခဲ့ပါတယ်၊ ဂိုဏ်းချုပ်
ကြီးလည်း ဒေါသထွက်ထွက်နဲ့ အဲဒီလူကို မီးထဲပစ်ထည့်လိုက်သတဲ့
အဲဒီနောက်မှာ အခန်းတစ်ခန်းထဲက ဝန်ရင်မော်ကို ကယ်ပြီး လွတ်
ထိုးထားခဲ့သတဲ့၊ အဲ. . . ဂိုဏ်းချုပ်ကြီး ကယ်ထုတ်ဖမ်းဆီး
လာခဲ့တဲ့လူကလည်း အတုဖြစ်နေတော့ ငါတို့လည်း ဒီကို ရောက်ခဲ့
တာပဲ'

အဘိုးဝက စိတ်ရှည်လက်ရှည် ရှင်းပြသည်။ အားလုံး
ခေါင်းတဆတ်ဆတ် ညိတ်နေမိကြသည်။



စီးမင်ရှန်း. . .

'လက်စသတ်တော့ ဒီလိုကိုး၊ ဒါပေမယ့် မီးရှို့သူ ဘယ်သူ
ဆိုတာ သေသေချာချာ မသိရတာ သိပ်နာတယ် အဘိုးဝ'

'ဘာဖြစ်လို့လဲ မိန်းကလေးရဲ့'

'ဂိုဏ်းချုပ်ကြီးသာ မီးရှို့သူကို ဘယ်သူ့ရဲ့ခိုင်းသလဲ ဆိုတာ
စစ်ဆေးနိုင်ခဲ့ရင် ပြဿနာတွေ ပိုပြီး ရှင်းလင်းလာနိုင်တာပေါ့'

'ကိစ္စမရှိပါဘူးကွယ်၊ ဒီကိစ္စက ငါတို့နဲ့ မဆိုင်တဲ့ကိစ္စပါ၊
တို့အတွက် အရေးကြီးတာက ကျို့ပဲ၊ သူ့အိမ်တော်ကို မီးရှို့တာက
တော့ ဘယ်သူဖြစ်ဖြစ် အရေးမကြီးလှပါဘူး'

'အဘိုးဝကလည်း ဒါ အရေးကြီးတဲ့အချက်တစ်ချက်ပါ
အဘိုးဝရဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ကျို့ကုံးချင်က သူ့အိမ် ဘာ
မီးရှို့ခံရတဲ့ကိစ္စကို ကျွန်မတို့လက်ချက်လို့ စွပ်စွဲနေလို့ပဲ'

ဤတွင် ငြိမ်သက်နေသော အဘိုးပိန်၏မျက်နှာသည်
ရှုံ့တွတွကြီး ဖြစ်လာသည်။

'ဒီကောင်က တို့ကို စွပ်စွဲသလား၊ ခွေးတိရစ္ဆာန်. . .
လူချင်းသာတွေ့၊ သွားထွက်အောင် ပါးရိုက်ပစ်လိုက်မယ်၊ ထွီ. . .
သူခိုးက လူလူယာစ်လို့ ရစတမ်းလား'

ဇော်လင်သည် အဘိုးပိန်၏ အမူအရာကို တော်တော်
သဘောကျသွားသည်။

'သိပ်ကောင်းတဲ့အကြံပဲ အဘိုးပိန်ရဲ့၊ ဒီလူကို တွေ့ရင်
နာနာသာ ရိုက်ပစ်လိုက်'

'စိတ်ချလူလေး စိတ်ချ၊ သုံးဆယ့်နှစ်ချောင်းသော

www.burmeseclassic.com

www.burmeseclassic.com



သွားတွေ တစ်ချောင်းမကျန်အောင် ရိုက်ဖြုလိုက်မယ်. . . ဟင်း'

'ကောင်းတယ် ရိုက်သာရိုက် အဘိုးပိန်၊ နည်းနည်းမှ မညှာနဲ့'

မော်လင်က ဘာလေးဆန်ဆန် ပြောသည်။ အဘိုးပိန်က တဟဲဟဲ ရယ်တော့သည်။

ထိုစဉ် အဘိုးကြီးက စီးမင်ရှုန်းကို လှမ်းမေးသည်။

'ဒါနဲ့ စောစောက ညည်းတို့ ဘယ်သွားနေကြတာလဲ မိန်းကလေးရဲ့'

စီးမင်ရှုန်း. . .

'ဖိန်အန်းဟိုတယ်ကိုပါ အဘိုးဝရဲ့'

ဟု အစချီပြီး ချောင်ထန်းရဲတိုက်သားများနှင့် တွေ့ဆုံပုံ အကြောင်းများနှင့် မိမိတို့ တည်းခိုရာ ဤနေရာသို့ ပြန်လာခဲ့ပုံများကို အသေးစိတ် ပြောပြတော့သည်။သို့ရာတွင်. . .

အကြောင်းအချက်အချို့ကိုကား ပေါ့ပေါ့တန်တန်သာ ပြောကြားလိုက်သည်။စီးမင်ရှုန်း၏စကား ဆုံးသွားသောအခါ အဘိုးဝက တက်တခေါက်ခေါက်နှင့် ရေရွတ်တော့သည်။

'တောက်. . . ငါတို့ နည်းနည်းလေး နောက်ကျသွားတယ်၊ ဒီထက်သာ အချိန်စောပြီး ရောက်ခဲ့ရင် ကျိုးကုံးချွင်ရဲ့ လှည့်ကွက် လိမ်ကွက်တွေကို ကောင်းကောင်းဖော်ထုတ်နိုင်မှာပဲ၊ ခုတော့ နာတယ်ကွာ. . . တောက်'

ဤတွင် စီးမင်ရှုန်းက စကားဝင်ထောက်သည်။

'ကီစွတိုင်းကို ကျိုးရဲ့ လှည့်ကွက်လို့ ယူဆလို့ မရသေးဘူး





ထင်တယ် အဘိုးဝရဲ့'

'ဘာဖြစ်လို့လဲ'

အဘိုးဝက မျက်လုံးပြူးပြီး မေးသည်။

စီးမင်ရှုန်းက မင်ခြေသေသေ ပြောသည်။

'ဒီလိုပါ၊ ဝန်ရှင်မော် ဘာမှ မဖြစ်ဘူးလို့ ယူဆလို့ ရရင် တောင် ဝန်ရှင်မော်ရဲ့ဇနီး မေမုန့်ချူး သေဆုံးသွားပြီဆိုတော့ မီးရှို့ခိုင်းသူ ဘယ်သူဆိုတာ သိဖို့ တော်တော်ခက်သွားတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျိုးကုံးချွင်ဟာ မေမုန့်ချူး သေခဲ့တာကို တော်တော်ယူကျုံးမရ ဖြစ်နေခဲ့လို့ပဲ'

'အင်း. . . မိန်းကလေးပြောမှ မီးရှို့ခိုင်းသူ ဘယ်သူဆိုတာ တွေးရခက်သွားပြီ'

'ကျွန်မအထင်တော့ မီးရှို့ခိုင်းသူဟာ ဝန်ရှင်မော်ကို အဆိပ်ခတ်လုပ်ကြံခဲ့သူနဲ့ တစ်ဂိုဏ်းတည်း တစ်ဖွဲ့တည်း ဖြစ်လိမ့်မယ်'

'ညည်းပြောတာ ဖြစ်နိုင်တယ်'

အဘိုးဝက စီးမင်ရှုန်း စကားကို ထောက်ခံချက် ပေးလာသည်။စီးမင်ရှုန်းက ဆက်ပြောသည်။

'ဒါနဲ့ မီးရှို့တဲ့လူနှစ်ယောက်ရဲ့ ပညာရည်အဆင့် တော်တော်မြင့်သလား အဘိုးဝ'

'မပြောတတ်ဘူး မိန်းကလေးရဲ့၊ ဂိုဏ်းချုပ်ကြီးက အဲဒီ အကြောင်း ဘာမှ မပြောခဲ့ဘူး၊ ဘာဖြစ်လို့လဲ မိန်းကလေးရဲ့'

'ကျွန်မအထင်တော့ မေမုန့်ချူးသေရတာဟာ တစ်စုံတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ရဲ့ ထိန်းချုပ်မှုကို ခံနေရလို့ သေရတာပဲလို့ထင်တယ်၊ နောက်တစ်ချက်က မေမုန့်ချူးရဲ့ ပညာရည်ဟာ အဆင့်မြင့် ပညာဖြစ်တော့ သူ့ကို ထိန်းချုပ်သူရဲ့ ပညာရည်ဟာ အတော်ကြီးမားနေလိမ့်မယ်၊ ဒီလိုမှ မဟုတ်ရင် မေမုန့်ချူးဟာ မီးသင့်ပြီး မသေနိုင်ဘူး'

'ဟုတ်တယ်၊ မိန်းကလေး ယူဆတာ မဆိုးပါဘူး၊ ငါလည်း ဒီအတိုင်းပဲ မြင်တယ်၊ မီးရှို့သူနှစ်ယောက်ရဲ့ ပညာဟာ တော်တော်အဆင့်မြင့်မှာ သေချာတယ်'

အဘိုးဝသည် စကားပြောရင်း မျက်မှောင်ကြုတ်သွားသည်။ ထို့နောက် တစ်စုံတစ်ခုကို သတိရလာဟန်နှင့်. . .

'နေပါဦး မိန်းကလေးရဲ့၊ ဟို မင်ရင်ကြွယ်ဆိုတဲ့ နောက်ပေါက်ကောင်လေးရဲ့ ပညာရည်အဆင့်ကကော'

'တော်တော်တော့ ကောင်းပါတယ်၊ ဒါပေမယ့် သေသေချာချာ အကဲမဖြတ်နိုင်သေးဘူး၊ သူ့လှုပ်ရှားမှုကို အပေါ်ယံလောက်ပဲ ခန့်မှန်းကြည့်နေရပါသေးတယ်၊ ထင်ထားတာကတော့ အဆင့်မြင့်ပညာရှိသူလို့ ထင်ထားတာပဲ'

စီးမင်ရှန်းက စကားမလွန်အောင် ဖုံးဖုံးဖိဖိ ပြောသည်။

အဘိုးဝက ပြုံးပြီး ပြန်မေးသည်။

'မိန်းကလေးက သူ့ကို သူရဲကောင်းတစ်ယောက်လို့ ယူဆသလား'

စီးမင်ရှန်း၏မျက်နှာ ရဲခနဲ နီသွားသည်။

'ဒါ. . . ဒါက. . . သခင်လေးရဲ့ ထင်မြင်ချက်ပါ၊ သခင်



လေးလည်း လူကဲခတ် ကောင်းတာပဲ၊ ဒီ အထင်မှားမယ်လို့ ကျွန်မ မယူဆပါဘူး'

အဘိုးဝကြီးက တဟားဟား ရယ်တော့သည်။

'မိန်းကလေးက တော်တော်အပြောကောင်းတယ်၊ တကယ်တော့ ညည်း အကဲခတ် မကောင်းသေးပါဘူး၊ ကိုယ်မြင်တာ ကိုယ်ပြောပေါ့၊ ခုတော့ ဘယ်နှယ် မော်လင့်ကို ဆွဲထည့်ရတာတုန်း၊ ညည်းအမြင်ဟာ ညည်းအမြင်၊ သူ့အမြင်ဟာ သူ့အမြင်၊ ကွဲပြားမှုတော့ ရှိရမှာပေါ့ ဟားဟား'

စီးမင်ရှန်း ခေါင်းငုံ့ငြိမ်သွားစဉ် အဘိုးဝက ဆက်မေးလေသည်။

'ဒါနဲ့ အဲဒီ မင်ရင်ကြွယ်ဆိုတဲ့လူဟာ လူချောတစ်ယောက်လား'

စီးမင်ရှန်းသည် မျက်နှာပါမက နားရွက်ပါ နီတက်လာတော့သည်။ ဤတွင် မော်လင်က ဝင်ဖြေပေးသည်။

'မချောဘူး အဘိုးဝရဲ့၊ ကိုရုပ်ဆိုးကြီးပါ'

'တကယ်ပြောတာလား မော်လင်ရဲ့'

'ကျွန်တော် ညာပါ့မလား အဘိုးရယ်'

အဘိုးဝသည် မျက်မှောင်ကြုတ်သွားပြန်သည်။

အတန်ကြာမှ စီးမင်ရှန်းကို လှမ်းကြည့်ပြီး

'မော်လင်ပြောတာ ဟုတ်သလား မိန်းကလေး'

'ဟုတ်ပါတယ်'

စီးမင်ရှန်းက ခေါင်းညိတ်ပြီး ဖြေသည်။ သို့သော်ငြား ရှက်

www.burmeseclassic.com

www.burmeseclassic.com



သွေးကား တက်နေဆဲ ဖြစ်သည်။

အဘိုးဝကြီးသည် တအံ့တသြ ဖြစ်နေပြန်တော့သည်။ သူ ဘာကြောင့် အံ့သြနေရသနည်း၊ ဘာ့ကြောင့် ချောသလား၊ လူသလား မေးနေသနည်း။ မည်သူမျှ သူ့ဆန္ဒမှန်ကို မသိချေ။ စိုးမင်းရှိန်းကား ကိုယ့်လိပ်ပြာကိုယ်မလုံသဖြင့် ရှက်စိတ်မွန်နေလေတော့သည်။ ထိုစဉ် အဘိုးဝက အဘိုးပိန်ကိုလှည့်ကြည့်ပြီး မေးပြန်၏။

'ငါ့ညီ၊ မင်း ဆိုတဲ့ ကောင်လေးအကြောင်းကို ကြားဖူးလား'

အဘိုးပိန်က ခေါင်းကို တွင်တွင်ယမ်းပြီး ဖြေသည်။

'မကြားဖူးပါဘူး။ ကျုပ်က သိုင်းလောကနဲ့ အဆက်ပြတ်နေတာ ကြာပြီဗျ၊ ဒါပေမယ့် နောက်ပေါက်ကောင်ငယ်လေးတွေဟာ ရှေးလူကြီးတွေထက် တော်နေတာထက်နေတာတွေ ရှိတယ်ဗျ'

'ဟုတ်တယ်၊ ငါ့ညီပြောတာကို လက်ခံပါတယ်၊ မော်လင်ပြောတဲ့အတိုင်း ဆိုရင်တော့ ဒီကောင်လေးဟာ မာနကြီးတာတော့ အမှန်ပဲ၊ စည်းကမ်းထိန်းသိမ်းရေးမှူးချုပ်ရာထူး ပေးတာတောင် လက်မခံဘူးဆိုတော့ ထူးခြားတဲ့အကြောင်း ရှိလိမ့်မယ်၊ သူ့မှာ တခြားသိုင်းသမားတွေထက် သာလွန်ထူးခြားမှု တစ်ခုခု ရှိနေမှာ သေချာတယ်၊ အဲဒါ ဘာလဲဆိုတာ အချိန်ယူပြီး စောင့်ကြည့်ရလိမ့်မယ်'

'အဘိုးဝက ဘာလုပ်မလို့လဲဗျ'

မော်လင်က လှည့်မေးသည်။ အဘိုးဝက ပြုံးပြီး ပေါ့ပေါ့ ဖြေသည်။

'ဘာမှ မလုပ်ပါဘူးကွ၊ စောင့်ကြည့်ရုံပါ၊ ဘာလဲ မကြည့်



ဘူးလား'

'စောင့်ကြည့်လေ့လာတာကိုတော့ မတားလိုပါဘူး အဘိုးဝရဲ့၊ တိုက်လားခိုက်လားသာ မလုပ်စေချင်တာပါ'

'အို . . . မြေးက ငါ့ကို ရန်လိုနေတတ်တဲ့လူလို့ အောင့်မေ့နေသလားမဲ့၊ စိတ်ချ မော်လင်၊ မင်းမိတ်ဆွေကို လက်ဖျားနဲ့ တောင် မတို့ပါဘူး'

'ဒီလိုမှပေါ့အဘိုးရဲ့၊ ကျွန်တော်က ကျွန်တော်ပြောတာကို နားမထောင်ရင် . . .'

'အမလေး ကြိမ်းလား မောင်းလားတော့ မလုပ်ပါနဲ့ မောင်ရယ်၊ မထိနဲ့ဆို မထိပါဘူး၊ အဘိုးက မြေးကို ကြောက်ပါတယ်ဗျ၊ ဟားဟားဟား'

မော်လင်သည် အဘိုးဝကိုကြည့်ပြီး တဟားဟား ရယ်မောနေတော့သည်။

'အဘိုးဝကလဲ တော်တော်ရယ်စရာ ပြောတတ်တာကိုး၊ ဟားဟားဟား'

'တဲတဲ . . . အချိန်လည်း သိပ်မရှိတော့ဘူး၊ မင်းတို့ အားလုံး အခန်းပြန်ပြီး အနားယူကြတော့ကွာ၊ တစ်ခါတည်း ပြောချင်တာက မနက်ဖြန်မနက်စောစော ခရီးထွက်မယ်ဆိုတာပဲ'

မော်လင်တော့ စိုးမင်းရှိန်းပါ ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် စိုးမင်းရှိန်းသည် ချွန်ချွန်းယင်းကို ခေါ်ပြီး အပြင်ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မော်လင်လည်း ထိုင်ရာမှ ထရပ်လိုက်သည်။ ထိုစဉ် အဘိုးပိန်ကြီးက

'မင်းက ဘယ်သွားဦးမလို့လဲ'

ဟုဆိုပြီး လက်တစ်ဘက်တို့ ဖမ်းဆွဲထားသည်။

မော်လင်က. . .

'ကျွန်တော် အဒေါ်ရှန်းနဲ့ စကားပြောချင်သေးလို့ပါ'

ဟု ဆိုသည်။အဘိုးပိန်က တဟဲဟဲရယ်ပြီး-

'မင်းကတော့ မင်းအဒေါ်ရှန်းနားပဲ ကပ်ချင်နေတဲ့ကောင်၊ အဒေါ်ရှန်းကလည်း မင်းနဲ့ပဲ စကားပြောလို့ရတယ်၊ ဒီပြင်လူဆို အအတွေလို သဘောထားနေသလားပဲ၊ ကဲ. . . သွားသွား'

အဘိုးပိန်သည် စကားဆုံးသည်နှင့် မော်လင့်ထင်ဝါးကို ဖောင်းခနဲမြည်အောင် ရိုက်ပစ်လိုက်သည်။

မော်လင်သည် 'အိုး' ဟူသော အသံနှင့် တခါးပေါက်ရှိရာ လွှင့်ထွက်သွားသည်။

မြေကြီးပေါ် ခြေချမိသောအခါ, အခန်းထဲကို ပြန်လှည့်ကြည့်ပြီး. . .

'ကျေးဇူးတင်လိုက်တာ အဘိုးပိန်ရေ'

ဟု လှမ်းအော်တော့သည်။

အဘိုးပိန်ကြီး ထရပ်လိုက်စဉ်မှာပင် မော်လင် ထွက်ပြေးတော့သည်။အဘိုးဝကြီးသည် အဘိုးပိန်နှင့် မော်လင်တို့အဖြစ်ကို ကြည့်ပြီး တဟားဟား အော်ရယ်နေတော့သည်။

◀◀ ▶▶



## အခန်း (၄၅)

## လျှို့ဝှက်ထားသောအရာ

အခန်းထဲတွင် အဘိုးဝတို့လူစုသာ ကျန်သည်။

အဘိုးဝသည် အရယ်ရပ်သွားသည်နှင့် အဘိုးပိန်ကိုကြည့်ပြီး ပြောနေတော့သည်။

'အင်း. . . ဒီကောင်လေးနဲ့ ဟိုကောင်မလေး အသက်တော၊ ဝါစဉ်တော ခြားနားကွာဟနေလို့ပေါ့ကွာ၊ နို့မို့ရင်လား. . .'

အဘိုးဝသည် စကားကို ဆုံးအောင်မပြောဘဲ ခေါင်းတယမ်းယမ်း လုပ်နေတော့သည်။

ဤတွင် အဘိုးပိန်က ဆရာလုပ်သည်.

'တကယ်တမ်းကျတော့ ခင်ဗျားဟာ ဒီကိစ္စနဲ့ ပတ်သက်ရင် ချုပ်လောက် အမြင်မကျယ်ပါဘူးဗျ၊ မော်လင်က စီးခင်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



အစွမ်းအစတွေကို အားကျနေတာဗျ၊ သူ့ရဲ့ချစ်ခင်တွယ်တာ... အခြေခံတာ ဒါပဲ၊ တခြား ဘာမှမဟုတ်ဘူး၊ စီးမင်ကလည်း မော်လင့်ကို ကလေးတစ်ယောက်လို ချစ်ခင်နေတာဗျ၊ သိရဲ့လား

'မသိလို့ပါဗျာ၊ ဒီလိုဆိုလည်း ဘာမှ ပြောဖို့ မလိုတော့ဘူးပေါ့'

အဘိုးဝက ခပ်ထွေထွေဆိုသည်။ ထို့နောက်. . .

'အင်း. . . မိန်းကလေးလဲ ဘာလိုလိုနဲ့ တော်တော်အရွယ်ရောက်နေပြီ၊ ဒီတော့. . .

အဘိုးဝက စကားကို ဆုံးအောင် မပြောဘဲ ရပ်ပစ်လိုက်သည်။ တဆက်တည်းတွင် အဘိုးပိန်ကို မျက်စိမှိတ်ပြလိုက်သည်။

အဘိုးပိန်ကလည်း မျက်စိပြန်မှိတ်ပြသည်။

ထို့နောက် တစ်ယောက်အမူအရာကို တစ်ယောက် သဘောကျပြီး တဟားဟား ရယ်လိုက်ကြတော့သည်။

ထိုအချိန်၌ မလှမ်းမကမ်းတွင် ရှိနေသော အဆောင်ခန်းထဲမှ မီးအိမ်တစ်ခု ဝင်းခနဲ လင်းလာသည်။

---

စီးမင်ရှန်းနှင့် မော်လင်တို့သည် မီးထွန်းထားသော အဆောင်တစ်ခု၏ ပြတင်းပေါက်အောက်တွင်ရှိသော ခုံတန်းတစ်ခုပေါ်တွင် ထိုင်နေလျက်ရှိပြီး ငြိမ်သက်နေကြသည်။

ပတ်ဝန်းကျင်သည် ညဥ့်နက်ချိန်ဖြစ်၍ တိတ်ဆိတ်ငြိမ်သက်လွန်းသည်။

ရုတ်တရက် စီးမင်ရှန်း၏အသံ ထွက်လာသည်။

'ဘာတိတ်နေလဲ မော်လင်၊ ပြောစမ်းပြောစမ်း'

'အဒေါ်ရှန်း စိတ်မဆိုးရဘူးနော်'

'ပြောမှာသာပြောစမ်း၊ အပိုစကားတွေ စကားပလ္လင်တွေ ခံမနေနဲ့'

'အင်း. . . မပြောရဘူးဆိုရင်တော့ မပြောပါဘူး အဒေါ်ရှန်းရယ်'

မော်လင့်အသံက တိမ်ဝင်သွားသည်။

'ပြောပါဆို. . . ပြောစမ်းပါ မော်လင်၊ ငါက မပြောရဘူးလို့ တားနေလို့လား'

မော်လင်သည် စီးမင်ရှန်းကို ကြည့်ပြီး တွေဝေနေ၍ နေရှိန်သည်။

ပြောရန်စကားစပြီး ပြောသင့်၊မသင့် တွေဝေနေပြန်သည်။ထို့နောက်. . .

'ကျွမ် သိပြီ၊ ကျွန်တော် သိပြီ' ဟု အော်လိုက်တော့သည်။

'ဟဲ့. . . ဘယ့်နှယ် အော်ကြီးဟစ်ကျယ် လုပ်နေတာလဲ၊ အရူးကျနေတာပဲ၊ ဘာကို သိပြီ သိပြီ အော်နေတာလဲ၊ ခက်လိုက်တာ"

'တို့ဗျာ. . . အင်း. . . . ဟို. . . ဟို. . . ခင်ဗျား သူ့အပေါ် ဘာဖြစ်လို့ ကောင်းနေတာလည်းဆိုတာကို သိပြီလို့ ပြောတာပါ'

'နင့်စကားကလည်းဟယ်၊ ဘာစကားမှန်းလည်း မသိဘူး၊ ငါက ဘယ်သူ့အပေါ် ဘာကောင်းတာလဲ ရှင်းရှင်းပြောစမ်းပါ'

www.burmeseclassic.com

www.burmeseclassic.com



'မင်. . . မင်. . . ဘူရဲကောင်းကြီး မင်'

မော်လင်သည် အရဲစွန့်ပြီး ပြောနေရသဖြင့် အသံများပ
တုန်ယင်နေသည်။ စီးမင်ရှန်းတား မမျှော်လင့်သောစကားကြော
မျက်နှာ တစ်ပြင်လုံး ပူထူသွားသည်။

သို့သော် စိတ်လှုပ်ရှားမှုကို ချက်ချင်းပြန်ထိန်းလိုက်ပြ
'ငါက ဘာများလဲလို့ လက်စ၏သတ်တော့ ဒီကိစ္စပ
ကဲ. . . ဒါဖြင့် ငါသူ့ကို ဘာဖြစ်လို့ ကောင်းကောင်းမွန်မွန် ဆက်
သလဲဆိုတာ ပြော'

မော်လင်သည် ဤမေး၏ခွန်းကို ဖြေရန် အတော်စဉ်းစ
နေရသည်။

အချိန်အတော်ကြာသွားမှ. . .

'အဲ. . . အဲဒါ. . . အဲဒါ. . . ခင်ဗျား. . . ခင်ဗျား. . .
သူ့ကို သဘောကျလို့ပေါ့ဗျာ၊ ဟုတ်တယ်မဟုတ်လား၊ ဒါတော
အဘိုးဝကြီး မေးတဲ့မေးခွန်းတစ်ခုကြောင့် သဘောပေါက်လ
တာပါ။ ဟုတ်တယ်မဟုတ်လား အဒေါ်ရှန်းရဲ'

မော်လင်သည် စကားအရှိန်ရလာသဖြင့် တည်တ
ငြိမ်ငြိမ်ဖြစ်လာသည်။

စီးမင်ရှန်းသည် အဝေးကို လှမ်းငေးနေလိုက်ပြီးမှ. . .

'ဟုတ်တယ်မော်လင်၊ နင်ပြောတာ မှန်ပါတယ်၊ တကယ
တော့ သူဟာ လေးစားထိုက်တဲ့ လူတစ်ယောက်ပါ။ နှစ်သက်စရ
ကောင်းတဲ့ လူစားတော့ မဟုတ်ပါဘူး'

စီးမင်ရှန်း၏စကားသည် နှစ်ခွသဘောဆောင်သေ



တားဖြစ်သည်။ ထို့ကြောင့် မော်လင် အံ့ဩသွားသည်။

'အဒေါ်ရှန်းစကားတလည်း ဘယ်လိုချည်းမျန်း မသိဘူး၊
လိုဆိုတာက သူ့ကို မနှစ်သက်ဘူးလို့ ဆိုလိုတာပေါ့၊ ဟုတ်လား
အဒေါ်ရှန်း'

'ဟုတ်တယ်၊ ငါပြောတာ ရှင်းပါတယ်၊ ငါ့စကားက
နှစ်သက်တဲ့စကား မဟုတ်ပါဘူး'

'ဒါဖြင့် သူ့ကို ဘာဖြစ်လို့ ကောင်းကောင်းမွန်မွန် ဆက်ဆံ
တာလဲ၊ ဘာဖြစ်လို့ ကောင်းခဲ့ရသလဲ'

'ငါ ပြောပြီးပြီလေ၊ သူဟာ လေးစားစရာကောင်းတဲ့
လူတစ်ယောက်လို့'

မော်လင်သည် ခေါင်းငုံ့ပြီး စဉ်းစားနေပြန်သည်။

ထို့နောက် ခေါင်းကို ဆတ်ခနဲ မော့ပြီး မေးလာပါတော့
သည်။

'နေပါဦး၊ အဒေါ်ရှန်းက သူ့ကို တကယ်ပဲ မနှစ်သက်
ဘူးလား'

'မော်လင်ရယ်၊ ဘာဖြစ်လို့ ဒီစကားတွေချည်း မေးနေရ
တာလဲ'

'ဒါတော့ ကျွန်တော်လည်း ရှင်းမပြတတ်တော့ဘူး၊
ကျွန်တော့အမြင်တော့ ဒီလူဟာ လေးစားစရာကောင်းသလို
နှစ်သက်စရာလည်းကောင်းပါတယ်၊ သူ့သဘောထားနဲ့ ရုပ်တည်မှု
တွေဟာ ဘယ်သူမဆို လေးစားနှစ်သက်တဲ့အချက်တွေချည်း ပါ၊
ကျွန်တော်တော့ သူ့ကို သဘောကျတယ်'

www.burmeseclassic.com



'အိုး. . . မင်း သဘောကျတာနဲ့ ငါက သဘောကျရတော့ မှာလား'

ပြောသာပြောရသည်။ ရင်ထဲတွင်မူ တလှိုက်လှိုက်ဖြ နေသည်။ မော်လင်၏စကားများကို ဟန်လုပ်ပြီး ဆန့်ကျင်နေ သော်လည်း ရင်ထဲတွင်မူ သဘောတွေ့သလို ခံစားနေမိသည်။

မော်လင်သည် စီးမင်ရှန်း၏မျက်နှာကို ဖေးကြည့်ရင်း ရယ်ပြောတော့သည်။

'အဒေါ်ရှန်းကလဲဗျာ၊ ပြောစရာရှိ ပွင့်ပွင့်လင်းလင်း အဒေါ်ရှန်း ဟန်လုပ်နေတာကို ကျွန်တော် သိပါတယ် ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ သူ့ကို သဘောလည်းကျတ မြတ်လည်း မြတ်နိုးတယ် ဟဲဟဲ'

ကြားရသောစကားကြောင့် စီးမင်ရှန်း၏ မျက်ခုံးနှစ်ဘ နဖူးပေါ် မြင့်တက်သွားသည်။

'အေး. . . မင်းပြောသလို ပွင့်ပွင့်လင်းလင်း ပြောရ ငါလည်း သူ့ကို လေးစားမှု ရှိသလို၊ မြတ်နိုးမှုလည်း ရှိတ ဒါပေမယ့် မင်း မြတ်နိုးတာက ရဲဘော်ရဲဘက်တစ်ယောက် လေးစားမြတ်နိုးမှုမျိုး မော်လင်၊ ငါက အဲဒီလို မဟုတ်ဘူး'

'သိပါတယ်၊ သိပါတယ်၊ ဒါနဲ့များ ဟဲဟဲ'

'တဟဲဟဲ လုပ်မနေနဲ့၊ ချစ်တယ်ခင်တယ်ဆိုတဲ့ သဘေ သဘာဝတို့ မင်း နားမလည်သေးပါဘူး၊ မင်း ငယ်ပါသေးတ မော်လင်'

'အို. . . အဒေါ်ရှန်းက ကျွန်တော့်တို့ ခုထိ တလေးေ



လို့ အောက်မေ့နေသေးတာကိုး၊ ကျွန်တော် သူငယ်နှပ်စား မဟုတ် တော့ပါဘူးဗျာ၊ အရာရာတို့ သိမြင်တတ်နေပါပြီ'

'ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ မင်း တလေး မဟုတ်တော့ ပါဘူး၊ မင်းရဲ့ သိမြင်မှုတွေ မြင့်မားလာတာကိုလည်း သတိပြုမိ ပါတယ်၊ တဲ. . . စကားစပ်မိတုန်း မေးချင်သေးတယ်၊ ငါနဲ့ ပတ်သက်ပြီး မင်း ဘာတွေ သိမြင်ထားသလဲဆိုတာ ပြောစမ်း'

'တကယ်လား အဒေါ်ရှန်း'

'တကယ်. . . တကယ်'

'ဒီလိုဆိုရင် ခင်ဗျား သူ့ကို ဘာဖြစ်လို့ လေးစားတယ်၊ မြတ်နိုးတယ်ဆိုတာကို ပြောမယ်'

'ပြော. . ပြော'

မော်လင်သည် မျက်မှောင်တစ်ချက်ကြုတ်သွားသည်။

အတန်ကြာမှ. .

'သူ ရှပ်ဆိုးလို့ ဒါကြောင့် သနားပြီး. . . ဟီး'

စီးမင်ရှန်း ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။

'ဝေါ်ကရတွေ မော်လင်ရယ်၊ ဒီလောက်ရှုပ်ဆိုးတဲ့ လူကိုများ. . . ဟင်း. . . တင်း'

'အမယ်. . . ကျွန်တော့်ကိုများ ပေါက်ကရတွေတဲ့၊ အဒေါ် ရှန်းအကြောင်း မသိတာကျနေတာပဲ'

'စကားကို တည်တည်တံ့တံ့ ပြောစမ်းပါ မော်လင်ရယ်'

'ဟားဟားဟား. . . လောကကြီးမှာ မေမေကြီးကလွဲရင် အဒေါ်ရှန်းဟာ ကျွန်တော်နဲ့ အရင်းနှီးဆုံး၊ အထိတွေ့ဆုံးသူပါဗျ၊

www.burmeseclassic.com

www.burmeseclassic.com



အေးအတူ ပူအမျှ ခံစား စံစားနေကြသူတွေပါ၊ ဒါကြောင့် အဒေါ်ရှန်းကို အခြားသူတွေထက်ပိုပြီး ဂရုစိုက်နေခဲ့တာပါ၊ အတူနေအတူစား လုပ်မိနေတော့လည်း အဒေါ်ရှန်းအကြောင်းကို အလိုလိုသိလာတာပေါ့ဗျာ၊ သိသမျှ အဒေါ်ရှန်းရင်ထဲမှာ မျိုသိပ်ဝှက်သိုထားတဲ့အရာတွေကိုပါ သိမြင်နေပါတယ်ဗျာ'

စီးမင်ရှန်းသည် ယခုမှ မော်လင်ကို အံ့သြနေတော့သည်။

'မော်လင်. . . နင် ဘာကယ် သိနေလား'

'သိတာပေါ့'

မော်လင်က ခေါင်းညိတ်ပြီး ဆက်ပြောသည်။

'အဒေါ်ရှန်းဟာ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကတည်းက အမျော်ကင်းမဲ့နေခဲ့တာပါ၊ ဘယ်အချိန်ကြည့်လိုက်ကြည့်လိုက် မျက်မှောင်ကြုတ်နေတာနဲ့၊ တွေဝေငေးမောနေတာနဲ့ အချိန်ကုန်နေတာချည်းပါ၊ လသာညမှာ လကို ကြည့်ပြီး မျက်ရည်ကျတာကိုကျွန်တော် အကုန် သိပါတယ်ဗျာ၊ စကားပြောရင်လည်း ဘယ်သူဖြစ်ဖြစ် ဘုပြောတာချည်းပါ။ ဒါဟာ စိတ်ဝေဒနာ ခံစားနေရမှုရဲ့အချက်အလက်တွေပေါ့၊ ခု ကြည့်လေ. . . အဒေါ်ရှန်း ဘယ်လောက် ပိန်ချုံးနေသလဲဆိုတာ၊ ဒါဟာ သူ့ကြောင့်၊ သူ ဆိုတာမင်ရင်ကြွယ်ကို ပြောတာ မဟုတ်ဘူး၊ အဒေါ်ရှန်း တွယ်တာနေတာမြတ်နိုးနေတာဟာ မင်ရင်ကြွယ်ကို ပြောတာ မဟုတ်ဘူး၊ တခြားတစ်ယောက်. . . တခြားတစ်ယောက်'

ကြားရသောစကားကြောင့် စီးမင်ရှန်း တုန်လှုပ်သွားသည်။ အတိုတ်ပုံရိပ်များကို ဖျတ်ခနဲ သတိရပြီး မျက်ရည် ဝဲလာသည်။မော်လင်က ဆက်ပြောသည်။



'အဒေါ်ရှန်း မှင်ကို လေးစားရဲ့ လေးစားပြီး မနှစ်သက်နိုင်တာဟာ သူ့ကြောင့်ပဲ၊ သူ ဆိုတာ အလျင်ကလူ၊ ဒါပေမယ့် အဒေါ်ရှန်း မြတ်နိုးနိုင်တဲ့ လူတစ်ယောက် ထပ်ပေါ်လာပြီ၊ အဒေါ်ရှန်း သဘောကျတဲ့ အရည်အချင်းရှိသူ ပေါ်လာပြီ၊ ဒီတော့. . .'

စီးမင်ရှန်းသည် မော်လင့်စကားကို နားထောင်ရင်း မျက်စိပျက် မျက်နှာပျက် ဖြစ်လာသည်။

သည်ကြားထဲက ဟန်ဆောင်မာန်ဖေင်းပြီး ပြောလာသည်။

'လတ်တလောတော့ မင်းက ငါ့ကို အတော်ဂရုစိုက်ခဲ့တာကိုး၊ ဟုတ်တယ်. . . မင်း ကလေး မဟုတ်တော့ဘူး၊ လူကြီး ဖြစ်လာပြီ၊ ငါကသာ ကလေးလို သဘောထားနေမိတာ၊ ခုတော့ မင်း တော်တော် သိမြင်တတ်နေပြီပဲ'

'ဟဲဟဲ. . . အဒေါ်ရှန်း ခုမှ အမြင်မှန်လာတယ်၊ တကယ်တော့ ကျွန်တော်ပြောခဲ့တာတွေဟာ အရဲစွန့်ပြီး ပြောခဲ့တာတွေပါ၊ ကျွန်တော်ပြောချင်တာကတော့ အတိတ်ဝေဒနာကို ဒုက္ခခံပြီး ခံစားမနေပါနဲ့တော့၊ ရှင်းရှင်းပြောရရင် မေ့သင့်တာကို မေ့ပစ်လိုက်ပါတော့ဗျာ၊ ခုဆို အဒေါ်ရှန်းနှစ်သက်တဲ့ အရည်အချင်းရှိသူကိုတွေ့နေရပြီပဲဟာ၊ သူက မင်ရင်ကြွယ်နဲ့ ဘာမျှားပိုသာနေလို့ပါလဲဗျာ'

'မင်း ဘယ်သူကို ရည်ညွှန်းပြောနေတာလဲ မော်လင်'

စီးမင်ရှန်းက မလိုအပ်သောမေးခွန်းကိုဝင် မေးလိုက်မိပြန်သည်။မော်လင်က. . .

www.burmeseclassic.com

www.burmeseclassic.com



'အဒေါ်ရှန်းတာလဲ မေးနေစရာ မဟုတ်ဘဲ မေးနေပြန်ပါပြီ၊ ဘယ်သူ့ကို ရည်ညွှန်းနေရမှာလဲဗျ၊ ဖျပ်စောင်းမားရှည် စာပေသမား ဝန်ရင်မော်ကို ပြောတာပေါ့'

'ဘုရား . . . ဘုရား'

စီးမင်ရှန်းသည် အလွန်အံ့ဩသွားသည်။ အစပထမက မော်လင် ရည်ညွှန်းချက်စကားများကို ဝေ့လည်ချောင်ပတ်သာသဘောပေါက် နားလည်နေခဲ့သည်။

မင်ရင်ကြွယ်နှင့် နီးစပ်ရန် တစ်စုံတရာကို လှည့်ပတ်ရည်ညွှန်းပြီး ပြောနေသည်ဟု ထင်သည်။

ယခုမူ မော်လင့်စကားက လယ်ပြင်တွင် ဆင်သွားသလိုရှင်းနေသည်။ ဤကိစ္စကို မော်လင် သိနေခြင်းကိုပင် အလွန်အံ့ဩနေမိတော့သည်။

ဤသို့ဆိုလျှင် မိမိ၏ ခံစားမှုကို တခြား မည်သူတွေ သိသေးသနည်း။

ထိုအချက်ကို စဉ်းစားမိသည်နှင့် စီးမင်ရှန်း၏ သွေးကြောနှုန်းများသည် တဒိန်းဒိန်း မြည်လာလေတော့သတည်း။

-----

'ဘုရား ဘုရား၊ ဒီကိစ္စကို မင်း ဘယ်လိုလုပ် သိနေတာလဲ မော်လင်'

အသံသည် ကြီးမားသော ခံစားမှုကြောင့် တုန်ယင်လှုပ်ရှားနေသည်။



မော်လင်က . . .

'ကျွန်တော့ဘာသာ သိနေတာပါဗျာ၊ သတိထားမှုရဲ့ရလာဒ်ပေါ့၊ ပြောရရင် လွန်ခဲ့တဲ့ သုံးနှစ်ကျော်က ဝန်ရင်မော်မင်္ဂလာဆောင်တဲ့နေ့ကစပြီး အဒေါ်ရှန်း အနေအထိုင် ပြောင်းသွားတာပဲဟာ၊ အဲဒီရက်တစပြီး အဒေါ်ရှန်း အပျော်ကင်းမဲ့နေခဲ့တာပေါ့၊ တိုယ့်အမှုအရာ ကိုယ်မသိပေမယ့် သေးကတော့သိတယ် အဒေါ်ရှန်းရဲ့၊ အင်း . . . ဒီလောကဒုက္ခခံပြီး ခံစားနေရအောင် လောကမှာ ဝန်ရင်မော်ကလွဲရင် ချစ်စရာ ခင်စရာ မရှိတော့လို့လားဗျာ'

စီးမင်ရှန်းလည်း စိတ်လှုပ်ရှားလွန်း၍ အသားပင် တဆတ်ဆတ် တုန်နေတော့သည်။ စကားပင်တစ်လုံးမျှ မပြောနိုင်သေး။

'စိတ်ဆိုးသွားပြီလား အဒေါ်ရှန်း'

မော်လင်က စိုးရိမ်တကြီး လှမ်းမေးသည်။

စီးမင်ရှန်း ခေါင်းပြန်မော့လာသည်။

'စိတ်ဆိုးစရာ မရှိပါဘူး မော်လင်'

'ဒီလိုဆိုရင် ကျွန်တော် ဆက်ပြောပါရစေ၊ စေတနာနဲ့ပါ၊ ပြီးခဲ့တာတွေကို မေ့ပစ်လိုက်ပါ၊ အလျင်ကလို ပျော်ပျော်ရွှင်ရွှင်တက်တက်ကြွကြွ ပြန်နေပါ၊ ကျွန်တော် အဒေါ်ရှန်း ပျော်နေတာကိုပဲ ကြည့်မြင်ချင်ပါတယ်'

'ကျေးဇူးတင်ပါတယ် မော်လင်၊ ဒါပေမယ့်'

'ဘာဖြစ်လို့လဲ အဒေါ်ရှန်း'

www.burmeseclassic.com

www.burmeseclassic.com



'ချစ်ခြင်းမေတ္တာဆိုတာ အင်မတန် လေးနက် နက်ရှိုင်းတယ် မော်လင်၊ အချစ် ဆုံးရှုံးတာဟာ ရတနာပစ္စည်း ပျောက်ဆုံးသွားတာနဲ့ မတူဘူး၊ အချစ်ဟာ လူ့အသက်ကို ရှင်နိုင်စွမ်းရှိသလို ခေါ်နိုင်စွမ်းလည်း ရှိတယ်၊ ငါ မေးပါရစေ မော်လင်၊ ပြင်းထန်တဲ့ ချစ်မေတ္တာ ဝေဒနာ ခံစားရလွန်းရင် နောက်ဆုံး ဘာဖြစ်တတ်သလဲ သိလား'

'ပြောပါ အဒေါ်ရှန်း'

'ချစ်တတ်ခင်တတ်တဲ့ အသည်းနှလုံးတွေပါ ကြေမွပျက်စီးသွားတတ်တယ်ကွဲ့'

'ဟုတ်ပါလိမ့်မယ် အဒေါ်ရှန်း၊ ထကယ်တော့ ပိုးမျှင်တွေ ထုတ်ပေးတဲ့ ပိုးကောင်လေးတွေလိုပေါ့ဗျာ၊ သူ ထုတ်ပေးတဲ့ ပိုးမျှင်တွေရဲ့ ရစ်ပတ်ချည်နှောင်မှုကို ခံစားနေရတဲ့သဘောမျိုးပေါ့ ဒါပေမယ့် ဝန်ရှင်မော်ဟာ ကုမရတဲ့ဝေဒနာနဲ့ ရှုံးနေပါပြီဗျာ၊ ဒီလို ခံစားမှုတွေကို လုံးဝ မခံစားတတ်တော့ပါဘူး'

'ဒါကို ငါ သိပါတယ် မော်လင်'

'အင်း. . . အဒေါ်ရှန်းဟာ အသိခေါက်ခက် အဝင်နက်နေတာပဲ၊ ခင်ဗျား ခံစားနေရတာကို သူ သိနိုင်ရင် တော်သေးတယ်၊ ခုတော့ သူ ဘာသိတော့မှာလဲဗျာ၊ ဒါကို ဝရုမပြုဘဲ ခံစားနေရတော့ ကိုယ့်ဒုက္ခ ကိုယ်ရှာသလို ဖြစ်နေတော့တာပေါ့'

'အဲဒါကြောင့် ချစ်ခြင်းမေတ္တာအကြောင်းတို နားမလည်ဘူးလို့ ပြောတာပေါ့။ စစ်မှန်တဲ့မေတ္တာတရားဟာ ကိုယ့်ချစ်သူ



ဘယ်ဘဝရောက်ရောက် ပျက်ပြယ်လေ့မရှိဘူး မော်လင်၊ ဒုတ္ထိတာ ဖြစ်ရုံမကလို့ လူဆိုးလူရမ်းကားဖြစ်ဖြစ် ချစ်နေတတ်တာမျိုးပဲ၊ တစ်ဘက်လူ သိသိ၊ မသိသိ အချစ်ဟာ အချစ်ပါပဲ'

'အင်း. . . အဒေါ်ရှန်း သူ့ကို ဘာဖြစ်လို့ ဒီလောက် စွဲလန်းနေတယ်ဆိုတာ ကျွန်တော်မစဉ်းစားတတ်တော့ဘူးဗျာ'

'မင်း တစ်နေ့ သိလာ ခံစားတတ်လာမှာပါ။ ငါ့အချစ်ဟာ လေးနက် နက်ရှိုင်းတဲ့အချစ်ပါ မော်လင်'

'နေပါဦး အဒေါ်ရှန်းရယ်၊ အဒေါ်ရှန်း ဒီလိုဖြစ်နေရလောက်အောင် သူ့မှာ အထင်ကြီးစရာ ဘာတွေများ ရှိနေလို့လဲ'

'မင်း သူ့အကြောင်းသိမှ နားလည်နိုင်မယ့်ကိစ္စပဲကွယ်'

'ကျွန်တော်တော့ သဘောကို မပေါက်တော့ဘူးဗျာ'

'အချိန်တန်တော့ မင်း သိလာပါလိမ့်မယ် မော်လင်၊ သူ့အကြောင်းကို သိချင်ရင် ငါ့ စိတ်နေစိတ်ထားတွေကိုလည်း နက်နက်ရှိုင်းရှိုင်း သိဖို့ လိုပါတယ်'

မော်လင်သည် တွေဝေငေးမောပြီး ငြိမ်ကျသွားသည်။ ဒေါ်မင်ရှန်း၏ အချစ်ဝေဒနာကို ကြီးမားစွာ စာနာမိလာသည်။

'ဒီလိုဆိုရင် အဒေါ်ရှန်းကို ကျွန်တော် အစွမ်းကုန် ကူညီမယ်ဗျာ၊ ကျိုးကုံးချွင်လက်ထဲမှာ ဝန်ရှင်မော် တကယ် ရှိနေသေးရင် မရရအောင် ဝင်ခေါ်မယ်၊ ဖမ်းမယ်၊ ဘယ့်နှယ်လဲ'

'ကျေးဇူးတင်ပါတယ်မော်လင်၊ မင်း စေတနာကို အဒေါ်ရှန်း လေးစားမိပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'တောင်းဖြို၊ ကျွန်တော် မင်ရင်ကြွယ်ကို အတူအညီ တောင်းမယ်'

'မင်းအကြံ တောင်းပါတယ် မော်လင်၊ ဒါပေမယ့် သူ လောကကြီးမှာ ရှိနေရသေးရဲ့လား၊ ရှိတယ် မရှိဘူးဆိုတာ ဘာမှ မသေချာ မရေရာပါဘူး'

'အို . . ကံမကုန်သေးရင်တော့ ပြန်ဆုံရမှာပေါ့ဗျာ'

စီးမင်ရှန်းသည် ကံမကုန်ဘဲပြန်ဆုံပါရစေတော့သာ ဆု တောင်းနေလိုက်မိတော့သည်။

ထို့နောက် နှစ်ယောက်စလုံး ငြိမ်သက်သွားကြပြန်သည်။

သိပ်မကြာပါ။

နာရီသံချောင်းခေါက်သံ ပေါ်လာသည်။

သုံးချက်တီတီဖြစ်သည်။

ဘာလိုလိုနှင့် သုံးနာရီတောင် ထိုးသွားခဲ့လေပြီ။

'သုံးနာရီတောင် ထိုးပြီ၊ မိုးလင်းရင် ခရီးထွက်ရတော့မယ် အိပ်ချိန် နည်းနည်းပဲ ရှိတော့တယ်၊ တဲ့ . . . မော်လင် သွားအိပ်ချေ တော့'

'အဒေါ် ရှန်းတော မအိပ်သေးဘူးလား'

'အိပ်မှာပေါ့ဟဲ့၊ ငါက မအိပ်ဘဲ ငုတ်တုတ်ထိုင်နေ မှာလား၊ သွား . . . သွားအိပ်တော့'

မော်လင်သည် ဘာစကားမျှ မပြောတော့ဘဲ ထိုင်နေရာ ထပြီး လှည့်ထွက်သွားတော့သည်။

▲



စီးမင်ရှန်းသည် မော်လင့် ကျောပြင်ကို ငေးကြည့်ရင်း ပြုံးနေမိသည်။

ထို့နောက် အခန်းဆောင်ထဲပြန်ဝင်ပြီး အိပ်ရာပေါ် လှဲချ လိုက်တော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၆)

## သွေးသံရဲ

အရှေ့မိုးကောင်းကင်သည် အနီရောင်သမ်းပြီး လင်းလာ
သည်။

အလင်းရောင်ဖျော့ဖျော့သည် ပြတင်းပေါက်ကို တော်ပြ
အခန်းတွင်းသို့ တိုးဝင်နေသည်။

ရှုတ်တရက်. . .

အပြင်ဘက်မှ ခြေသံများ တိုးဝင်လာသည်။

အကျီပြာဝတ်ထားသောလူတစ်ယောက် ပြေးလာနေပြ
ဝင်။ ထိုလူသည် အနောက်ဘက် ခြံဝင်းထဲသို့ တရကြမ်းပြေးလာ
နေသည်။





ထိုလူသည် အခြားသူ မဟုတ်။ ပိန့်လှျံကျူး ယွင်ယန့်ဖေး
င် ဖြစ်တော့သည်။ သူ့ပါးစပ်ထဲမှ သွေးများ စီးကျနေသည်။
သွေးများသည် အကျီရင်ဘတ်တွင် စွန်းထင်းပေကျံနေသည်။

သူ ခြံဝင်းထဲ ဝင်မိသည်နှင့် အဖြူရိပ်တစ်ခု ရှေ့မှ ကာဆီး
သည်။ လက်ရှစ်ဘက် ချန်ချွန်းယင်းပင်ဖြစ်သည်။

ချန်ချွန်းယင်းသည် မျှင်လုံးပြူး မျက်ဆန်ပြူး ဖြစ်နေ
မှ. . .

'ဖြည်းဖြည်း ယွင်ယန်ဖေး၊ ဖြည်းဖြည်း'

ဟု ပြောသည်။ ယွင်ယန်ဖေးသည် တန့်ခနဲဖြစ်သွားရာမှ
န်ချွန်းယင်းကို ဝါရဝ လှမ်းပြုံသည်။

'ဘယ်လိုဖြစ်လာတာလဲ'

ချန်ချွန်းယင်းက ခပ်မာမာမေးသည်။ ယွင်ယန့်ဖေးက
အကြီးပန်းကြီး ဖြေသည်။

'ကျိူ. . . ကျိူ့ကုံးချွင်. . .'

ယွင်ယန်ဖေးသည် စကားကို အရှည်ကြီး မပြောနိုင်ချေ။

'တော်ပြီ၊ သူ ခင်ဗျားကို တိုက်ခိုက်လိုက်သလား'

'ဟုတ်ပါတယ်၊ ကျုပ် ခံလာခဲ့ရတဲ့အတွက် အပြစ်ပေးပါ'

ချန်ချွန်းယင်းက အံကြိတ်ပြီး ရေရွတ်သည်။

'ကျိူ့ကုံးချွင် တော်တော်လူပါးဝနေတယ်၊ သွေးထွက်သံယို
ဖြစ်ပြီးမှ သတင်းပို့ခိုင်းသတဲ့လား'

ချန်ချွန်းယင်းသည် အလွန်ဒေါသထွက်လာဟန်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ လှုပ်ရှားလိုက်ပြီး စီးမင်ရှန်း၏ အိပ်ခန်းဆောင်တံခါး ဆီသို့ ရောက်သွားသည်။

ထိုအခါ တည်တည်ငြိမ်ငြိမ် ရပ်နေသော စီးမင်ရှန်းကို တွေ့ရတော့သည်။ ချန်ချွန်းယင်းသည် စီးမင်ရှန်းကို ဂါရဝပြုပြီး သည်နှင့် စကားစရန် ဟန်ပြင်လိုက်သည်။

သို့သော် . . .

'ကျွန်မ အားလုံး ကြားပြီးပြီ၊ ခု ယွင်ယန့်ဖေး ဘယ်မှာလဲ'

'သူ ခြံဝင်းထဲမှာပါ'

'တခြားလူတွေကော အတိုက်ခံခဲ့ရသေးလား'

'ကျွန်တော့်နှစ်ယောက်ကတော့ ဘာမှ ဖြစ်မလာပါဘူး'

ထိုစဉ် တောင်ဘက်အဆောင်မှ အသံတစ်သံ ထွက်ပေါ် လာသည်။

'အသုံးမကျတဲ့ အကောင်ပဲ၊ ချန်ချွန်းယင်း စည်းကမ်းနဲ့ ညီအောင် အပြစ်ပေးလိုက်'

ထိုအသံကြောင့် ချန်ချွန်းယင်း တုန်လှုပ်သွားသည်။

ထိုအချိန်မှာပင် ယွင်ယန့်ဖေး အနားရောက်လာသည်။

ချန်ချွန်းယင်းသည် ယွင်ယန့်ဖေးကို စိုက်ကြည့်ပြီး အမိန့် ပေးတော့သည်။

'ဒူးထောက်လိုက်ပါ ယွင်ယန့်ဖေး၊ ဒီမှာ ဆရာကြီး နှစ် ယောက်စလုံး ရောက်နေတယ်'

ယွင်ယန့်ဖေး မျက်စိမျက်နှာ ပျက်သွားတော့သည်။



ထို့နောက် စိတ်ထိခိုက်စွာ ထိုင်ချလိုက်တော့သည်။

ချန်ချွန်းယင်းသည် တစ်စုံတရာကို စဉ်းစားလိုက်ပြီး သည်နှင့် လက်တစ်ဘက်ကို မြှောက်တင်လိုက်သည်။

ထိုစဉ် အသံတစ်သံ ထပ်ပေါ်လာသည်။

'ချန်ချွန်းယင်း . . . မြှောက်ထားတဲ့လက်ကို ပြန်ရုပ် လိုက်ပါ'

မော်လင်သည် အသံနှင့်အတူ အပြေးအလွှား ရောက်လာ သည်။

စီးမင်ရှန်း အခုမှ အသက်ရှူချောင်သွားသည်။

ချန်ချွန်းယင်းက မြှောက်ထားတဲ့လက်ကို ပြန်ချပြီး မော်လင်ကို ဂါရဝပြုသည်။ ထို့နောက် အလွန်ရှိသေလေးစားသော လေသံအရာနှင့် . . .

'အဘိုးဝိန်ရဲ့ အမိန့်ပါ သခင်လေး'

'ကျုပ် သူ့ကို တောင်းပန်ပေးပါ့မယ်'

မော်လင်သည် စကားဆုံးသည်နှင့် တောင်ဘက်အဆောင် သို့ လှစ်ခနဲ ပြေးထွက်သွားပြန်သည်။

ထိုစဉ် တောင်ဘက်အဆောင်တံခါး ပွင့်ဟလာသည်။ ထိုင်နက်တည်းတွင် အဘိုးဝနှင့် အဘိုးဝိန်တို့ ပခုံးချင်းယှဉ်ပြီး ထွက်လာသည်ကို တွေ့ရသည်။

အဘိုးဝိန်၏မျက်နှာသည် အလွန်ကြောက်စရာကောင်း လှပေပြီ။

www.burmeseclassic.com



သူတို့နောက်မှ လိုက်လာကြသူများကား အဘိုးဝါ

ယောက်ပင်ဖြစ်သည်။

စီးမင်းရှုန်းနှင့် ချန်ချွန်းယင်းတို့သည် အဘိုးကြီး

ယောက်ကို တွေ့သည်နှင့် ခါးညွတ်ပြီး ဂါရဝပြုကြတော့သည်

အဘိုးဝသည် ဘာစကားမျှ မပြောဘဲ လက်ယမ်းပြသ

အဘိုးပိန်ကား မော်လင့်ကို ကြည့်ပြီး ခပ်မာမာပြော

သည်။

'ကောင်လေး၊ မင်းက ငါ့အလုပ်ထဲ ဝင်စွက်မလို့လား

မော်လင်က ကြောက်ဟန်မပြချေ။

'မင်္ဂလာ နံနက်ခင်းပါ အဘိုး' ဟုသာ ပြောသည်။ မျက်

ကား ပြုံးပြုံးရွှင်ရွှင်ပင်ဖြစ်သည်။ အဘိုးပိန်သည် ဟည်ရာမှ

လာသည်။

'မင်းက ငါ့ကို လာမြှောက်နေတာလား၊ မင်းအကြံက...

'အဘိုးပိန်က လဲဗျာ၊ စောစောစီးစီးကြီး ဒေါသဖြ

နေလိုက်တာ၊ မင်္ဂလာနံနက်ခင်းဆိုတာ အေးအေးချမ်းချမ်း မင်္ဂလာ

ယူရတဲ့အချိန်အခါပါဗျ၊ ဟဲဟဲ'

အဘိုးပိန်သည် မော်လင့်စကားကို သဘောကျသွားဟ

ရှိသည်။

'သူတို့က ဒေါသ မကြီး ကြီးအောင် လုပ်နေတာကိုး

အလကားနေရင်း အယ်သူက ဒေါသ ကြီးချင်ပါ့မလဲ'

'တကယ်တော့ အဆောင်မှူးယွင်မှာ အပြစ်မရှိပါ



တိုးရဲ့'

'ခြော်... မင်းက ငါ့ကို မတရားသူလို့ ပြောနေတာ

မော်လင်က ခေါင်းကို ခါယမ်းပစ်လိုက်သည်။

'ဒီသဘောနဲ့ ပြောတာ မဟုတ်ပါဘူး အဘိုးပိန်ရယ်၊ ယွင်

ကျို့နဲ့ လက်ရည်တူသူမှ မဟုတ်ဘဲ၊ ယွင် မပြောနဲ့၊ ကျွန်တော်

ည်း ကျို့နဲ့တွေ့ရင် ခံရမှာပဲ၊ လက်ရည်မတူလို့ ခံရတာကို အပြစ်

သူသင့်ပါဘူး၊ အပြစ်ဆိုပြီး အပြစ်ပေးရင် ကျွန်တော့်ကိုလည်း

ပြစ်ပေးရမှာပဲ၊ ယွင့်ကို အပြစ်ပေးတာဟာ ကျွန်တော့်ကို

ပြစ်ပေးတာနဲ့ အတူတူပဲ'

မမျှော်လင့်သောစကားကြောင့် အဘိုးပိန် ပါးစပ်ပိတ်

သွားသည်။ ရုတ်တရက်မို့ မည်သို့ ဖြေရမှန်းမသိအောင်ဖြစ်သွား

သည်။

မော်လင်က အခွင့်ကောင်းကို လက်လွှတ်မခံဘဲ ဆက်

ပြောသည်။

'ပြီးတော့လည်း ခုအချိန်ဟာ အရုဏ်ဦး မနက်ခင်းပါ၊

အချိန်ဟာ မင်္ဂလာယူရမယ့်အချိန်ပါ၊ ဒီအချိန်မျိုးမှာ ကိုယ့်လူကို

ိုယ် ပြန်သတ်ရင် တစ်လျှောက်လုံး အမင်္ဂလာတွေ ဖြစ်ကုန်ပါ

မိမ်မယ်၊ ပြီးတော့ ကျွန်တော်တို့ဟာ ခရီးထွက်ကြမယ့်လူတွေပါ၊

ျွန်တော်တို့ရဲ့ခရီးဟာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ခရီးဖြစ်ဖို့

ိုပါတယ်၊ ဒီအချိန်ဟာ ရန်သူကို သတ်မှ မင်္ဂလာရှိတာပါ၊ အရေး

www.burmeseclassic.com

www.burmeseclassic.com



ကြီးတာက ကျို့ကို ရှာဖို့ပဲ'

အဘိုးဝကော အဘိုးပိန်ပါ တဟားဟားဖြစ်သွား မှန်နေ သောမျက်နှာများပါ လင်းလာသည်။

'လူလေးစကား မှန်ပါတယ်၊ ကဲ. . . ယွင် မတ်တတ် ရပ်လိုက်ပါ'

ယွင်ယန်ဖေးသည် ကျိုးကျိုးနွံနွံ ပြန်ထလာသ သေတွင်းထဲမှ လက်မတင်လေး လွတ်လာသဖြင့် မော်လင် ကျေးဇူးတင်မဆုံးတော့ပေ။ သူ့အသက်သည် မော်လင်ပေး အသက်သာ ဖြစ်တော့သည်။

ထိုစဉ် အဘိုးပိန်က မော်လင့်ကို မတွေ့မနှပ်ပြော သည်။

'မင်း တော်တော်အပြောကောင်းတဲ့ကောင်၊ မဟုတ် လား. . .'

အဘိုးပိန်သည် စီးမင်ရှန်းကို ကြည့်ပြီး အမိန့်ပေးတော

'စီးမင်၊ တို့ကို ရှေ့ကနေ လမ်းပြတော့'

'ဟုတ်ကဲ့ရှင့်'

စီးမင်ရှန်းသည် ဒါပဲ ပြောပြီး လျှောက်ထွက်သွားသ ချန်ချွန်းယင်းသည် သူ့နောက်မှ ကပ်ပြီး လိုက်သွားသ အဘိုးဝနှင့် အဘိုးပိန်သည် မော်လင့်ကို အလယ်မှာ ပြီး လျှောက်ထွက်လာသည်။

စည်းကမ်းထိန်းရှစ်ယောက်သည် သူတို့ကို ခြံ



လိုက်၏။

ယွင်ယန်ဖေးလည်း သူတို့နောက်မှာ ကုပ်ကုပ်ကလေး လိုက်နေရတော့သည်။

---

ကျယ်ဝန်းဖြောင့်ဖြူးသော လမ်းမကြီးသည် လူသူ တင်းရှင်း နေသဖြင့် တိတ်ဆိတ်ငြိမ်သက်နေသည်။

သို့သော် ထိုလမ်းမကြီး၏ ငြိမ်သက်မှုကြီးသည် တစ်ခဏ အတွင်း သက်ဝင်လှုပ်ရှားလာသည်။ အကြောင်းကား လမ်းဘေး သစ်တောထဲ၌ ရှိနေကြသူများ အုပ်စုဖွဲ့ပြီး ရောက်လာကြသော ကြောင့်ပင်။

ထိုလူစုသည် ကျို့တုံးချွင်၊ စွန်းပုရှောက်နှင့် တုံယန်းကျတို့ ဖြစ်သည်။ သူတို့နှင့်အတူ အဆင့်မြင့် သိုင်းသမားတစ်စု ပါလာ သည်။

သူတို့သည် လမ်းလယ်ခေါင်တွင် မတ်တတ်ရပ်နေကြ လေပြီ။

လမ်းမကြီးပေါ်တွင် သူတို့လူစုမှလွဲ၍ အခြား လူရိပ် လူရောင် မတွေ့ရပါ။ သို့သော် မကြာသေးမီ အချိန်အတွင်းမှာပင် ခပ်လှမ်းလှမ်း မျက်နှာချင်းဆိုင်နေရာမှ စီးမင်ရှန်းတို့ကို တွေ့ရ တော့သည်။

စီးမင်ရှန်းတို့လူစုသည် နှစ်ယောက်သုံးယောက်မှ လေးငါး ခြောက်ယောက်ဖြစ်လာပြီး တစ်ယောက်ပြီးတစ်ယောက် များများ

www.burmeseclassic.com

www.burmeseclassic.com



လာသဖြင့် ကျို့ကုံးချွင် မျက်လုံးပြူးသွားတော့သည်။

စွန်းပုရှောက်သည် စီးမင်ရှုန်းတို့လူစုကို အာရုံစိုက်ပြီး အကဲခတ်ကြည့်နေသည်။

မကြာပါ။ စီးမင်ရှုန်းတို့သည် သူတို့လူစုနှင့် ကိုက် ငါးဆယ်လောက်သာ ကွာဝေးတော့သည်။ ထိုအချိန်မှာပင် စီးမင်ရှုန်း၏ မေးသံ ပေါ်လာသည်။

'ကျို့ကုံးချွင် ရှင် ပြန်ရောက်လာပြီလား'

ကျို့ကုံးချွင်က. . .

'ဟုတ်တယ် မိန်းကလေး၊ ကျုပ်မနေ့ညကပြောခဲ့တာဟာ ချင်ချင်းထွက်ခွာသွားမယ်လို့ပဲ ပြောခဲ့တယ်၊ နောက်တစ်ခေါက်ပြန်မလာဘူးလို့ ပြောခဲ့တာ မဟုတ်ဘူး၊ ဟဲဟဲ. . . ခုတစ်ခေါက်လာတာက ကျုပ် ချစ်ညီလေးတို့ ဖန်းမောင်နဲ့အတွက် အကြွေးတောင်းဖို့ပါ။ ဒီအကြွေးပြန်ရဖို့ဆိုရင် ခင်ဗျားတို့ကို မြေလှန်ပြီး ရှာလာမယ့်လူပဲ'

'ဩော်. . . ဩော်. . . ဒါနဲ့ ကျွန်မတို့အဆောင်မှူးယွင်တို့ ဘယ်သူ ရိုက်လွှတ်လိုက်တာလဲ'

စီးမင်ရှုန်း၏အသံသည် အလွန်အေးစက်နေသည်။ အလွန် တည်ငြိမ်နေသည်။

'ကျုပ်. . .'

စွန်းပုရှောက်က မိုက်မိုက်ကန်းကန်း ဖြေသည်။

စီးမင်ရှုန်းက ဟက်ခနဲ ရယ်ပြီး အေးအေးဆေးဆေး ပြော



သည်။

'ဩော်. . . လက်စသတ်တော့ ရှင့် လက်စွမ်းကိုး၊ ကောင်းပါပြီ၊ ကောင်းပါပြီ၊ မကြာခင် ရှင့်လက်တစ်ဘက်ကို ဖြတ်ပေးပါမယ် ဟင်းဟင်း'

ကြားရသောစကားကြောင့် စွန်းပုရှောက်မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ တလှုပ်လှုပ်ဖြစ်နေသော နှုတ်ခမ်းအစုံပင် ငြိမ်ကျသွားသည်။

ဤတွင် ကျို့ကုံးချွင်အသံ ထွက်လာသည်။

'မိန်းကလေးရဲ့အသံမှာနေပုံထောက်တော့ မင် ဆိုတဲ့လူ ရှိနေသေးတယ် ထင်တယ်'

စီးမင်ရှုန်းသည် အံကို တင်းခနဲ ကြိတ်ပစ်လိုက်သည်။

ဤစကားသည် အလွန်ယဉ်ကျေးစွာ ဖော်ကားလိုက်သော စကားပင်။

'ရှင်က သူ့ကို တွေးကြောက်နေတာလား၊ စိတ်ချပါရှင်၊ သူ မရှိတော့ပါဘူး၊ ရှင်နဲ့တွေ့ပြီးတတည်းက ထွက်ခွာသွားပါပြီ'

'ဟဲဟဲ. . . တစ်ယောက်လျော့သွားပေမယ့် နောက်ထပ် ဆယ်ယောက်လောက် တိုးလာတာ အံ့ဩစရာပါပဲ'

'ရှင်က ကျွန်မတို့ကို မင် ကူညီနေတယ် ထင်သလား'

ထင်တာမဟုတ်ဘူး၊ အဟုတ်ကို ပြောနေတာ၊ အဖြစ်မှာ မနေ့ညကတည်းက ထင်ရှားနေတဲ့ဥစ္စာ'

'ဟင်းဟင်း. . . ကျွန်မတော့ ရှင့်အစား ဟော်တော်

www.burmeseclassic.com

www.burmeseclassic.com



ရှက်မိပါတယ်ရှင်၊ မင်းဟာ ရှင့်လက်ဝါးအားလှိုင်းကြောင့် နောက်ဆုတ်သွားတယ် ထင်နေသလား'

'ခင်ဗျား ဘာတွေ ပြောနေတာလဲ'

'ရှင်ဟာ တော်တော်အိပ်ချင်ဟန်ဆောင်တဲ့လူပဲ၊ မသိသား ဆိုးရွားသူဆိုရင် ပိုပြီး မုန်းလိမ့်မယ်၊ သူက ရှင် သိတ္တာမကျအောင် ထိန်းသိမ်းသွားတာရှင့်၊ သူ ခြေလှမ်းသုံးလှမ်း ဆုတ်သွားတာဟာ ရှင့်အတွက်ပဲ၊ ဒါကို ကျေးဇူးမတင်ဘဲ ရန်သူလို သဘောထား နေတာဟာ တော်တော်ရှက်ဖို့ကောင်းတယ်'

'ခင်ဗျား ပေါက်တရရတွေ လာပြောမနေနဲ့'

ကျိုးကုံးချွင်၏အသံသည် မာကျောခက်ထန်လာသည်။

စီးမင်ရှန်းကား သူ့စကားကို ဂရုမစိုက်ချေ။

'အရှက်ပြေ ဟိန်းဟောက်မနေစမ်းပါနဲ့၊ ရှင့်လက်ဝါးအား လှိုင်း အတိုင်းအတာကို ရှင် အသိဆုံးပါရှင်'

ကျိုးကုံးချွင်သည် မာနကို ထိလာသောကြောင့် အသား ဆတ်ဆတ်တုန်သည်အထိ ဒေါသဖြစ်လာသည်။

'ဒီမယ် စီးမင်. . . သူက ဘယ်ကောင်မို့လဲ၊ ကျုပ် တကယ်အနိုင်ယူနိုင်မှာမို့လား'

'ရှင်ဟာ ရေတွင်းဖျက်ကလေးထဲမှာ မင်းမူနေတဲ့ ဖား သမုဒ္ဒရာကို မမြင်ဘူးတဲ့ ဖားဟာ ရေတွင်းကို သမုဒ္ဒရာ ထင်စမြဲပဲ'

'ခင်. . . ခင်ဗျား ဘာစော်ကားတာလဲ'



'စိတ်ငြိမ်ငြိမ်ထားပါ၊ ကျိုးကုံးချွင် သတ္တိမရှိတဲ့လူဟာ သိဝ် စိတ်လှုပ်ရှားတတ်တယ်ရှင့်၊ ဟင်းဟင်း. .'

'ခင်ဗျား တယ်ပြီး စော်ကားနေပါလား'

'အမှန်ကို ပြောနေတာပါရှင်၊ မခံချင် ဖြစ်မနေစမ်းပါနဲ့၊ ရှင် ကျွန်မကို လာမရှာလည်း ကျွန်မက ရှင့်ကို မြေအဆုံး မိုးအဆုံး လိုက်ရှာမှာပဲ၊ ရှင်ဟာ အင်မတန်ဥာဏ်များတဲ့လူပဲ၊ ကဲ. . . ပြောစမ်းပါ၊ ဗျပ်စောင်းဓားရှည်စာပေသမား ဝန်ရင်မော်ကို ဘယ်မှာ ဝှက်ထားသလဲ'

ကျိုးကုံးချွင်သည် ဂရုမစိုက်တန်နှင့် တဟဲဟဲ ရယ်သည်။

'ခင်ဗျား တော်တော်မာယာများတဲ့ မိန်းမပဲ၊ ကျုပ် မိတ်ဆွေ ညီလေးဟာ ခင်ဗျားတို့လက်ချက်နဲ့. . .'

စီးမင်ရှန်းက အတင်းဖြတ်ပြောလာသည်။

'တော်ပါ ကျိုးကုံးချွင်၊ ရှင် သူများကိုသာ လိမ်လို့ရချင် ရမယ်၊ ကျွန်မတို့ကိုတော့ လိမ်လို့ မရဘူး၊ မီးသင့်သေဆုံးသွားတဲ့ မိန်းမဟာ မေမုန့်ချူးအစစ် ဖြစ်ချင်ဖြစ်ပေမယ့် ဝန်ရင်မော်က တော့ ဘယ်တော့မှ အစစ် မဟုတ်နိုင်ဘူး၊ ဝန်ရင်မော်အစစ်တွေ ဘယ်နှစ်ယောက်တောင် ဖန်တီးထားသလဲရှင့်'

ကျိုးကုံးချွင်သည် ထိတ်ထိတ်ပျာပျာ ဖြစ်လာသည်။

'ခင်ဗျား ဘာတွေ လျှောက်ပြောနေတာလဲ'

'ရှင် မသိဟန်ဆောင်နေသေးရင် ရှင်းအောင် ရှင်းပြပါ့ မယ်၊ ကဲ. . , သေသေချာချာ နားထောင်ပါ'

www.burmeseclassic.com

www.burmeseclassic.com



စီးမင်းရှုန်းသည် အဘိုးဝကြီး ပြောခဲ့သည့် စကားအတိုင်း အစအဆုံး ပြန်ပြောပြသည်။

ကျို့ကုံးချွင်သည် စီးမင်ရှုန်း ပြောနေစဉ်အတွင်း မျက်နှာထား အမျိုးမျိုး ပြောင်းနေသည်။

စီးမင်ရှုန်း စကားအဆုံးသတ်သွားသောအခါ ကောင်းကင်ကို မော်ကြည့်ပြီး တဟားဟား ရယ်တော့သည်။

'ခင်ဗျားလည်း တော်တော်စုံပြောတောင်းတာကိုး၊ ခင်ဗျား ပုံပြင်ကို ကျုပ် ယုံမယ် ထင်နေသလား'

'ဒါကတော့ ရှင့်စိတ်နဲ့ ရှင့်ကိုယ်ပဲ၊ ယုံချင်ယုံ မယုံချင်နေပေါ့၊ ကျွန်မ နောက်ဆုံး ပြောချင်တာကတော့ ဒီနေ့ မိုးမချုပ်ခင် ဝန်ရင်မော်ကို ထုတ်ပေးပါ၊ ဒီလိုမှ မတုတ်ရင် ရှင်တို့အားလုံး ဒီမြို့က ခြေတစ်လှမ်းမှ မလှမ်းရဘူး မှတ်ပါ'

'ဟားဟား. . . ခင်ဗျားစကားက နွေခေါင်ခေါင် မိုးခြိမ်းလိုက်တာပဲ၊ ကျုပ် အကြွေးကိုတောင် မဆပ်ရသေးဘူး၊ ကျုပ်ကို ပြန်ပြီး စွပ်စွဲနေသေးတယ်၊ ကျုပ်တလည်း တစ်ခွန်းပဲ ပြောမယ်၊ ခင်ဗျားတို့ရဲ့ အမှားကို ရှေ့ပြည်ရောက်မှပဲ တောင်းပန်ပေတော့'

စီးမင်ရှုန်းက တခစ်ခစ် ရယ်သည်။

'ရှင်တော်တော် ဟန်ဆောင်ကောင်းသားပဲ'

'တော်ပါ၊ ခင်ဗျားဟာ အမှန်နဲ့အမှားကို ခွဲခြားမသိသူပဲ၊ ဒါကြောင့် ကျုပ်ကို မတရား စွပ်စွဲနေတာ'

'ရုပ်ပြောင်းရုပ်လွှဲပညာ' အဆင့်မြင့်သူတိုင်း ဒီစကားမျိုး ပြောတတ်ပါတယ်ရှင်'

'ဟားဟား. . . ဒီမှာ ကျုပ်ဟာ သတ္တမသူ့ရဲကောင်း ကျို့ကုံးချွင်ပါဗျ၊ ရုပ်ပြောင်းရုပ်လွှဲပညာကို ကျုပ်ကောင်းကောင်း သိပါတယ်၊ လူအ မဟုတ်ပါဘူး'

ထိုစဉ် အဘိုးဝိန်က ကြားဖြတ် ဝင်ပြောကြားလေတော့သည်။

'စီးမင်၊ ဘာဖြစ်လို့ စကားကြောရှည်နေတာလဲ၊ အချိန်ဟာ တန်ဖိုးကြီးတယ်၊ တိုတိုပဲပြော၊ ဝန်ရင်မော်ကို ဘယ်မှာ ဝှက်ထားသလဲဆိုတာသာ ရအောင်မေး၊ အကြွေးရှင်းတမ်း ရေးသလို ပြောမနေနဲ့'

အဘိုးဝိန် အသံမာသည်။ စိတ်တိုတန်ရှိသည်။

စီးမင်ရှုန်းသည် ခုမှ ကိုယ့်အမှားကိုယ် သတိပြုမိလာသည်။ ထို့ကြောင့် တိုတိုသာ မေးတော့သည်။

'တဲ. . . ဝန်ရင်မော်၊ ဘယ်မှာ ဝှက်ထားသလဲ ပြောပါ'

ကျို့ကုံးချွင်က မဖြေ။ တည်တည်ကြီးသာ လုပ်နေသည်။

'ကျို့ကုံးချွင် မေးနေတာ မကြားဘူးလား၊ မဖြေရင် သည်းမခံဘူးနော်'

'ခင်ဗျားတို့ ဖမ်းသွားတဲ့လူဟာ ဝန်ရင်မော်အတူ ဟုတ်လား'

'ဟုတ်တယ်၊ ဒါကို သေသေချာချာ ရှင်းပြီးသားပဲ'

'ဝန်ရင်မော် ဟန်ဆောင်ထားတဲ့လူဟာ အဘိုးကြီး၊ ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား'

'ဟုတ်တယ်၊ ဖျပ်စောင်းမားရှည်ကျောင်းသားဆိုတဲ့ အဘိုးကြီးပဲ'

'ဒါဖြင့် အဲဒီလူနာမည် ဘယ်သူလဲ'

'ဒါကတော့ ရှင့်ကိုယ်ရှင် မေးကြည့်ပေါ့'

'ကျုပ်သိနေမှ ခင်ဗျားကို မေးပါ့မလားဗျာ'

'ဟင်းဟင်း. . . ကိုယ်ရေးတဲ့ဇာတ်တောင် ကိုယ်မသိဘူးဆိုတော့ ကျွန်မလည်း ဘယ်သိပါ့မလဲရှင်'

ကျို့ကုံးချွင်သည် တကယ်မသိတာနှင့် မျက်မှောင်ကြီးကြုတ်နေပြန်တော့သည်။

အတန်ကြာမှ. .

'ဒီမယ် စီးမင်၊ ကျုပ်ညီလေး ဝန်ရှင်မော် လူ့ပြည်မှာရှိနေသေးသလား၊ မရှိတော့ဘူးလားဆိုတာဟာ သိပ်အရေးကြီးနေပါတယ်၊ အဲဒါ အဲဒီအဘိုးကြီးနဲ့ ပတ်သက်နေပြီ'

'ဒီကိစ္စဟာ ကျွန်မတို့ဂိုဏ်းနဲ့တော့ လုံးဝ ပတ်သက်မှု မရှိဘူး'

'ခင်ဗျားတို့ဂိုဏ်းက ဝန်ရှင်မော်ကို ရှာနေကြတာပဲဗျ'

ကျို့ကုံးချွင်က ပရိယာယ်ကြွယ်ကြွယ် ပြောသည်။

စီးမင်ရှန်းက ပြတ်ပြတ်ပြန်ပြောသည်။

'ဟုတ်တယ်လေ၊ ဒါပေမယ့် ကျွန်မတို့ကိစ္စက ရှင့်ကို တွေ့ပြီး မေးဖို့ပါ'



ကျို့ကုံးချွင်၏မျက်နှာသည် ညှိုးနေရာမှ လန်းဆန်းတက်ကြွလာပြန်သည်။

'အင်း. . . ကျုပ်သိချင်တာကို ခင်ဗျား မပြောချင်လည်း ရပါတယ်၊ ကျုပ်ကလည်း သူ ဘယ်မှာရှိတယ်ဆိုတာကို ပြောဖြမှာ မဟုတ်ပါဘူး'

'ဟင်းဟင်း. . . ကျွန်မတို့က ရှင့်ကို မပြောပြောအောင် လုပ်နိုင်ပါတယ်ရှင်'

ကျို့ကုံးချွင်က ဟက်ခနဲ ရယ်ပြီး အဘိုးဖိနှိတ်လူစုကို လက်ညှိုးထိုးပြသည်။

'ခင်ဗျားက ဒီလူတွေအားကိုးနဲ့ ပြောနေတာ မဟုတ်လားဟားဟား'

'ဒါက ရှင့်အထင်ပါ၊ ကျွန်မသဘောက လူတွေအများကြီးရှိနေတယ်လို့ပဲ သဘောရတယ်'

'ဟဲဟဲ. . . ဒေါ်တော်အပြောကြီးတဲ့ မိန်းကလေးပဲ၊ ကျုပ်ကလည်း ကျုပ်အိမ်ကို မီးရှို့သူ ဘယ်သူလဲဆိုတာ သိချင်နေတာ၊ ဒီတော့ လူစုံတုန်း လက်ရည်စမ်းကြည့်ကြတာပေါ့'

'ကျွန်မမှာလည်း ဒီအတိုင်း ဆန္ဒရှိနေပါတယ်'

စီးမင်ရှန်းက အေးစက်စက် ရယ်လာသည်။

ကျို့ကုံးချွင်သည် ဟန်လုပ်ပြီး ပြောနေသော်လည်း စီးမင်ရှန်းတို့ လူစုကိုကြည့်ပြီး ထိတ်လန့်နေသည်။

ထို့နောက်. . .

www.burmeseclassic.com

www.burmeseclassic.com



'ဒါ. . . ဒါနဲ့ ဟိုအဖိုးကြီးနာမည်က လိန်ကူးချိ မဟုတ်လား စီးမင်'

စီးမင်ရှန်းသည် မျက်ခုံးနှစ်ဘက် မြင့်တက်သွားအောင် အံ့သြသွားသည်။

ထို့နောက်. . .

'ရှင်ပြောတာ မျက်နှာတစ်ထောင် တစ်ကိုယ်တော် ဆိုတဲ့ အဘိုးကြီးလား'

'ဟုတ်တယ်လေ၊ သူ မဟုတ်ဘူးလား'

စီးမင်ရှန်းသည် ခေါင်းတိုသာ ယမ်းခါလိုက်မိသည်။

'အဲဒါတော့ ကျွန်မ မသိဘူး၊ အဲဒီအဘိုးကြီးက ရှင်တို့ လူလို့သာ ပြောသွားသတဲ့'

ကျို့ကုံးချွင် မျက်နှာမှက်သွားပြန်တော့သည်။

'မဟုတ်တာတွေ ပြောမနေစမ်းပါနဲ့၊ ကျုပ်မှာ သက်ကြီး ရွယ်အိုတပည့် တစ်ယောက်မှ မရှိဘူး'

'ဒါတော့ ရှင့်ကိစ္စ ရှင်အသိဆုံးပေါ့ရှင်'

အဘိုးပိန်သည် စီးမင်ရှန်းကို ကြည့်ရင်း ကြောက်စရာ ကောင်းအောင် မျက်နှာကြော တင်းလာတော့သည်။

'စီးမင်ရှန်း. . . ဘာဖြစ်လို့က စကားတွေ ရှည်နေတာ လဲ၊ လိုအပ်တာကို မြန်မြန်ပြောစမ်းပါ၊ ငါပြောတာ နှစ်ခါရှိပြီနော်'

အဘိုးပိန်၏အသံသည် မိုးခြိမ်းသံလို မြည်ဟိန်းသွားတော့ သည်။

---



စီးမင်ရှန်းလည်း တုန်လှုပ်လာသည်။ ထို့ကြောင့်. . .

'ဟုတ်. . . ဟုတ်ကဲ့ပါအဘိုး'

ဟုဆိုပြီး ကျို့ကုံးချွင်ကို ဆက်မေးတော့သည်။

'ကဲ. . ပြောပါ ကျို့ကုံးချွင်၊ ဝန်ရင်မော် ဘယ်မှာလဲ'

ကျို့ကုံးချွင်က မဖြေ။ သူ မေးလိုရာသာ မေးသည်။

'ကျုပ်မေးတာ အလျင်ဖြေပါ၊ ကျုပ်အိမ်တော်ကို မီးရှို့တာ ဘယ်သူလဲ'

'ရှင့်ကို ပြောပြီးပြီ မဟုတ်လား၊ မျက်နှာဖုံးစွပ်နှစ်ယောက် ဆိုတာ'

'မျက်နှာဖုံးစွပ်နှစ်ယောက် ဟုတ်လား'

'ဒီမယ် ကျွန်မတို့ဂိုဏ်းဟာ မှန်ရာကိုပြောတဲ့ဂိုဏ်း၊ တွေလည်ချောင်ပတ် လှုပ်တတ်တဲ့ဂိုဏ်း မဟုတ်ဘူးရှင့်၊ ဟုတ်ရင် ဟုတ်တယ်၊ မဟုတ်ရင် မဟုတ်ဘူးပဲ'

'ကျုပ်အိမ်တော်ကို မီးရှို့တာ မျက်နှာဖုံးစွပ်နှစ်ယောက် တဲ့ တုတ်လို့လား'

'အို. . . ကျွန်မတို့ဂိုဏ်းက ဂိုဏ်းချုပ်ကြီးကိုယ်တိုင် မြင်ခဲ့ ပါတယ်ဆိုနေမှ'

'အင်း. . . ဒီလိုဆိုတော့လည်း မယုံချင်ပေမယ့် ခေတ္တ ခဏ ယုံလိုက်ပါမယ်၊ ဒီတော့ ဝန်ရင်မော် ဘယ်မှာလဲ ဆိုတာကို သိချင်ရင် ဝန်ရင်မော် ဟန်ဆောင်ထားတဲ့ အဘိုးကြီးကိုပဲ မေးကြည့် ပါ စွန်းပုရှောက်၊ တို့ထန်းကျ သွားမယ်'

www.burmeseclassic.com

www.burmeseclassic.com



ကျို့ကုံးချွင်သည် စကားဆုံးသည်နှင့် လှစ်ခနဲ ပြေးထွက်သွားတော့သည်။

ကျို့ကုံးချွင်၏ အပြုအမူကြောင့် အားလုံး အံ့အားသင့်သွားကြသည်။

တုံထန်းကျော စွန်းပုရှောက်ပါ ကျို့ကုံးချွင်နောက် ပြေးလိုက်သွားကြပေပြီ၊

သို့သော် စွန်းပုရှောက် နောက်ကျသွားသည်။

တုံဆန်းကျ မြန်သလောက် စွန်းပုရှောက် နှေးသည်။

'ကျို့ကုံးချွင်'

အဘိုးပိန်၏ အော်သံ ဟိန်းသွားသည်။

ကျို့ကုံးချွင်ကား အဝေးသို့ ရောက်နေပေပြီ။

စီးမင်ရှုန်း တရကြမ်း ပြေးလိုက်သည်။

သို့သော် အဘိုးပိန်က သူ့ထက်မြန်သည်။

သူ့ကိုကျော်ပြီး စွန်းပုရှောက် ရှေ့သို့ပင် ရောက်သွားပြီ

ထိုစဉ် စွန်းပုရှောက်က အသင့်ကိုင်ထားသောပစ္စည်း တစ်ခုနှင့် လှမ်းပစ်တော့သည်။

လွင့်လာသောအရာက မည်းမည်းလုံးလုံးကြီးဖြစ်သည် အဘိုးပိန်ကလည်း လျင်မြန်သည်။

ထိုအရာကို အကျီလက်အိုးစနှင့် ရိုက်ထုတ်ပစ်လိုက်သည်

'ဝုန်း'



ကြောက်ဇရာကောင်းသော ပေါက်ကွဲသံကြီး မြည်ဟည်း
းသည်။

မီးခိုးများ လုံးတက်လာပြီး မည်းမှောင်သွားသည်။

အဘိုးပိန်သည် ထိခိုက်ဒဏ်ရာရခြင်း မရှိသော်လည်း
လွန်လန့်သွားသည်။

ထန်းရှုန်းဂိုဏ်းသားအားလုံး လန့်အော်လိုက်ကြသည်။

အားလုံး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေကြလေပြီ။

အဘိုးပိန်သည် ခြေစုံရပ်နေသော်လည်း လက်ကို ဝှေ့ယမ်း
ဆဲရှိသည်။

မီးခိုးများနှင့် ပြာများသည် ဟိုသည် လွင့်မျောနေသည်။

စွန်းပုရှောက် ရပ်ခဲ့သောနေရာတွင် ကျင်းကြီးတစ်ကျင်း
နေပြီ။

စွန်းပုရှောက်ကိုကား မတွေ့ရတော့။

မီးခိုးများတို့ အကာအကွယ်ယူပြီး ထွက်ပြေးသွားလေပြီ
တကား

အဘိုးပိန်သည် မီးခိုးများ၊ မီးပွားများ၊ ပြာများ စသည်
တို့ ငေးကြည့်နေရင်း မျက်စိမျက်နှာ ပျက်နေသည်။

မျက်လုံးထဲမှ ဒေါသရောင်မှ တပြောင်ပြောင်တောက်
လာသည်။

သိပ်မကြာပါ။

မီးခိုးမီးလျှံများ ပျောက်ကွယ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အဘိုးဝကြီးသည် အဘိုးပိန်နား ရောက်လာသည်

'ဒါ . . ဒါတာ . . . ငါ . . . ငါညီ'

အဘိုးဝလည်း ထစ်ထစ်ငေါ့ငေါ့ဖြစ်နေသည်။ ဘာပြော မှန်းမသိ။ အဘိုးပိန်က ခေါင်းကို တွင်တွင်ခါရမ်းလိုက်သည်။

စီးမင်ရှုန်းသည် အဘိုးပိန်ကြီးကိုကြည့်ရင်း ရင်တထိ ထိတ် ခုန်နေသည်။

'အ . . . အဘိုးပိန် . . ဒီ . . . ဒီလိုတာ . . .'

စီးမင်ရှုန်းလည်း စကားကို ဆုံးအောင် မပြောနိုင်ချေ

ထူးခြားဆန်းကြယ်သော လက်နက်ပုန်းကြောင့် တုန်လှု နေဆဲ ရှိသည်။

မော်လင်လည်း မျက်လုံးပြူးနေသည်။

ဤလက်နက်သည် မည်သည့် လက်နက်ပေနည်း။

အဘိုးဝကိုမေးကြည့်ရန် ဟန်ပြင်လိုက်စဉ်မှာပင် အဘိုး ပိန်က ပြောကြားလာတော့သည်။

'ကဲ . . . ကျုပ် အမိန့်ပေးတယ်၊ ဝိုက်းသားအားလုံး ဒီပေ ချောင်ကို အမြန်ပြန်ကြ'

မမျှော်လင့်ဘဲ ပြောင်းလဲသွားသော အစီအစဉ်ဖြစ်သည်

အဘိုးပိန်သည် စကားဆုံးသည်နှင့် အဘိုးဝနှင့် အတူ ဝုန်းခနဲ ခုန်ဖျပြီး ထွက်ပြေးတော့သည်။

အကျီဝါဝတ် စည်းကမ်းထိန်းရှစ်ယောက်လည်း ဘာ စကားမျှ မပြောဘဲ ဝုန်းခနဲ ပြေးလိုက်သွားကြသည်။



မော်လင်နှင့် စီးမှင်ရှုန်းသည် တစ်ယောက်ကိုတစ်ယောက် ခိုင်ဖှာယ်ပါပါ ကြည့်လိုက်ကြသည်။

ထို့နောက် အဘိုးပိန်ပြေးရာသို့ တရကြမ်းပြေးလိုက်သွား တော့သည်။

ထန်းရှန်းဝိုက်းဝင်အားလုံး၏ အပြန်ခရီးပင်ဖြစ်တော့ သည်။

ဤခရီးသည် သိုင်းလောကကို သွေးပင်လယ်ဝေစေမည့် ခရီးလော။

ပဟေဠိပုစ္ဆာတစ်ခုကို အမှန်ဖြေနိုင်မည့် ခရီးလော။

ယခုခဏ၌ အဖြေမှန်ကို မည်သူမျှ မသိနိုင်ကြသေးပေ။

■

www.burmeseclassic.com



## အခန်း (၄

### မျက်နှာတစ်ထောင် ရှာပုံတေ

ကျယ်ပြောပြန့်ပြူးသော လယ်ကွင်းထဲတွင် ဖြစ်သည်

ကျို့ကုံးချွင်သည် လယ်ကွင်းထဲတွင် မတ်တတ်ရပ် ရင်းက အဝေးကို လှမ်းကြည့်နေသည်။

တုံထန်းကျသည် သူ့အနီးတွင် ရပ်နေပြီး လည်တဆန့် လုပ်နေသည်။

သိပ်မကြာပါ။ မည်းမည်းသဏ္ဌာန်တစ်ခုသည် အ အပြောက်ကလေးလို ပေါ်လာသည်။

ထို့နောက် တဖြည်းဖြည်း ကြီးလာသည်။

ထိုသဏ္ဌာန်သည် တရိပ်ရိပ်ကြီးလာနေရာမှ အနီး



ရောက်လာသည်။

စွန်းပုရှောက်ဖင် ဖြစ်တော့သည်။

စွန်းပုရှောက် မြေပေါ် ခြေစုံရပ်လိုက်သည်နှင့် ကျို့ကုံးချွင်က မေးတော့သည်။

'ဘာတွေ ဖြစ်ခဲ့သလဲ စွန်းပုရှောက်'

'ကျွန်တော်မီးခိုးဗုံးနဲ့ ပစ်ခဲ့တယ် သခင်ကြီး ။ ဘယ်သူတွေ ဘယ်လိုဖြစ်သွားတယ်တော့ မသိခဲ့ဘူး၊ ကျွန်တော့်နောက်တော့ ဘယ်သူမှ လိုက်မလာကြဘူး'

'ကောင်းတယ်'

ကျို့ကုံးချွင်သည် ခေါင်းညိတ်ပြပြီး ငြိမ်သွားသည်။

စွန်းပုရှောက်သည် တစ်စုံတရာကို သတိရလာသဖြင့်. . .

'ဒါနဲ့ သခင်ကြီးက ဘာဖြစ်လို့ ရုတ်တရက် ဖျတ်ခနဲ ထွက်ခွာခဲ့တာလဲ'

ကျို့ကုံးချွင်က မျက်မှောင်ကြုတ်ပြီး အလေးအနက် ပြောလာသည်။

'ပြဿနာက ကျောက်စရာတောင်းအောင် ရှုပ်ထွေးနေတယ် စွန်းပုရှောက်၊ ခင်ဗျား သူတို့ပြောတာ ကြားတယ် မဟုတ်လား။ ဒီသခင်လေးဆိုတာကို သူတို့ ဖမ်းသွားတာလည်း သခင်လေး အစစ် မဟုတ်ဘူးတဲ့'

'သခင်ကြီးကို့က တကယ်လို့ ထင်နေပါသလား'

စွန်းပုရှောက်က မယုံကြည်တာန်နှင့် ပြောသည်

www.burmeseclassic.com

www.burmeseclassic.com



ကျို့ကုံးချင်က တည်တည်ကြည်ကြည်ဆိုသည်။

'အစကတော့ သူတို့ ညာနေတာလို့ ထင်တာပဲ၊ ဒါပေမယ့် သေသေချာချာ စဉ်းစားကြည့်တော့ တကယ့်အဖြစ်အပျက်လို့ ထင်လာတယ်'

စွန်းပုရှောက်လည်း စောဒက မတက်တော့ပေ။

'ကျွန်တော်တော့ ဘာမှ မထင်တတ်တော့ဘူး'

'သူတို့ အမှန်ပြောတာ သေချာတယ် စွန်းပုရှောက်၊ ဘာ ဖြစ်လို့လည်းဆိုတော့ ဒုတိယသခင်လေး ဝန်ရင်မော်တာ သိုင်းပညာ အင်မတန် ထက်မြက်သူ မဟုတ်လား၊ ဒီတော့ သင်လိုလူမျိုးဟာ ဘယ်လိုမှ မီးလောင်သေမှာ မဟုတ်ဘူးတဲ့၊ ဒါဟာ တွေးသင့်တဲ့ အချက်ပဲ၊ ထန်ရှန်းဝိုက်းကပါ ဒီလို ပြောလာမြင်လာတယ်ဆိုတော့ မျက်နှာတစ်ထောင် တစ်ကိုယ်တော် လိမ်ကူးချီဆိုတဲ့ အဘိုးကြီး အပေါ် သံသယ ဖြစ်လာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ ဝန်ရင်မော်ဟာ သိပ်ခင်မင်ကြတဲ့လူတွေပဲ၊ သူက ဝန်ရင်မော် ခေါ်ထားပြီး သူကိုယ်တိုင် ဝန်ရင်မော်ဟန်ဆောင်နေတာများလား'

စွန်းပုရှောက်က မျက်ခုံးနှစ်ဘက်ကို ပင့်တင်ပြီး . .

'သူမှာ ဒီလိုလုပ်စရာအကြောင်း ရှိလို့လား'

'ရှိမယ်ထင်တယ်၊ ဖြစ်နိုင်တယ်လို့တော့ ကျုပ် ယူဆ တယ်၊ သူနဲ့ ဝန်ရင်မော်ဟာ အင်မတန် ရင်းနှီးခင်မင်တဲ့လူတွေ ဒီတော့ ကျုပ်တို့ရဲ့ စောင့်ရှောက်မှုကို မလုံခြုံဘူးလို့ ယူဆ ဝင်စွက်ဖက်တာ ဖြစ်ချင်ဖြစ်မှာပေါ့၊ တွေးကြည့်မိတာတော



ဒီအတိုင်းပဲ ဖြစ်မယ်လို့ ယူဆတယ်'

'အင်း . . . စဉ်းတော့ စဉ်းစားစရာပဲ'

'ဒါ ဖြစ်နိုင်တဲ့ အချက်ပေါ့ စွန်းပုရှောက်ရယ်၊ နောက် တစ်ချက်က ဝန်ရင်မော်ဟာ ဦးနှောက်ချို့ယွင်းနေသူဆိုတော့ ထင်ရာသွားပြီး တွေ့တရာပြောနေရင် သူ့အသက် မလုံခြုံဘူး ဆိုတာ တွက်မိမှာပေါ့၊ ဒါကြောင့် ဝန်ရင်မော်ကိုခေါ်ပြီး လုံခြုံရာမှာ ထားလိမ့်မယ်၊ သူကိုယ်တိုင်ကတော့ ဝန်ရင်မော်ဟန်ဆောင်ပြီး ယုံကြသူကို စုံစမ်းမယ်၊ ဒါ မဖြစ်နိုင်ဘူးလား'

စွန်းပုရှောက် ခေါင်းတညိတ်ညိတ် ဖြစ်သွားသည်။

'ဖြစ်နိုင်တယ် သခင်ကြီး၊ သခင်ကြီးဟာ ကျွန်တော်တို့ တတ် အမြော်အမြင်ကြီးတဲ့ ပုဂ္ဂိုလ်ပါ၊ သခင်ကြီး အမြင်မှန် နမှာပါ'

'သူတို့လည်း မျက်နှာတစ်ထောင်တစ်ကိုယ်တော်ကို ိုက်ရှာကြမှာပဲ'

သေချာပါတယ် သခင်ကြီး၊ ဒီအတိုင်းဆိုရင် ဒုတိယ သခင် လေး ဝန်ရင်မော် မသေသေးဘူးလို့ ဆိုရမယ်ထင်တယ်'

'ဒီအမြင် မမှားနိုင်ဘူး'

'ဒါဖြင့် ဘယ်မှာ ရှိနေမယ်လို့ သခင်ကြီး ထင်ပါသလဲ'

'သေချာတဲ့နေရာကိုတော့ တစ်ကိုယ်တော် လိမ်ကူးချီသာ ိနိုင်မယ်'

'ဒီလိုဆိုရင် ထန်ရှန်းဝိုက်းသားတွေကို သူနဲ့ တွေ့ပေးလို့

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူး သခင်ကြီး'

'ဘာဖြစ်လို့လဲ'

'သူတို့က လက်ဦးမှုယူပြီး သခင်လေး ဝန်ရှင်မော်ဆ မြ သွားမှာစိုးလို့ပါ'

'ဒီကိစ္စကို ကျုပ်ကြိုတင် စီစဉ်ထားပြီးပါပြီ၊ ကျုပ် ဒီလော မပိုက်မဲသေးပါဘူး၊ လိန်ကူးချိသာ သူတို့ကို ပြောမပြခဲ့ရင် ကျုပ် အတွက် အချိန်ပိုရလိမ့်မယ်၊ လိုအပ်ရင် လိန်ကူးချိဆီက အ ပြန်လုရမယ်၊ ဒါမှမဟုတ်ရင် ထန်ရှန်းဂိုဏ်းရဲ့လှုပ်ရှားမှုကို စိ ရှည်ရှည်နဲ့ စောင့်ကြည့်ရမယ်၊ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် သခင်လေ ဝန်ရှင်မော် ရှိနေတဲ့နေရာကို ကျုပ်တို့ သိလာမှာ သေချာတယ်'

'သခင်ကြီးရဲ့ အမြော်အမြင်ကို လေးစားပါတယ်ဗျာ'

ကျိုကုံးချွင်သည် စကားပြောရပ်ပြီး အဝေးကို ငေးကြ နေတော့သည်။

စွန်းပုရှောက်ကား ဟိုသည်လှည့်ပတ်လျှောက်ပြီး စဉ်းစ ခန်းထုတ်သည်။ ထို့နောက် ကျိုကုံးချွင်တို့ လှမ်းကြည့်ပြီး ပြော ပြန်သည်။

'အင်း. . . အမှန်အတိုင်း ပြောရရင်တော့ လောလေ ဆယ် ဖြစ်ရပ်တွေဟာ သခင်ကြီးရဲ့ နည်းဗျူဟာတွေပဲလို့ ထင်မ တာ'

'ဟားဟား. . . စွန်းပုရှောက်၊ စွန်းပုရှောက် ခင်ဗျာ တော်တော်ခက်ခဲသေးတာပဲဗျာ. . . ဟားဟား'



ကျိုကုံးချွင်က ပဟေဠိဆန်သောစကားကို ပြောပြီး တဟားဟား ရယ်တော့သည်။ စွန်းပုရှောက်ကား မည်သို့မျှ စောဒက မတက်တော့။ သို့သော်. . .

'အင်း. . . ဒီလူတွေဟာ သခင်လေး ဝန်ရှင်မော်ကို ဘာ ကြောင့်များ ဖမ်းသွားကြတာလဲဗျာ၊ အဲဒါကို ကျွန်တော် ဘယ်လိုမှ မစဉ်းစားတတ်ဘူး'

ကျိုက သက်ပြင်းချသည်။

'အင်း. . . ကျုပ်လည်း ဒါကိုပဲ အကြိမ်ကြိမ် စဉ်းစားနေ တာ၊ ခုထိ မသေချာ မရေရာသေးဘူး၊ ဒီကိစ္စဟာ ဘယ်လိုမှ စဉ်းစားလို့မရတဲ့ကိစ္စ'

'အင်း. . . ဝန်ရှင်မော်သူ့မြည်မှာ တကယ်ရှိနေသေးရင် ဝမ်းသာစရာပါပဲ၊ ဒါပေမယ့် သူ့ချစ်ဇနီးလေးကတော့'

စွန်းပုရှောက်သည် စကားကို ဆုံးအောင် မပြောတော့ ချေ။ သူ့စကားကြောင့် ကျိုကုံးချွင်ပင် မျက်စိမျက်နှာပျက် လာသည်။

'မပြောနဲ့တော့ စွန်းပုရှောက် မပြောနဲ့တော့'

'သည်းခံပါသခင်ကြီး၊ ကျွန်တော်နောက် ဘယ်တော့မှ မပြောတော့ပါဘူး၊ လောလောဆယ် ဘာဆောင်ရွက်ရမယ် ဆိုတာသာ ညွှန်ကြားပါ'

ကျိုကုံးချွင်သည် စိတ်လှုပ်ရှားသွားရာမှ တည်တည် ငြိမ်ငြိမ် ပြန်ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'လောလောဆယ် ဆောင်ရွက်ရမှာက ဒုတိယသခင်လေး ဝန်ရှင်မော်ကို မရအရ ရှာရမယ်၊ ထန်းရှန်ဂိုဏ်းရဲ့လှုပ်ရှားမှုတို စေ့စေ့စပ်စပ် စောင့်ကြပ်ရမယ်၊ သိန်တူးချိန်နဲ့ တွေ့အောင် ကြိုးစားရမယ်၊ အခြေအနေအားလုံးကို အမှန်အတိုင်းသိအောင် လုပ်ပါ'

'ကောင်းပါပြီ သခင်ကြီး၊ အစစ မအောင်မြင်အောင် ကြိုးစားဆောင်ရွက်ပါ့မယ်'

'တဲ့ . . . သွားကြမယ်'

ကျိုးကုံးချင်သည် စကားဆုံးသည်နှင့် ဝုန်းခနဲ ခုန်လိုက်တော့သည်။

■



အခန်း (၄၀)

## ချူးယန်လော်ပေါ်မှာ

'ချူးယခင်တာ ထုံထိန်တူ၊ ယခင်နှင့်ယှဉ် လုံးလုံးမတူ။
ပိုင်နက်နယ်မြေ ဆက်စပ်ထား၊ ဝူချူနိုင်ငံ နယ်စပ်ကြား။
ချူးယန်လော်ကို ဆောက်တည်ထား။
အပြုံးအပျော် နေ့ညမခွဲ၊ အမြဲမပြတ် လည်ပတ်မြဲ။
ပျော်ကြရှင်ကြလူမစဲ၊ လောကအောင်ပွဲ တို့အောင်ပွဲ'

ပျော်ရွှင်ကြည်နူးဘွယ်ကောင်းသော တေးသံသာပင်ဖြစ်ပါသည်။

ဤတေးသံသည် ချူးယန်လော်ဝေဟာထဲမှ ပျံ့လွင့်နေသော

www.burmeseclassic.com

www.burmeseclassic.com



တေးသံသာပင်ဖြစ်ပါ၏။

ချူးယန်လော်ဂေဟာကြီးသည် ခန့်ညားထည်ဝါခြင်းရှိသကဲ့သို့ သဘာဝအလှအပများ ဝိုင်းရံနေသဖြင့် ကြည်နူးချမ်းမြေ့ဘွယ်လည်း ကောင်းလှပေသည်။ ဂေဟာကြီး၏ နောက်ကျောဘက်ဒေသသည် ထုံထိန်ရေကန်ကြီးဒေသဖြစ်ပြီး ယန်စီကျန်းမြစ်ဒေသလည်း ရှိနေပါ၏။

ထိုပတ်ဝန်းကျင်တွင် တောင်တန်းကြီးများ ဝိုင်းပတ်ကာဆီးနေသကဲ့သို့ တလိပ်လိပ်တက်နေသော ရေလှိုင်းဖွေးဖွေးများကိုလည်း ရှုမောမဆုံးအောင် တွေ့နေရပါ၏။

ထုံထိန်ရေကန်ကြီးဒေသသည် မိုင်လေးရာခန့် ကျယ်ဝန်းရှည်လျားသဖြင့် လွမ်းမောကြည်နူးဘွယ်ကောင်းသော သဘာဝအလှများ ပြည့်နေ၏။

အချိန်သည် ထိုဒေသမှ တောင်စွယ်ကြီးပေါ်တွင် နေဝန်းနီကြီး မေးတင်နေသည့်အချိန်ဖြစ်သဖြင့် လောကသည် ပန်းရောင်သန်းပြီး တိမ်ပန်းချီကားချပ်ကြီးများ ချိတ်ဆွဲထားသည့်ပမာ လှပလွန်းနေ၏။

ငှက်ကျေးသာရကာတို့ အိပ်တန်းတက်ရန် အစုလိုက်ပျံသန်းနေကြသည်မှာလည်း ကြည့်မျှော်၍မဆုံးတော့။

ပန်းနုရောင်သွေးများ ဆွတ်ဖျန်းထားသည့် ရေလှိုင်းများသည် ဘယ်ပန်းချီရေးမမီသည့် ပန်းချီကားချပ်ကြီးပင်တည်း။

ချူးယန်လော်ဂေဟာကြီးပေါ်ရှိ အနီရောင် လက်ရန်းကို

ဆုပ်ကိုင်ပြီး သဘာဝအလှအပများကို ငေးမောနေသူတစ်ဦးသည် မျက်နှာတစ်ပြင်လုံး ဖြူဖတ်ဖြူရော်ဖြစ်နေ၏။

သဘာဝအလှနှင့် ဆန့်ကျင်နေသော လူတစ်ယောက်ဟု ဆိုသော် ရနိုင်တောင်းပေ၏။

ထိုလူသည် အကျီနက်ကို ဝတ်ဆင်ထားပြီး နာလန်ထစ ရှာတာရှည်ရောဂါသည်နှင့် တူလှပေ၏။

သူ၏အေးစက်စက်နိုင်နေပုံသည် ပတ်ဝန်းကျင်ကို အသေကောင်ကြီး ငေးကြည့်နေသည်နှင့် တူလှပေ၏။

ဤပုံကိုကြည့်ရုံနှင့် ဤလူသည် မွေးကတည်းက အေးတိအေးစက်နိုင်နေသူတစ်ဦးနှင့် တူလှပေ၏။

သို့သော် လူမမာရုပ်ပေါက်နေသော အေးတိအေးစက်နိုင်နေသော အမူအရာများသည် ထိုလူ၏ မူလခန့်ညားမြင့်မြတ်မှုအရည်အသွေးကိုကား ဖုံးအုပ်နိုင်စွမ်း မရှိပေ။

ထိုလူသည် ဂေဟာခန်းမအတွင်းမှ ပျံ့လွင့်လာသော ရှေးခေတ် စာဆိုတော်ကြီးတုဖူ၏ ရသမြောက် တေးကဗျာကို အာရုံခံစားစွာ နားထောင်ခံစားရင်း ယစ်မူးနေသလား မပြောတတ်ပေ။

သူ၏မျက်လုံးအစုံကား ရှေ့တွင်မြင်ရသော ရေလှိုင်း ဖြင့်ချယ်ကြီးထဲ၌ ကူးချည်သန်းချည် လှုပ်နေကြသော လှေကြီးလှေငယ် များကို ကျောက်ရုပ်ကြီးလို ငေးကြည့်နေခဲ့တည်း။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄

## အကျိုးစီးနှစ်သော

ထိုလူ ထိုသို့ ငေးမောနေသည်မှာ မည်မျှကြာဖြိ
မည်သူမျှ တပ်အပ်သေချာ ပြောနိုင်ကြမည် မထင်ပါ။

ထူးခြားသည်ကား သူ၏ မှုန်မှိုင်းရီဝေနေသော မျက်
အစုံသည် ထူးခြားစွာ တောက်ပလာနေပါ၏။

သို့သော် သူသည် ကျောက်ရုပ်ကြီးလို ရပ်နေဆဲသ
တည်း။

မရှေးမနှောင်းမှာပင် ခြေသံသဲ့သဲ့ကို ကြားလာရပြီး မွေ
သင်းထုံသော ကိုယ်သင်းနံ့များ ပျံ့လွင့်လာလေတော့သည်။



သိပ်မကြာပါ။

သင်းရနံ့ပိုင်ရှင် အကျီနီဝတ် မိန်းမပျိုလေး ဘွားခနဲ
ပေါ်လာလေတော့သည်။

မိန်းမပျိုသည် အလွန်ချောမောလှပသော မိန်းမပျိုလေး
တစ်ဦးဖြစ်သည်။

သူမသည် လက်ရန်းနီနီတွင် မှီရပ်နေသောအကျီနက်
သူငယ်ကို တွေ့လိုက်သည်နှင့် ဝမ်းသာသွားသလိုလို၊ ထိတ်လန့်
တုန်လှုပ်သွားသလိုလို ဖြစ်သွားသည်။

ထို့နောက် ရပ်တန့်နေရာမှ ချာခနဲ လှည့်ပစ်လိုက်ပြီး
တစ်နေရာသို့ ခပ်သုတ်သုတ် လှမ်းထွက်သွားတော့သည်။

မိုင်လေးရာလောက် ကျယ်ဝန်းရှည်လျားသည့် ရေပြင်
ကြီးထဲမှ လှပသောလှိုင်းလုံးကလေးများနှင့် လေကြီးလေငယ်
တို့သည် ဆည်းဆာနေခြည်အောက်၌ ရှုမောဘွယ် လှပနေဆဲ
ပါတည်း။

သို့သော် မိန်းမပျိုသည် ဤအလှအပများကို အာရုံခံစား
နိုင်ခြင်း ရှိဟန်မတူပေ။

သူမ၏ ခြေသံပျောက်သွားပြီးနောက် မကြာမြင့်သော
အချိန်မှာပင် ခပ်ပြင်းပြင်း နင်းလာသောခြေသံကို ကြားရပြန်၏။

ဤခြေသံနှင့် မိန်းမပျို၏ အမူအရာကို ဆက်စပ်ကြည့်ပါ
က ပြေးသူနှင့်လိုက်သူ ဖြစ်ကောင်းဖြစ်နိုင်နေပါ၏။

ကြားနေရသောအသံသည် အလွန်ဝေးနေရာမှ တာသာစ

www.burmeseclassic.com

www.burmeseclassic.com

နီးလာ၏။

ထို့နောက် ချူးယန်လော်ဂေဟာကြီး အောက်သို့အရော

တွင် ပျောက်ကွယ်သွားပြန်၏။

ခြေဖော့လိုက်သည်လော၊ ရုပ်တန့်လိုက်သည်လေ

မသိတတ်နိုင်ပေ။

ထိုအချိန်၌. . .

အကျိုးနိုမိန်းမပျို၏ အမူအရာသည် အလွန်ကြောက်

စိုးရွံ့သည့်အသွင်သို့ ပြောင်းလဲဖြစ်ပေါ်လာ၏။

သိပ်မကြာပါ။

ထူးခြားသောစကားသံများကို ကြားလာရတော့သည်

'တော်တော် အလည်တကျတဲ့ မိန်းကလေးပဲ၊ မျက်စိရှေ့

တင် ပျောက်ချင်းမလှ ပျောက်သွားတယ်'

'အို. . . ဒီမိန်းကလေး ဘယ်လောက်လျှင်လျှင် ထို

ရေကန်ကြီးထဲတော့ ဆင်းမသွားနိုင်သေးပါဘူး'

'အင်း. . . ကျုပ်သာ သူနေရာမှာရှိနေရင် ချူးယန်လေ

ဂေဟာပေါ်တက်ပြီး ပုန်းနေမိမှာပါပဲ. . . တဲဟဲဟဲ'

ထိုစကားသည် အကျိုးနိုမိန်းမပျို၏နားထဲသို့ သံပူ

လောင်းလိုက်သောစကားပင်။

အကျိုးနိုမိန်းမပျိုသည် ငြိမ်ကုတ်နေရာမှ တွန့်ခနဲ ဖြစ်

ပြီး ကြက်သီးတဖြန်းဖြန်း ထသွားတော့သည်။

ဤတွင်မတ- ဟနေသော နီတျာတျာနှုတ်ခမ်းလေးတို

▲



ဖြူနုသော လက်ဖဝါးကလေးဖြင့် ကယောင်ကတမ်း ပိတ်လိုက်

တော့သည်။

ထိုစဉ် စကားပြောသံ ထပ်ပေါ်လာသည်။

'ကြည့်စမ်း. . . ကြည့်စမ်း၊ ကျုပ်ပြောတာ လုံးလုံး မမှား

ဘူးဗျ၊ မိန်းကလေးက ကျုပ်တို့နဲ့ စိတ်ကူးချင်း တူတယ်၊ ဟဲဟဲ'

'ဟုတ်တယ်၊ ဟုတ်တယ်၊ ဥာဏ်ရှိအတွေး မြေးကြည့်တာ

ထက် မှန်သတဲ့. . . ဟဲဟဲ'

အကျိုးနိုမိန်းမပျိုသည် စကားပြောနေသော လူနှစ်ယောက်

တို ဘွားခနဲ တွေ့လိုက်ရသဖြင့် တုံ့ခနဲ ဖြစ်သွားတော့သည်။

မျက်စိရှေ့တွင် ရပ်နေသူများသည် အကျိုးစိမ်းဝတ်ထား

သော လူနှစ်ယောက်ပင်။

တစ်ယောက်သည် ပိန်ပိန်ရှည်ရှည်ဖြစ်ပြီး တစ်ယောက်

သည် လုံးဝလဲလေးဖြစ်သည်။

နှစ်ယောက်စလုံး သွားများအဖွေးသားပေါ်အောင်

ဟဲဟဲနှင့် ရယ်နေကြသည်။

ထို့နောက် ပိန်ပိန်ရှည်ရှည် အကျိုးစိမ်းက သူမကို

ိုက်ကြည့်ပြီး မေးလာသည်။

'မိန်းကလေးက တို့နှစ်ယောက်ကိုတွေ့တာနဲ့ ဘာလို့

ွက်ပြေးတာလဲ'

အကျိုးနိုမိန်းမပျိုသည် ရှောင်တိမ်းရန် အခြေအနေ မပေး

တော့သဖြင့် ရဲရဲရင်ဆိုင်ရတော့သည်။

▲

www.burmeseclassic.com

www.burmeseclassic.com



'ရှင်တို့နှစ်ယောက်က ဘာတွေမှိုလဲရှင့်၊ ဘာလုပ်ကြမလို့

လဲရှင့်'

ပိန့်ပိန့်ရှည်ရှည်က ခပ်အုပ်အုပ် ရယ်လိုက်သည်။ ထို

နောက်. . .

'သိုင်းသမားတွေပါ။ ဘာမှတော့ မလုပ်ပါဘူး၊ မိန်းကလေး

ကို ဒီထက်ကောင်းတဲ့နေရာကို ခေါ်သွားချင်လို့ ဖိတ်ခေါ်တာပ

'နေပါဦး၊ ရှင်တို့က ဘယ်သူတွေလဲ၊ ကျွန်မက အလကား

နေရင်း ပြဿနာတက်ချင်နေတဲ့ မိန်းမစား မဟုတ်ဘူး၊ ရှင်တို့

လည်း ကြောက်မယ် ထင်မနေနဲ့'

အကျိုးနှိမ်မိန်းမပျိုက ခပ်တင်းတင်း ခပ်မာမာပြောလာ

ပိန့်ပိန့်ရှည်ရှည် အကျိုးစိမ်းက. . .

'ကျုပ်တို့ကလည်း ရှန်းရင်းဆန်ခတ် မဖြစ်ချင်ပါဘူး

ခင်ဗျားသာ အေးအေးဆေးဆေးနဲ့ ကျုပ်တို့နောက် လိုက်ခဲ့

ဘာပြဿနာမှ မပေါ်စေရပါဘူး. . . ဟဲဟဲ'

'အိုး. . . ကျွန်မက ဘာဖြစ်လို့ ရှင်တို့နောက် လိုက်

မှာလဲ'

'ဘာမှတော့ မဟုတ်ဘူးပေါ့ဗျ၊ မိန်တလေးက သိပ်

သိပ်လှနေလို့ပါ ဟဲဟဲ'

အကျိုးနှိမ်မိန်းမပျို၏ မျက်နှာသည် ရဲခနဲ နီသွားသည်

ဒေါသလည်း ဖြစ်လာသည်။

'ရှင်တို့ တော်တော် ပါးစပ်သရမ်းတာပဲ၊ ရှင်တို့စော



တော်တော်အောက်တန်းကျတာပဲ၊ ကြာရင် ရှင်တို့ပါးစပ်ထဲက

သွားတွေ ကျွတ်သွားလိမ့်မယ်၊ လူကို ဘာအောက်မေ့နေသလဲ၊

ကျွန်မဟာ ဖေးယွင်ရဲတိုက်က၊ မိန်းမမျိုးရိုးအမည်က လီ၊ နား

လည်လား'

အကျိုးနှိမ်မိန်းမပျို၏စကားကြောင့် လက်ရန်းနှိုကို မီရပ်နေ

သော အကျိုးနီနက်နှင့်လူငယ် ထိတ်ခနဲဖြစ်သွားသည်။

ထိုစဉ် အကျိုးစိမ်းနှင့် ပိန့်ပိန့်ရှည်ရှည်လူက အသံအစ်အစ်

နှင့် ပြောလာသည်။

'ဖေးယွင်ရဲတိုက်က လီ ဟုတ်လား၊ ရဲတိုက်နာမည်ကတော့

တော်တော်ကြောက်စရာကောင်းတဲ့နာမည်ပဲ၊ ကဲ. . . ရှင်းရှင်းပဲ

ပြောမယ်၊ ခင်ဗျားသာ လီယွင်ဟုန် မဟုတ်ရင် ကျုပ်တို့ ခုလို

လိုက်လာမှာ မဟုတ်ဘူးဗျ'

အကျိုးနှိမ်မိန်းမပျိုသည် ကြားရသောစကားကြောင့် မျက်စိ

မျက်နှာ ပျက်သွားသည်။

'နေပါဦး၊ ရှင်တို့က ဘယ်သူတွေလဲ၊ ဘာဖြစ်လို့ ကျွန်မ

နောက် လိုက်ပြီး မရအရ ခေါ်နေတာလဲ'

'နောက်တော့ သိရမှာပေါ့ဗျာ၊ ခုတော့ ကျုပ် မဖြေနိုင်သေး

ဘူး၊ အရေးကြီးတာက ကျုပ်တို့ နောက်သာ လိုက်ခဲ့ပါ'

အကျိုးစိမ်းနှင့် ပိန့်ပိန့်ရှည်ရှည်လူသည် စကားဆုံးသည်နှင့်

ရှေ့ကို လျှောက်ထွက်သွားသည်။

ခြေလှမ်းနှစ်လှမ်းမျှသာလှမ်းပြီး နောက်သို့ ပြန်လှည့်ပြန်

www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုစဉ် အကျီစိမ်းနှင့်လူဗလံလေးသည် သူတို့ကို စောင့်ကြည့်နေခဲ့သည့် အကျီနက်နှင့်လူအနီးသို့ လျှောက်သွားပြီး ရှေ့မတိုးနိုင်အောင် ရပ်ကာတားလိုက်သည်။

ထိုနောက်. . .

'ခင်ဗျားကို ကျုပ်တို့ တက်လာလာချင်း တွေ့ပါတယ်၊ မိတ်ဆွေကလည်း တော်တော်အလိုက်သိတတ်သူပဲ၊ ဒီမှာ ဖြစ်ပျက်နေတာတွေကို သိနေလျက်နဲ့ တစ်ချက်တလေး လှည့်မကြည့်ခဲ့ဘူး၊ ကျုပ်တို့ ပြောနေဆိုနေကြတာတွေကိုလည်း မကြားချင်ယောင်ဆောင်နေတယ် မဟုတ်လား'

အကျီနက်နှင့်လူသည် လူဗလံလေး၏စကားကို မကြားယောင် ပြုံးမြမြပြုပြီး အဝေးကို ငေးနေဆဲတည်း။

အကျီစိမ်းနှင့် ပိန်ပိန်ရှည်ရှည်လူသည် ကျောက်ရုပ်လိုရပ်နေသော အကျီနီမိန်းမပျိုကို စိုက်ကြည့်လိုက်ပြီး ဒေါသဖြစ်လာတော့သည်။

ထိုစဉ်. . .

မည်သူ့တိုမျှ ဂရုစိုက်ဟန်မရှိသော အကျီနက်၏နှုတ်မှ စကားသံများ ထွက်လာတော့သည်။

'ယောကျ်ားရင့်မကြီးနှစ်ယောက်က အားနွဲ့တဲ့ မိန်းမပျိုတစ်ယောက်ကို ဝိုင်းပြီး အနိုင်ကျင့်ရသတဲ့လားဗျာ၊ ချုံးဟန်လော်ဝေတာဟာ အင်မတန် ငြိမ်းချမ်းသာယာတဲ့ ဂေဟာဗျ၊ ရှုန်းရင်း



န်ခတ် လုပ်မနေကြပါနဲ့ဗျာ၊ အာရုံ ပျက်တယ်'

အေးစက်စက်နှင့် ထီမထင်ပြောလာသောစကားသည် လွန်လေးနက်သွားသည်။

အကျီစိမ်းနှစ်ယောက်သည် ထိတ်လန့်တုန်လှုပ်သွားပြီး ယ်ရှိန်သတ်လိုက်ကြသည်။

အကြမ်းဖက်ရန် စိတ်အကြံကိုပင် တဒင်္ဂလျှော့ချလိုက်သည်။

အတန်ကြာမှ ပိန်ပိန်ရှည်ရှည် အကျီစိမ်းက ရယ်မောပြီး ာလာသည်။

'စိတ်မရှိပါနဲ့ မိတ်ဆွေ၊ မိတ်ဆွေ အာရုံပျက်သွားတယ်ရင် စိတ်မဆိုးဖို့ တောင်းပန်ပါတယ်'

အကျီနက်သည် ဘာစကားမျှ မပြောဘဲ အခြေအနေသာ အတဲခတ်နေသည်။

ပိန်ပိန်ရှည်ရှည် အကျီစိမ်းသည် ရှက်ကိုးရှက်ကန်းသွားဟန်နှင့် တဟဲဟဲရယ်ပြီး ပြောလာပြန်သည်။

'ဟဲဟဲ. . . မိတ်ဆွေရဲ့ မျက်လုံးတွေကို ကြည့်ရတာ ကျုပ်ပြသနာထဲ ဝင်စွက်ချင်နေပုံပဲ၊ ကျုပ်တို့က ကျုပ်တို့အမှားကိုလွယ်တကူ တောင်းပန်တတ်ပေမယ့် ကျုပ်တို့ကိစ္စထဲ ဝင်စွက်ရင်တော့ ဟဲဟဲ. . . သည်းမခံတတ်ဘူးဗျ'

အကျီနက်သည် နှုတ်ပိတ်မြဲ ပိတ်ပြီး ငြိမ်သက်မြဲ ငြိမ်သက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအမူအရာကြောင့်ပင်လျှင် အကျီစိမ်းနှစ်ယောက် ကြွက်သီး တဖြန်းဖြန်း ထသွားတော့သည်။

ပိန်ပိန်ရှည်ရှည် အကျီစိမ်းသည် အခြေအနေကို သဘော ပေါက်လာဟန်နှင့် ထိမထင်သောအမူအရာများကို ပယ်ဖျောက် လိုက်ပြီး တဟဲဟဲရယ်ကာ လက်သီးဆုပ် ဝါရဝပြုလာသည်။

'တဲ့ . . . မိတ်ဆွေ၊ စကားမပြော ဘာမပြော လုပ်မနေပါ ဗျာ၊ ကျေးဇူးပြုပြီး မိတ်ဆွေရဲ့နာမည်ကို ပြောပြစေချင်ပါတယ်

အကျီနက်သည် ဘာမျှ မပြောဘဲ ကျောက်ရုပ်လို ငြိမ်နေ မြဲပင်။ သူ့အမူအရာသည် ဆွံ့အနေသူနှင့် တူလွန်းလှတော့သည်။

■



## အခန်း (၅၀)

## အကျီနက် သို့မဟုတ်

စင်စစ် ထိုလူသည် ဆွံ့အနေသူ မဟုတ်ပါ။

ဒါကို အကျီစိမ်းနှစ်ယောက်စလုံး သိပြီးဖြစ်သည်။

သို့တိုင် ထိုလူသည် ယခုအချိန်အထိ ဘာကြောင့် စကား မပြောဘဲ နေလေသနည်း။

အကျီစိမ်းနှစ်ယောက် မစဉ်းစားတတ်တော့ပေ။

မည်သို့ပင်ဖြစ်စေ ကျောက်ရုပ်လို အမူအရာသည်ပင် လျှင် အကျီစိမ်းနှစ်ယောက်စလုံးကို ကြောက်ရွံ့တုန်လှုပ်စေသည့် အမူအရာ ဖြစ်နေတော့သည်။

အကျီစိမ်းနှင့် လူဗလံလေးသည် ပိန်ပိန်ရှည်ရှည် အကျီ

www.burmeseclassic.com

www.burmeseclassic.com



စိမ်းအနီးသို့ တိုးကပ်ပြီး တိုးတိုးလေးပြောသည်။

'မွေ . . ဒီလူကို သေသေချာချာ ကြည့်စမ်းပါ၊ သွေးကြောတွေများ အပိတ်ခံထားရသလား'

ပိန်ပိန်ရှည်ရှည် အကျီစိမ်းသည် အကြောင်းမဲ့ သက်သက်တဖဲဖဲ ရယ်နေပြန်တော့သည်။

ထို့နောက် ဘာစကားမျှ မပြောတော့ဘဲ ထွက်ခွာရန်ဟန်ပြင်လိုက်သည်။

ထိုအခါကျမှ အကျီနက်၏ အေးစက်စက်အသံ ပေါ်လာသည်။

'လှုပ်လှုပ်ရှားရှား လုပ်မယ်မကြံနဲ့ သေသွားမယ်'

အကျီစိမ်းနှစ်ယောက် တုံ့ခနဲဖြစ်သွားသည်။

အခြေအနေကို သဘောပေါက်သွားဟန်နှင့် အလိုလိုနောက်ပြန်ဆုတ်သွားသည်။

ထို့နောက် ပိန်ပိန်ရှည်ရှည် အကျီစိမ်းက ဒုတိယမ္ပိဂါရဝပြုလိုက်ပြန်ပြီး - -

'ကျုပ် . . . ကျုပ်စိတ်ထဲမှာ မိတ်ဆွေကို အင်း . . . မိတ် . . . မိတ်ဆွေက ဘယ်ကပါလဲ၊ တဆိတ်လောက် နာမည်လေး သိပါရစေ'

အကျီနက်၏ အေးစက်စက်အသံ ဆက်တိုက်ထွက်လာသည်။

'ခင်ဗျားတို့ ဘာကိစ္စနဲ့ ဒီမိန်းကလေးနောက် လိုက်နေကြ



တာလဲ ပြောစမ်းပါ'

ပိန်ပိန်ရှည်ရှည် အကျီစိမ်းက ခြောက်ကပ်ကပ် ရယ်ပြန်သည်။

'ချူးယန်လော်ဂေဟာထက်မှာ ရပ်နေတဲ့ မိတ်ဆွေ . . ဒီနေရာဟာ မိုင်လေးရာလောက် ကျယ်ဝန်းရှည်လျားတဲ့ ရေမြှင်ကြီးနဲ့ ဆက်စပ်နေတဲ့ ဒေသပါ၊ ဒီတော့ ကျုပ်တို့ ဘယ်သူဘယ်ဝါဆိုတာ ပြောပြပေမယ့် သိနေလောက်ပြီ ထင်ပါတယ် . . . ဟဲဟဲဟဲ'

အလွန်ရိုက်ချင်စရာကောင်းသော ပြောဟန်နှင့် ရယ်သံပင် ဖြစ်သည်။

အကျီနက်၏ မျက်လုံးအစုံသည် ထူးထူးခြားခြား ပင်းလက်တောက်ပလာပြန်သည်။

'ဪ . . ဪ . . . လက်စသတ်တော့ ခင်ဗျားတို့ နှစ်ယောက်ဟာ ထုံထိန်ရေတန်ကြီးက ကြံ့လုံစိုက် စခန်းသားတွေကိုး'

ပိန်ပိန်ရှည်ရှည် အကျီစိမ်းက ခေါင်းညိတ်ပြီး ဟက်ခနဲ ရယ်ပြသည်။ ထို့နောက် . . .

'မိတ်ဆွေက ဗဟုသုတကြွယ်သားပဲ ဟဲဟဲ'

အကျီနက်က ကြားရသောစကားကိုပင် မကြားဟန်ပြုပြီး ဆက်ပြောလာသည်။

'ဒီဒေသမှာ အရှေ့ရဲတိုက်နဲ့ အနောက်ရဲတိုက် နှစ်ခုရှိတယ်၊ ခန်းကတော့ တောင်ခြောက်စခန်းဆိုပြီး စခန်းလေးခု ရှိတယ်၊ သူတို့အားလုံးဟာ သိုင်းလောကမှာ ဂုဏ်ရှည်တဲ့ လက်ရှည်တွေပဲ၊

www.burmeseclassic.com

www.burmeseclassic.com



အဲ. . . ကျုပ်မေးပါရစေ၊ ကြံ့လုံစိုက်စခန်းက ခင်ဗျားတို့နှစ်ယောက်ရဲ့ ရာထူးအဆင့်က ဘယ်လိုအဆင့်လဲ'

ပိန်ပိန်ရှည်ရှည်လူက အလွန်ကျေနပ်သွားဟန်နှင့် ကြည်ကြည်နူးနူး ပြုံးလာသည်။

'ကျုပ်တို့အဆင့်က တက်မကိုင်အဆင့်တွေပါ'

'ဩော်. . . ဩော်. . . အဆင့်အတန်းမြင့်တဲ့ ရာထူးရှင်တွေ ကိုး၊ လေးစားစရာကောင်းတဲ့ အဆင့်အတန်းတွေပါပဲ'

အကျီစိမ်းနှစ်ယောက်သည် အကျီနက်၏ စကားကြောင့် အလွန်ကျေနပ်သွားကြသည်။

ထိုစဉ် အကျီနက်က ဆက်ပြောလာသည်။

'ကျုပ် သိထားသလောက်တော့ ရဲတိုက်နှစ်ခုနဲ့ စခန်းလေးခုဟာ သိုင်းလောကမှာ လူပ်ရှားမှုနည်းတဲ့ ဂိုဏ်းအဖွဲ့တွေပဲ၊ ခုတော့ ဘာကိစ္စနဲ့ ဖေးယွင်ရဲတိုက်က မိန်းမပျိုလေး 'လီ'တို့ နှောင့်ယှက်လာကြတာလဲ'

ပိန်ပိန်ရှည်ရှည် အကျီစိမ်းက. . .

'မွင့်ပွင့်လင်းလင်း ပြောရရင်တော့ အထက်အမိန့်ကြောင့်ပေါ့ဗျာ၊ ကျုပ်တို့က အထက်အမိန့်ကို ကျေပွန်အောင်ထမ်းဆောင်နေကြရတဲ့လူတွေပါဗျ'

'ဩော်. . . ဩော်. . . ဘယ်သူ့အမိန့်ပါလဲဗျာ'

'စခန်းသခင်ကြီးရဲ့ အမိန့်ပေါ့ဗျာ'

'ဒါဖြင့်ရင် စခန်းသခင်ကြီးအောက်မှာ ဘယ်သူ့ အမိန့်



မေးနိုင်သေးသလဲဗျာ၊ ဒီလိုမေးရတာ ခင်ဗျားတို့နှစ်ယောက်နဲ့ ဆွေးနွေးတိုင်ပင်စရာရှိလို့ပါ'

'ဒီအမေးက ပြောစရာမလိုတော့ပါဘူး၊ ပြောစရာရှိတာသာ ပြောပါ'

အကျီနက်သည် အကျုပ်အတည်းဖြစ်ပြီး မလှုပ်မယှက်ရပ်နေသည့် အကျီနီမိန်းမပျိုကို လှမ်းကြည့်လိုက်သည်။ ထို့နောက်. . .

'ကျုပ်ဟာ ဒီ ချူရန်လော်ဂေဟာအပေါ်ကို ခင်ဗျားတို့အားလုံးထက်စောပြီး ရောက်ရှိနေခဲ့တဲ့လူဗျ၊ အဲ. . . များမကြာမီမှာတော့ ဟောဟိုက အကျီနီမိန်းမပျိုလေး ရောက်လာတယ်၊ ဒီတော့ သူနဲ့ကျုပ်ဟာ ပထမဆုံး ရေစက်ဆုံကြတဲ့လူတွေပဲ'

အကျီနက်စကားသည် မည်သည်ကို ရည်ရွယ်သည်မသိသော်လည်း အကျီနီမိန်းမပျို၏မျက်နှာသည် ရှက်သွေးဖြာပြီး နီရဲလာတော့သည်။

ကြားရသောစကားကြောင့် ကြောက်ရွံ့တုန်လှုပ်ဟန်လည်း ဖြစ်ပေါ်လာသည်။

အကျီနက်က ဘာကိုမှ ဂရုမထားဟန်နှင့် ဆက်ပြောသည်။

'ဒီတော့ ဒီမိန်းမပျိုဟာ ကျုပ်နဲ့သက်ဆိုင်သူဖြစ်သည်ပြီ၊ ဒါကြောင့် ကျုပ်ပဲ ခေါ်ထားလိုက်တော့မယ်၊ ခင်ဗျားတို့စခန်းက အရေးတကြီး လိုအပ်နေတယ်၊ သိပ်လိုချင်နေတယ်ဆိုရင် စခန်း

www.burmeseclassic.com

www.burmeseclassic.com



ရှင်ကြီးကို အမြန်ဆုံးပြန်ပြီး အကြောင်းကြားလိုက်ပါ၊ စခန်းရှင်ကြီး ကိုယ်တိုင် ကျုပ်နဲ့ လာတွေ့ပါလို့'

အကျိုးစိမ်းနှစ်ယောက်သည် အလွန်မကျေမနပ်ဖြစ်သွား သည်။

ထိုအချိန်မှာပင် အကျိုးနီမိန်းမပျိုက မီးဝင်းဝင်းတောက် သော မျက်လုံးအစုံနှင့် အကျိုးနက်ကို စိုက်ကြည့်သည်။

မျက်ဝန်းအိမ်တွင် မျက်ရည်များ ဝဲလာပြီး အသား တဆတ် ဆတ်တုန်လာသည်။

ထို့နောက် ကြမ်းခင်းကို ဖနောင့်နှင့် ဆောင့်ပြီး ခုန်ဆင်း ရန် ဟန်ပြင်လိုက်သည်။

ထိုအချိန်မှာပင် အကျိုးနက်က သူ့ရှေ့သို့ ဖျတ်ခနဲ ရောက် လာသည်။

'သည်းခံပါ မိန်းကလေး_မိန်းကလေး အသက်နဲ့ကိုယ် မြဲနေစေချင်လို့ပါ'

'ရှင်ဘာတွေ လာပြောနေတာလဲ'

'ကျုပ် ခင်ဗျားအပေါ် စိတ်ကောင်းထားနေတာပါ စေတနာ ကို နားလည်ပါ'

'ရှင့်ပါးစပ်က စေတနာဆိုတိုင်း ကျွန်မက ယုံရမှာလား'

'ခင်ဗျား မျိုးရိုးအမည်က လီ၊ နာမည်အပြည့်အစုံ လီယွင်ဟုန် ဟုတ်တယ် မဟုတ်လား'

'ကျွန်မ မေးတာသာ ဖြေစမ်းပါ၊ ထင်ရာလျှောက်မေးမနေ



ပါနဲ့'

'ခင်ဗျားကို ကျုပ် သိတယ်ဆိုတဲ့ အထောက်အထားပါ၊ ကျုပ်ကို မယုံရင် ယုံနိုင်မယ့် လူတစ်ယောက်နာမည်ကို ပြောပြမယ်၊ ကျုပ်ချစ်မိတ်ဆွေဟာ မင်ရင်ကြယ်ဆိုတဲ့လူပဲ'

မင်ရင်ကြယ် ဟူသောစကားကြောင့် လီယွင်ဟုန် အံ့ဩ သွားသည်။

'ရှင် တကယ်ပြောနေတာလား'

အကျိုးနီမိန်းမပျိုသည် အကျိုးနက်ကို ကြည့်ရင်း ပါးစပ် ဟောင်းလောင်းဖြစ်နေတော့သည်။

အကျိုးနက်က-

'ကျုပ်ဘဝမှာ တစ်ကြိမ်တစ်ခါမှ မလိမ်ညာခဲ့ဖူးဘူး မိန်း ကလေး၊ လိမ်ချင်ညာချင်သူဆိုရင် ဒီနာမည်ကို ဘယ်သူ ထုတ် ပြောရဲမှာလဲ'

အကျိုးနက်သည် နှုတ်ခမ်းတလှုပ်လှုပ်ဖြစ်လာပြီး မျက်ရည် ဝဲလာပြန်တော့သည်။

'လီယွင်ဟုန်၊ စကားပြောဖို့ အချိန်မရှိဘူး၊ သင့်လည်း မသင့်ဘူး၊ ဟိုနှစ်ယောက်ကို နှင်ထုတ်ဖို့ လိုသေးတယ်'

အကျိုးနီမိန်းမပျို လီယွင်ဟုန်သည် ကျေးဇူးတင်လွန်း တန်နှင့် ခေါင်းတဆတ်ဆတ် ညိတ်တော့သည်။ ထိုအခါကျမှ အကျိုးနက်သည် အကျိုးစိမ်းနှစ်ယောက်ရှိရာ ပြန်လျှောက်လာတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com



အကျိုးစိမ်းနှစ်ယောက်သည် တွောက်ရှုပ်လို ရပ်နေရင်းက အကျိုးနက်ကို ဒေါသမျက်လုံးနှင့် လှမ်းကြည့်သည်။

သို့သော် အကျိုးနက်၏ စူးရဲတောက်ပြောင်သော အကြည့်ဒဏ်ကို မခံနိုင်သဖြင့် မျက်လွှာချသွားသည်။ သူတို့၏ တုန်လှုပ်မှုကို မြင်ရသော အကျိုးနက်သည် မာဆတ်ဆတ်ပြောတော့သည်။

'ကဲ. . . ခင်ဗျားတို့နှစ်ယောက် ဒီလိုပဲ ရပ်နေကြတော့မှာလား'

ပိန်ရှည်ရှည် အကျိုးစိမ်းသည် အံကြိတ်ပြီး ခေါင်းမော့လာသည်

'ကျုပ်တို့နှစ်ယောက်ဟာ အထက်အမိန့်ကို တွေ... ပွန်ပွန် ထမ်းဆောင်ဖို့ ရောက်လာကြသူတွေဗျ၊ ခင်ဗျားကို သ... နှစ်ခါ ပြောရမှာလဲ'

အကျိုးနက်က ဘာမှမပြောဘဲ တဟဲဟဲ ရယ်တော့သည်

■



## အခန်း (၅၁)

## ရေစက်ဆုံသူ

ထို့နောက်. .

အကျိုးနက်က အေးစက်စက် ပြောလာသည်။

'ကျုပ်က ခင်ဗျားတို့ကို ဒုက္ခမပေးချင်ပါဘူး၊ ဒီမိန့်မဟိုနဲ့ ကျုပ်ဟာ ပထမဆုံး ရေစက်ဆုံသူတွေဆိုတော့. . . ဟဲဟဲ၊ ကျုပ်မှာ ...တ်ဖက်ခွင့် ရှိလာပြီလေ'

လီယွင်ဟုန်သည် ရှက်သွေး တဖြန်းဖြန်းတက်လာသော်လည်း စောစောကလို စိတ်မဆိုးတော့ချေ။

ပိန်ပိန်ရှည်ရှည်အကျိုးစိမ်းသည် ဒေါသသံနှင့် အံ့ဩ... ...ပြောလာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မိတ်ဆွေကလဲဗျာ၊ ကိုယ်နဲ့ မဆိုင်တဲ့ ကိစ္စကို ဝင်မစွက်း စမ်းပါနဲ့'

'ကျုပ်ပြောခဲ့ပြီးပါပြီ၊ သူနဲ့ ကျုပ်ဟာ. . .'

'ကျုပ် ပြောပါရစေ မိတ်ဆွေ၊ ခင်ဗျားတို့ဟာ ကျုပ်တို့ ထိုထိန်ရေကန်ကြီးဒေသမှာ ခြေချနေတဲ့လူတွေပါ၊ ကျုပ်တို့ ညီသည်ကို ညေ့သည်လိုပဲ ဆက်ဆံချင်ပါတယ်၊ မိတ်ဆွေ ဖြစ်ချင်ပါ တယ်၊ ကျုပ်စိတ်ထဲမှာ ဧည့်သည်ကို ရန်ပြိုဖွဲ့လို ဆန္ဒ မရှိပါဘူး'

'ကျုပ်ကတော့ စကာကို ရှင်းရှင်းပဲ ပြောတတ်တယ်၊ ကျု ဟာ ခင်ဗျားတို့ စခန်းက သခင်ကြီးကိုကြောက်ရင် ခုလိုခြေချမလာ ဘူး၊ ခုလို ဝင်မစွက်ဘူး၊ ကဲ. . . ရှင်းပြီလား'

ပိန်ပိန်ရှည်ရှည်အကျီစိမ်းသည် အခံရခက်လာသဖြ ခြောက်ကပ်ကပ် ရယ်တော့သည်။

'ဟဲဟဲ. . . ခင်ဗျားတော်တော်မျက်နှာပြောင်တိုက်ဝ လူပဲ၊ ခုလိုပြောနေတာတာ ရဲတင်းလွန်းရာ မကျဘူးလားဗျာ'

'မကျပါဘူးဗျာ၊ ဒီလိုလုပ်တာဟာ ကျုပ်ရဲ့ သဘာဝပဲ ကဲ. . . ရှင်းရှင်းပဲ ပြောမယ်၊ ခင်ဗျားတို့ သဘောတူတူ မတူ ကျုပ်ကတော့ ဒီမိန်းမပျိုကို ခေါ်ထားတော့မယ်၊ အဲဒီမိန်းမပျို လိုချင်ရင်တော့'

အကျီနက်၏အသံသည် အနိုင်ကျင့်သံ ပါလာသည်။

အကျီစိမ်းနှစ်ယောက်သည် ရှေ့တိုးမလား၊ နောက်ဆုတ်



မလား ဝေခွဲမရအောင် ဖြစ်နေသည်။

အတန်ကြာမှ ပိန်ပိန်ရှည်ရှည်အကျီစိမ်းက သက်ပြင်းရှိုက် ပြီး ပြောလာသည်။

'ကဲပါလေ၊ ခင်ဗျားဆန္ဒကို သိနေမှတော့ ကျုပ်တို့ ဇွတ် မတိုးချင်ပါဘူး၊ ခေတ္တခဏတော့ ခင်ဗျားလက်ထဲပဲ အပ်ထားခဲ့တော့မယ်'

'ဟဲဟဲ. . . လောကကြီးမှာ အကင်းပါးလိမ္မာမှ လူတော်လို့ ခေါ်တာ၊ ခင်ဗျားဟာ တကယ်အကင်းပါးပြီး သိမြင်တတ်တဲ့ လူတော်တစ်ယောက်ပဲ၊ အခြေအနေကိုကြည့်ပြီး တက်တတ် ဆုတ်တတ်တာဟာ အဆင့်မြင့် သိုင်းသမားတွေရဲ့ သဘာဝပဲ၊ ဟဲဟဲ၊ ခင်ဗျားတို့ကို သိပ်ပြီး ကျေးဇူးတင်တယ်ဗျာ'

'ဒါပေါ့ဗျာ၊ ကျုပ်တို့ဟာ ဦးနှောက်နဲ့ လူဖြစ်နေကြတဲ့ သူတွေပဲ၊ နိုင်ချေမရှိဘဲတိုက်ရင် မိုက်ရူးရဲ ဖြစ်သွားမှာပေါ့၊ တဲပါ . . ခင်ဗျားရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးပြီဖြစ်တော့ ကျုပ်တို့ လိုအပ်ချက်ကိုလည်း ဖြည့်ပေးစမ်းပါ၊ အရေးကြီးတာက ခင်ဗျား ဘယ်သူဘယ်ဝါဆိုတာ သိသွားဖို့ပဲ၊ ဒီလိုမှ မဟုတ်ရင် စခန်း သခင်ကြီး လာမေးတဲ့အခါ ကျုပ်တို့ ဒုက္ခရောက်နေပါမယ်၊ ကဲ. . . ပြောပါ ခင်ဗျားနာမည်'

ပိန်ပိန်ရှည်ရှည်အကျီစိမ်းက မျှော်လင့်ကြီးစွာ မေးသည်။

အကျီနက်က တက်ခနဲရယ်ပြီး ထိမထင်ဟန်နှင့် ပြော သည်။

www.burmeseclassic.com

www.burmeseclassic.com



'တကယ်တော့ ခင်ဗျားတင်ပြနေတဲ့ ပြဿနာဟ ခက်ခဲတဲ့ပြဿနာ မဟုတ်ပါဘူး၊ ခင်ဗျားတို့ စခန်းသခင် ကိုယ်တိုင် လိုက်လာရင် သေသေချာချာ သိရမှာပါ၊ ဒီ သူ့ကိုသာ အမြန်အကြောင်းကြားလိုက်ပါ'

'ခင်ဗျား တော်တော်လက်ပေါက်ကပ်တာပဲ၊ ဒီလိုဆို

'နေပါဦးဗျ၊ ကျုပ် မေးစရာ ရှိသေးတယ်၊ ခင်ဗျား ဒီမိန်းမပျိုကို ဘာဖြစ်လို့ လိုက်ဖမ်းနေတယ်ဆိုတာကို ပြောခဲ့ပါ

'အတော်ပဲ၊ အတော်ပဲ၊ အဲဒီမေးခွန်းကို ကျုပ်တို့ စ သခင်ကြီးနဲ့တွေ့မှမေးပေတော့'

'ခင်ဗျားက ကျုပ်ပြောသလို လိုက်ပြောနေတာကိုး၊ စ တောင် ရေသာခို အချောင်လိုက်တတ်သားပဲ၊ ဒါပေမယ့် ကျု ခင်ဗျားတို့ လိုလူတွေကို ဒုက္ခမပေးချင်ပါဘူး၊ ဘာဖြစ်လို့လ ဆိုတော့ ခင်ဗျားတို့က အဓိက တာဝန်ရှိသူ မဟုတ်တဲ့ နောက်လို တွေ ဖြစ်နေလို့ပဲ၊ ဒီတော့ ကျုပ်ပြောလိုက်တာတွေကိုသာ သေ ချာချာ ပြန်ပြောလိုက်ပါ၊ ဒီမိန်းမပျိုနဲ့ ကျုပ် ဒီဂေဟာပေါ် စောင့်နေမယ်၊ ညဉ့်ဦးယံအထိ၊ အဲဒီအချိန်အတွင်း ရောက်အေ လာပါစေ၊ အချိန်လွန်ရင် ကျုပ် တာဝန်မယူဘူး၊ ကဲ... ခင်ဗျား သွားနိုင်ပြီ'

'ခင်ဗျားဆန္ဒအတိုင်း ဖြစ်စေရမယ်၊ ဒါပေမယ့် ကျုပ်တို့ မျက်နှာပျက်အောင်တော့ မလုပ်ပါနဲ့၊ ကတိတည်ဖို့ သိပ်အ ကြီးတယ်'





'ကျုပ်ဟာ ကတိကို အသက်လို သဘောထားတဲ့သူဗျ၊ င်ဗျားတို့လို လက်အောက်ငယ်သားတွေအတွက်ဆိုရင် ကျုပ် ကတိ ပိုလေးနက်တယ်၊ ကဲ... အချိန်မရှိဘူး၊ ကျုပ် သတ်မှတ်ချိန် ထိပဲ စောင့်မယ်၊ ခင်ဗျားတို့ သွားတော့'

'ကောင်းပါပြီ၊ သတ်မှတ်ချိန်ကျော်ရင် ခင်ဗျားသဘော တိုင်း လုပ်နိုင်တယ်'

ပိန်ပိန်ရှည်ရှည်အင်္ကျီစိမ်းသည် သူ့အဖော် လူဗလံ လေးကို လှည့်ကြည့်ပြီး...

'ကဲ... ကျုပ်တို့ သွားကြမယ်၊ ဒီမှာ ဆက်နေလို့ အ ကြောင်းမထူးဘူး၊ ကျုပ်တို့ လက်လေးဘက်က သူများ လက်ညှိုး ထောက်တောင် အစွမ်းမထက်တော့ အောင်မြင်စွာ ဆုတ်ခွာရုံပဲပေါ့ တဲ့'

ပိန်ပိန်ရှည်ရှည်အင်္ကျီစိမ်းသည် လူဗလံလေးကို ဆွဲခေါ်ပြီး တာအောက်ထပ်သို့ ပြေးဆင်းသွားကြသည်။

ခြေသံများ လုံးဝ ပျောက်ကွယ်သွားသောအခါ အင်္ကျီနီက ည်း လေးစားဟန် ဂါရဝ ပြန်ပြုပြီး ရယ်ပြောပြောသည်။

'တိစ္စမရှိပါဘူး လီထွင်ဟုန်၊ ကျုပ်ကို ကျေးဇူးတင်စရာ ိုပါဘူး၊ ကျုပ်ရဲ့စေတနာကို မှန်မှန်ကန်ကန် သဘောပေါက် ယ်ဆိုရင်ပဲ ကျေနပ်နှစ်သိမ့်လှပါပြီ'

'ဒီလိုလည်း ဘယ်ဟုတ်မလဲရှင်၊ ကျေးဇူးရှင်ဟာ ကျေး ပဲပေါ့၊ သူ့ရဲ့ကောင်းမင်ရဲ့ သူငယ်ချင်းဆိုတော့လည်း ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



လေးစားမိတာပေါ့ရှင်'

တကဲ... အဲဒီစကားဟာ ကျုပ်ရဲ့ အလိမ်အညာ စကား ဆိုရင်တော့ဗျာ'

မမျှော်လင့်သောစကားကြောင့် လီယွင်တုန် မျက်နှာပျက် သွားတော့သည်။

တုန်တုန်ယင်ယင်နှင့်လည်း ထိတ်လန့်ကြောက်ရွံ့လာ တော့သည်။

အကျီနက်နှင့်လူသည် လီယွင်တုန်၏ အမူအရာကို ကြည့်ပြီး ရယ်ချင်လာလေသည်။

'အလကား ပြောတာပါ လီယွင်ဟုန်၊ ကျုပ် မင်ရင်ကြွယ်ရဲ့ မိတ်ဆွေအစစ်ပါ'

ထိုစကားကိုကြားမှ လီယွင်ဟုန့်မျက်နှာ ကြည်လင်ရွှင်ပျ လာတော့သည်။

'ရှင်ဟာ သူများကို အထိတ်တလန့်ဖြစ်အောင် တော် တော်လုပ်တတ်တယ်၊ ဟင်းဟင်း... ဒါနဲ့ ရှင့်နာမည် ဘယ်သူ ဆိုတာ ပြောပါဦး'

အကျီနက် ပခုံးနှစ်ဘက်ကို တွန့်ပြီး ပြောသည်။

'ကျုပ် ပြောလည်း ခင်ဗျား သိမှာ မဟုတ်ပါဘူးဗျာ မင်ရင်ကြွယ်ကလည်း သူ့မှာရှိတဲ့ မိတ်ဆွေအားလုံးရဲ့နာမည်တွေ ခရေစေ့တွင်းကျ ပြောပြဖူးတာ မဟုတ်ပါဘူး၊ ဒါဟာ အရေးကြီးတဲ့ ခချက် မဟုတ်ပါဘူးဗျာ၊ ကျုပ် မေးချင်တာက ခင်ဗျားဟာ



ကျန်းမမာဖြစ်နေတဲ့ ဖခင်ကြီးကို အနီးကပ်ပြုစုမနေဘဲ ဘာ ကိစ္စနဲ့ လျှောက်သွားနေရတာလဲ'

'အို... ဒါကတော့ ရဲတိုက်မှာချည်း နေနေရတာဆိုတော့ ကြာတော့လည်း ညည်းငွေ့လာတာပေါ့ရှင်၊ ဒါကြောင့် အသစ် အဆန်း မြင်ကွင်းတွေကိုတွေ့ရမြင်ရအောင် ထွက်လာခဲ့တာပေါ့'

'အရေးကြီးတာက သက်ရှိထင်ရှားရှိနေတဲ့မိဘကို အနီး ကပ် ပြုစုဖို့ဟာ သားသမီးတွေရဲ့ တာဝန်ဗျ၊ ခင်ဗျားဖခင်ကြီးဟာ သိပ်ကျန်းမာလှတာ မဟုတ်ဘူး၊ ဒီကြားထဲက ခုလို လျှောက်သွား နေတာဟာ'

'အလကား အပြစ်တင်မနေပါနဲ့ရှင်၊ လူတွေဟာ ကိုယ့် အကြောင်းနဲ့ကိုယ် သွားလာလှုပ်ရှားနေတာပါ၊ ကျွန်မအဖေကြီး ကျန်းမာတာကို ရှင် ဘယ်လိုလုပ် သိနေတာလဲရှင်'

'ခင်ဗျားဟာ တော်တော်မေ့တတ်တဲ့ မိန်းကလေးပဲ၊ မင်ရင်ကြွယ်ဟာ ကျုပ်ရဲ့ အချင်းနီးဆုံး မိတ်ဆွေပါလို့'

'ဪ... သူက ရှင့်ကို ပြောပြထားလို့ ဆိုပါတော့'

'အဖြေက ထွက်ပြီးသားပါဗျာ တဲတဲ'

'ဒီပြင် ဘာတွေ ပြောပြထားသေးသလဲရှင့်'

'လီယွင်ဟုန်က ဘာတွေ သိချင်နေလို့လဲ'

လီယွင်ဟုန်သည် နောက်ကြောင်းကို သတိရလာသဖြင့် ပါးပြင်တွင် ပန်းရောင်ပြေးသွားသည်။

'မင်ရင်ကြွယ်ဟာ ကျွန်မတို့သားအဖရဲ့ ကျေးဇူးရှင်ဖြစ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



ဖူး လို့ပါရှင်၊ ဒါပေမယ့် သူ့ကို ကျေးဇူးတင်ပါတယ်လို့ တစ်ခွန်းမှ မပြောလိုက်မိပါဘူး၊ ဒါကြောင့် . . . ဒါကြောင့်'

'ကိစ္စမရှိပါဘူး လီယွင်ဟုန်၊ မင်ရင်ကြွယ်က ကျေးဇူး အတင်ခံချင်လို့ ကူညီခဲ့တာ မဟုတ်ဘူးလို့ ကျုပ်ကို ပြောခဲ့ဖူး ပါတယ်၊ သူ့လုပ်ရပ်ကို ဈေးဇူးလို့လည်း မခေါ်ထိုက်သေးပါဘူးတဲ့ သူက ခင်ဗျားဟာ ဖခင်အပေါ် ရှိသေကိုင်းရှိုင်းတတ်သူ အပြုအမူ ကောင်းသူတဲ့၊ ခင်ဗျားရဲ့ ဖခင်ကြီးဟာလည်း ဖြောင့်မတ်တည်ကြည် တဲ့ သူ့ရဲ့ကောင်းတစ်ယောက်တဲ့'

အကျိုးနက်စကားကြောင့် လီယွင်ဟုန် ကျေနပ်နှစ်သိမ့် သွားသည်။

'ကျွန်မ သူပြောသလောက် မလိမ္မာသေးပါဘူးရှင်'

'အင်း. . . ခင်ဗျား စိတ်မဆိုးဘူးဆိုရင် သူပြောတဲ့ စကား တစ်ခွန်းကို ပြောချင်ပါသေးတယ်'

'ဘာများလဲ ရှင်'

'ဩော်. . . သူက ပြောတယ်၊ ခင်ဗျားဟာ သစ္စာရှိပြီး ထက်မြက်တဲ့ မိန်းကလေးတဲ့၊ တစ်ခေတ်မှာ တစ်ယောက်လို့ ဆိုရ လောက်အောင် အချောအလှလေးတဲ့'

လီယွင်ဟုန်သည် မမျှော်လင့်သောစကားကြောင့် မျက်လုံး ဝိုင်းသွားသည်။

'ဟူ. . . သူက ဒီလိုပဲ ပြောသလားရှင်'

'ကျုပ် ညာမပြောပါဘူးဗျာ'

▲



လီယွင်ဟုန်သည် နှလုံးသားများ လှုပ်ခါသွားအောင် ပီတိ ဖြာနေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

## မိန်းမလှ၏ ရှာပုံတော်

အကျီနက်က စကားလမ်းကြောင်းပြောင်းပြီး မေးသည်။

'ဒါနဲ့ လီယွင်ဟုန်က ဖေးယွင်ရဲတိုက်ကနေ ဘာဖြစ်လို့များ တစ်ယောက်တည်း ထွက်လာခဲ့တာလည်းဗျာ'

လီယွင်ဟုန်သည် နှုတ်ခမ်းတလှုပ်လှုပ် လုပ်နေရာမှ မျက်နှာတစ်ပြင်လုံး နီရဲလာတော့သည်။

'ကျွန်မ . . ကျွန်မ သူ့ကို လိုက်ရှာနေတာပါ'

'ဘယ်သူ့ကိုလဲ'

အကျီနက်က မသိဟန်ဆောင်ပြီး သေချာအောင် ထပ်မေးသည်။



လီယွင်ဟုန်က ရှက်ရွံ့ဟန်နှင့် . . .

မင် . . . သူရဲကောင်းကြီး မင်ကိုပါ'

'ဩော် . . . ဩော် . . .'

အနက်ဝတ်သည် မျက်ခုံးနှစ်ဘက်ကို မြှင့်တင်လိုက်ရင်း

'လက်စသတ်တော့ လီယွင်ဟုန်က သူ့ကို လိုက်ရှာနေတာကိုး၊ နေပါဦး ဘာကိစ္စများ ရှိနေလို့လဲ'

'အဖေကြီးအမိန့်နဲ့ သူ့ကို ကျေးဇူးဆပ်ဖို့ပါ'

'ဩော် . . . ဒီလိုဆိုရင် ခင်ဗျား ထွက်လာတာကို ခင်ဗျား အဖေကြီး သိတယ်ပေါ့'

'ဟုတ်ကဲ့ ၊ သိပါတယ်ရှင့်'

အနက်ဝတ်သည် အတန်ကြာအောင် ငြိမ်နေလိုက်ပြီးမှ-

'ကျုပ် ပြောပြီးပြီပဲဗျာ၊ သူက ကျေးဇူးအတင်ခံချင်လို့ ကူညီခဲ့တာမှ မဟုတ်ဘဲ၊ သူ့လုပ်ရပ်ကို ကျေးဇူးလို့တောင် သတ်မှတ်လို့ရတာ မဟုတ်ပါဘူး'

'ဒါက သူ့သဘောထားပါရှင်၊ ကျွန်မတို့ကတော့ သူ့လုပ်ရပ်ဟာ ကျေးဇူးပဲ၊ ဒါကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ပြန်ဆပ်ရမယ်၊ အဲဒါကတော့ ကျွန်မတို့သားအဖရဲ့သဘောထားပဲ'

'ကောင်းပါပြီ၊ ကောင်းပါပြီ၊ ဒီအကြောင်းကို ရပ်ပြီး စောစောက လူနှစ်ယောက်အကြောင်းကို ပြောကြရအောင်လား'

'ကောင်းပါတယ်'

အနက်ဝတ်သည် အဝေးကို လှမ်းကြည့်ပြီး လေးခွန်းချင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောလာတော့သည်။

'အစိမ်းဝတ်နှစ်ယောက်ဟာ ကြံလုံစိုက်ခင်းက လူတွေပဲ၊ သူတို့က ဘာကိစ္စနဲ့ ခင်ဗျားကို ဖမ်းချင်နေကြတာလဲ'

လီယွင်ဟုန်က ခေါင်းကို ဖြည်းဖြည်းလေး ယမ်းလိုက်သည်။

'ကျွန်မတို့လည်း ဘာမှန်း မသိဘူးရှင့်၊ ကျွန်မ စမ်းရှမ်းဒေသ ရောက်ကတည်းက သူတို့ လိုက်လာကြတာပဲ၊ လမ်းမှာ ကျွန်မနဲ့ တိုက်ခိုက်ခဲ့ကြသေးတယ်၊ သူတို့နှစ်ယောက်ကို အနိုင်မတိုက်နိုင်တာနဲ့ ခုလို ရှောင်ပြေးခဲ့တာပဲ'

'အင်း. . . ဒါဟာ တော်တော်ထူးဆန်းတယ်၊ ဘာမှ မစိုးရိမ်ဘဲ ပြောင်ပြောင်တင်းတင်း လိုက်လာကြတာဟာ ဖေးယွင်ရဲတိုက်ကို စိတ်ခေါ်တာပဲ၊ ဒီကိစ္စဟာ လွယ်လွယ်နဲ့ ပြီးသွားမယ့်ကိစ္စ မဟုတ်ဘူး'

'ရှင် ဘယ်လို တွေးထင်ပါသလဲ'

'မပြောတတ်သေးဘူး၊ ထန်လိန်ဖိုး ရောက်လာမှ သေသေချာချာ ပြောနိုင်မှာပဲ'

'ရှင်က သူတို့ကိုယ်တိုင် လိုက်လာမယ် ထင်နေသလား'

'လာပါလိမ့်မယ်၊ မလာဘဲ ကိစ္စမရှိပါဘူး၊ သူရှိရာ လိုက်သွားရုံပဲ၊ သွားရင် ခင်ဗျားနဲ့အတူ သွားမယ်'

'ကြံလုံစိုက်ကို လိုက်သွားမယ် ဟုတ်လား'

'လိုက်ရမယ်၊ လီယွင်ဟုန်ကို ဘာကြောင့် လိုက်ဖမ်းနေ



သလဲဆိုတာကို သေသေချာချာ မေးကြည့်ရမယ်'

'ရှင်က လိုက်သွားသင့်တယ်လို့ ယူဆနေသလား'

'ခင်ဗျားက မသွားသင့်ဘူးလို့ ထင်နေလို့လား'

'ဘယ်လိုမှ မထင်တတ်ဘူး၊ ကျွန်မသဘောကတော့ ဒီကပဲ စောင့်နေစေချင်တယ်'

'စောစောကတော့ လီယွန်ဟုန် ဒေါသထွက်နေခဲ့တာပဲ'

'ဟုတ်ပါတယ်၊ သူတို့ကို သတ်ချင်လောက်အောင် မုန်းတယ်၊ သတ်ချင်စိတ်လဲ ပေါက်တယ်၊ ခု စဉ်းစားကြည့်တော့ ရဲတိုက်အတွက် ရန်သူမရှာတာ အကောင်းဆုံးပဲ'

'ဒီလောက်လည်း စိုးရိမ်မနေပါနဲ့ လီယွန်ဟုန်၊ သူတို့ဟာ နယ်မြေတစ်ခုလုံးကို ထိန်းချုပ်ထားနိုင်တဲ့အဆင့်ရှိသူတွေ မဟုတ်ပါဘူး'

'ကျွန်မက သူတို့ကို ကြောက်နေလို့ ခုလို ပြောတာမဟုတ်ပါဘူး၊ ကျွန်မတို့ရဲတိုက်မှာ အရင်လို အင်အား မကောင်းတော့လို့ပါ၊ ရဲတိုက်အတွင်းမှာ ဖြစ်နေတဲ့ ပဋိပက္ခဟာ တော်တော်ကို ကြီးထွားနေပါတယ်။ စိတ်ဝမ်းကွဲမှုတွေနဲ့ နေရာလုမှုတွေဟာ မကြုံဖူးအောင် ဖြစ်ပျက်နေပါတယ်၊ ဒါကြောင့်မို့ အဖေကြီးလည်း တော်တော်ကို စိတ်ဓာတ်ကျနေတယ်၊ စိတ်ရောကိုယ်ပါ ပင်ပန်းလွန်းလို့ ကျန်းမာရေးပါ ထိခိုက်နေပါတယ်၊ ဒီလိုအချိန်မျိုးမှာ ရန်သူမရှာတာ ကောင်းပါတယ်လေ'

'ဘာပဲဖြစ်ဖြစ်လေ၊ ရန်လိုနေတဲ့လူတွေကတော့ အလိုလို

www.burmeseclassic.com

www.burmeseclassic.com



နေ့ခက်ဆုတ်သွားမှာ မဟုတ်ပါဘူး၊ ကြံ့လုံ့စိုက်စခန်းသားတွေဟာ နိုင်ချေရှိတယ်ထင်ရင် လာတိုက်ကြမှာပဲ၊ ရောက်လာကြမှာပဲ'

အကျိုးနက်စကားကြောင့် လီယွန်ဟုန် မျက်နှာညိုးပြီး ငိုင်ကျသွားသည်။

'ရှင် ဒီလိုပဲ သဘောရနေသလား ရှင်'

'အတွေ့အကြုံကို သင်ခန်းစာယူပြီး ပြောနေတာပါ လီယွင်ဟုန်၊ ထန်လိန်ဖိုးဟာ သစ္စာရှိသူ တရားဘက်တော်သား မဟုတ်ဘူး၊ သူ့မှာ လိုအပ်ရင် တရားတာ မတရားတာ မရှိဘူး လီယွန်ဟုန်ကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်တယ်'

'ရှင် ဘာဖြစ်လို့ ခုလို ထင်နေတာလဲ'

'ထန်လိန်ဖိုး ရောက်လာမှ အဖြေမှန်ကို သိမှာပါ၊ ဒီတော့ ထန်လိန်ဖိုးကိုသာ စောင့်နေကြတာပေါ့ဗျာ'

'ရှင်က သူတို့ကို ဒီနေရာကနေ တကယ်စောင့်နေမှာလား'

'ကျုပ် ပြောပြီးသားစကားကို ပြန်မဖျက်တတ်ပါဘူး'

'တကယ်လို့ သူတို့ကိုယ်တိုင် လိုက်မလာဘူးဆိုရင်ကော'

'ကျုပ်တို့က သူ့ဆီ လိုက်သွားရုံပေါ့၊ ခင်ဗျားနဲ့အတူ သွားမယ်လေ'

'ဒါနဲ့ များ သတ်မှတ်ထားတဲ့အချိန်အတွင်း ရောက်မလာရင်'

'ဒီလို ပြောလိုက်တာဟာ ထန်လိန်ဖိုး စိတ်အေးလက်အေး



ဖြစ်သွားအောင် ပြောလိုက်တာပါ၊ ကျုပ်ကိုယ်တိုင် လာတွေ့မယ်လို့ ပြောလိုက်ရင် ထန်လိန်ဖိုး ထွက်ပြေးလိမ့်မယ်'

'သူ ထွက်ပြေးလိမ့်မယ် ဟုတ်လား'

လီယွန်ဟုန်က အလွန်အံ့ဩသောအသွင်နှင့် မေးတော့သည်။

'ဟုတ်တယ် လီယွန်ဟုန်'

'သူက ဘာဖြစ်လို့ ထွက်ပြေးရမှာလဲ'

'သူ လိပ်ပြာ သန့်မလုံလို့ ထွက်ပြေးမှာပေါ့ဗျာ၊ မမှန်မကန် လုပ်နေသူဟာ အမှန်တရားကို ကြောက်ရွံ့လို့ပေါ့ဗျာ'

'ဒီလိုဆိုရင် ကျွန်မကို လိုက်ဖမ်းနေတာဟာ သူ့မှာ အရေးကြီးကိစ္စ ရှိနေလို့ပေါ့၊ ဒီလိုမဟုတ်လား'

'သေချာပေါက်တော့ ဘာမှ ပြောလို့ မရသေးပါဘူး လီယွန် ဟုန်၊ အမှန်ကိစ္စဆိုတာ စောင့်ကြည့်မှ သိမှာပေါ့'

'ဒီလိုဆိုရင် . . . သူတို့တို့ . . ရှင် . . .'

'စိတ်အေးအေးသာနေပါ လီယွန်ဟုန်၊ ကျုပ်ရဲ့သိုင်းပညာဟာ ကျုပ်မိတ်ဆွေထက် မသာတောင် ညံ့တော့မညံ့ပါဘူး၊ ကျုပ်တို့ဟာ တစ်ယောက်လည်းနှစ်ယောက်၊ နှစ်ယောက်လည်း တစ်ယောက်လို့ ပြောလို့ရတဲ့သူတွေပါ၊ ဒီလိုပြောလို့ ကြွားတယ် ထင်နဲ့ လီယွန်ဟုန်၊ ကုန်ကုန်ပြောရရင် ရဲတိုက်နှစ်ခု၊ စခန်းလေးခု ခေါင်းပြီး လာရင်တောင် ကျုပ် မမှုပါဘူး၊ ဒီကိစ္စကို ကျုပ် တာဝန် ယူပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



လီယွန်ဟုန်သည် အနက်ဝတ်စကားကို ယုံရအခ...
မယုံရအခက်ဖြစ်ပြီး ခေါင်းငုံ့နေတော့သည်။

အနက်ဝတ်သည် တစ်နေရာကို လက်ညှိုးထိုးပြီး ...
ကြားလာပြန်သည်။

'လီယွန်ဟုန်. . . ဟောဟိုမှာ ရေးထားတဲ့စာတန်းက ...
စာတန်းလည်း ဖတ်ကြည့်လိုက်ပါဦး'

လီယွန်ဟုန်သည် ဆတ်ခနဲ ခေါင်းမော့ပြီး အနက်ဝ...
လက်ညှိုးညွှန်ပြရာ လှမ်းကြည့်လိုက်သည်။

တွေ့ရသော စာတန်းကား. . .

'ကောင်းကင်မိုးပြာ. . . ရေပြင်ပြာ. . အသွေး ညီညွတ်...

လမင်းစန္ဒာ လေဟုန်စီး. . . လမ်းဆုံးတူခရီး'

လီယွန်ဟုန်သည် စာတန်းလေးကို အသံထွက်အောင်...
ရေရွတ်လိုက်မိသည်။

အနက်ဝတ် ဘာဆိုလိုသည်ကို သူမ မသိ။

အနက်ဝတ်ကသာ ခပ်တိုးတိုး ပြောလာသည်။

'ဒီလိုစာတန်းကဗျာကို တစ်နေရာရာမှာ မြင်ဖူးထ...
သလားလို့'

လီယွန်ဟုန်က ခေါင်းညိတ်ပြီး ပြောလာသည်။

'ဟုတ်တယ်. . . ဒါမျိုး တွေ့ဖူးတယ်'

'အင်း. . . ဒီလို စာတန်းမျိုးတွေဟာ ထင်ရှားတဲ့နေ...
တွေမှာ ရှိနေတတ်တဲ့စာတန်းပဲ၊ စုန်ခေတ် မင်းဆက်မျိုးနွ...



...တွထဲမှာ ဒီစာတန်းဟာ သိပ်ထင်ရှားတယ်၊ ထုံထိန်တူ...
...ရတန်ကြီးနဲ့ပတ်သက်တဲ့စာတန်းတွေဟာ နှစ်ပေါင်းများစွာ...
...တည်းက ထင်ရှားနေတာပဲ'

လီယွန်ဟုန်သည် ဘာကြောင့်ရယ်မသိ။ အနက်ဝတ်...
...တားများကို နားထောင်ရင်း တုန်လှုပ်ထိတ်လန့်လာတော့သည်။

လေးစားခြင်း၊ ကြောက်ရွံ့ခြင်း စသည့် ခံစားမှုများကို
...မဟုတ်ချင်း ခံစားလာရသည်။

ထို့ကြောင့် ပြောလိုသောစကားများကိုသာ အဆက်အစပ်
...ရှိဘဲ ပြောကြားလာတော့သည်။

'ရှင့်ကို သိပ်ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မလည်း
...ချိန်က စပြီး သိုင်းလောကထဲမှာ လှုပ်လှုပ်ရှားရှား မလုပ်တော့
...ဘူး။ တစ်ခုတော့ မေးချင်ပါတယ်၊ သူ့ရဲ့တောင်းကြီး မင်ရင်ကြွယ်
...ယ်နေရာမှာ ရှိနေတယ်ဆိုတာကိုသာ လမ်းညွှန်ပေးစေချင်ပါ
...တယ်'

'လီယွန်တုန်က ကျူပ် ရှိနေတာတောင် သူ့ကိုချည်း
...နေတာကိုး'

'ဒါက သူနဲ့ တွေ့ချင်လို့ ခရီးထွက်လာခဲ့တာကိုး'

အနက်ဝတ်သည် လီယွန်ဟုန်ကို ကြည့်ပြီး မျက်မှောင်
...ကြုတ် သွားပြန်တော့သည်။

'ကျူပ် မြေနိုင်တာက ခင်ဗျား ထွက်လာတာ နောက်ကျ
...သွားပြီ ဆိုတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လို ပြောလိုက်တာလဲရှင်'

'သူ ဒီအနီးတစ်ဝိုက်မှာ မရှိတော့လို့ပေါ့'

'ကိစ္စမရှိပါဘူး၊ ကျွန်မတာဝန်က သူ့ကို မတွေ့တွေ့အောင် ရှာဖို့ပဲ၊ သူ ဘယ်မှာ ရှိနေတယ် ဆိုတာသာ ပြောပြပါ'

'သူက တိဗက်ကို ထွက်သွားတာဗျ'

'တိဗက်'

လီယွန်ဟုန်သည် တအံ့တဩ ရေရွတ်လိုက်မိသည်။ တိဗက် ဆိုသည်မှာ နီးသောခရီး မဟုတ်ပေ။

ထို့ကြောင့် အားငယ်သွားသည်။

အားကိုးရာတောင်ကြီး ပြိုကျသွားသကဲ့သို့ ခံစားလာရသည်။

အနက်ဝတ်က ခေါင်းယမ်းပြီး ဆက်ပြောသည်။

'အဲဒီမှာ ခြောက်လလောက် တစ်နှစ်လောက် ကြာလိမ့်မယ်၊ အဆင်မသင့်ရင် လေးငါးနှစ်လောက် ကြာချင်ကြာသွားမယ်၊ သူ့ကိစ္စပြီးရင်တော့ ပြည်မကြီးကို ပြန်ရောက်လာမှာပါ'

လီယွန်ဟုန်၏မျက်နှာသည် ချက်ချင်း ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

အားကိုးရာ မဲ့သလို ခံစားနေရသည်။

သည်ကြားထဲက. . .

'သူ. . . သူက တိဗက်ကို ဘာသွားလုပ်တာလဲရှင်' ဟု မေးလာသည်။



အနက်ဝတ်က. . .

'သူ့မှာ ဆောင်ရွက်စရာကိစ္စ ရှိနေလို့ပါ၊ ဒီလောက်ပဲ ကျုပ် သိပါတယ်၊ ဘာကိစ္စလဲဆိုတော့ ကျုပ် မသိပါဘူး'

'ဒီလောက်အကြာကြီး သွားနေရအောင် ဘယ်အကြောင်းများ ဖြစ်မယ်ထင်သလဲရှင်'

'သူ့ကိုယ်ရေးကိုယ်တာကြောင့်ပါ၊ ဘယ်လိုကိစ္စလည်းဆိုတာကိုတော့ သူ့ရဲ့ပုဂ္ဂလိက အတွင်းရေးမှူး ကျုပ် မမေးခဲ့ပါဘူး၊ မေးလို့လည်း မသင့်ဘူး မဟုတ်လားဗျာ'

လီယွန်ဟုန်သည် ကြီးမားသော မျှော်လင့်ချက်ကြီး ပျောက်ဆုံးသွားပြီဖြစ်၍ အလွန်ဝမ်းနည်းသွားတော့သည်။

ခေါင်းငိုက်စိုက်ကျသွားပြီး စကားပင် မပြောနိုင်တော့ချေ။

---

လီယွန်ဟုန်သည် အချိန်အတော်ကြာအောင် ငြိမ်သက်နေပြီးမှ ခေါင်းမော့လာပြီး မေးခွန်းထုတ်လာပြန်တော့သည်။

'နေပါဦးရှင်၊ ရှင်ဟာ သူရဲကောင်းမင်ရဲ့မိတ်ဆွေ တစ်ယောက်ဆိုတော့ ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာတော့ ပြောပြစေချင်ပါတယ်'

'ကျုပ်နာမည် ဘယ်သူဆိုတာထက် ကျုပ်ဟာ မင်ရင်ကြွယ်ရဲ့ မိတ်ဆွေအစစ်ဆိုရင် လုံလောက်ပြီ ထင်ပါတယ်'

'ဒါက ရှင့်အတွေးကိုးရှင့်၊ ကျွန်မဘက်ကကြည့်ရင် သူရဲကောင်းမင်နဲ့ တွေ့တဲ့အခါ ရှင်ဘယ်သူဘယ်ဝါဆိုတာ ပြောပြနိုင်ဖို့

www.burmeseclassic.com

www.burmeseclassic.com



လိုပါတယ်၊ ကိုယ့်ကိုကူညီတဲ့လူ ဘယ်သူဆိုတာတောင် မသိဘူး ဆိုရင် ကျွန်မ ညှဲ့လွန်းရာကျနေမှာပေါ့ရှင်၊ ရှင့်အနေနဲ့ သူရဲကောင်း မင်းရဲ့ တကယ့်မိတ်ဆွေစစ်ဆိုရင် နာမည်လေးလောက်တော့ ပြောပြသင့်ပါတယ်၊ ပြောမပြနိုင်စရာအကြောင်းလဲ လုံးဝ မရှိဘူးလို့ ထင်ပါတယ်ရှင်'

အနက်ဝတ်သည် မလွဲမရှောင်သာတော့ပေ။

လီဟုန်ယွင်၏ တောင်းဆိုချက်ကလည်း သဘာဝကျသော တောင်းဆိုချက်ဖြစ်နေသည်။

အနက်ဝတ်သည် ဟက်ခနဲ ရယ်လိုက်မိတော့သည်။

'ကောင်းပြီ လီဟုန်ယွင်၊ ခုချိန်ကျမှတော့ ထိန်ဝှက်နေလို့လဲ မသင့်တော်တော့ပါဘူး၊ ကျုပ်နာမည်က 'ပိုင်ယိလော်'ပါ၊ 'ကူတူခတ် တစ်ကိုယ်တော်ဧည်သည်' လို့လဲ ခေါ်ပါတယ်'

'လက်စသတ်တော့ ကျွန်မက သူရဲကောင်းကြီးပိုင်နဲ့ လာပြီး ဆုံးဆည်းနေတာကိုး၊ ဝမ်းသာပါတယ်ရှင် ဝမ်းသာပါတယ်'

လီဟုတ်ယွင်သည် အလွန်ဝမ်းသာသွားဟန်နှင့် တက်တက်ကြွကြွ ဖြစ်လာသည်။

ထို့နောက် သူမ၏ မျက်လုံးအစုံသည် ထုံထိန်ဟူ ရေတံခွန်ကြီးအား အမှတ်မထင် လှမ်းကြည့်မိလိုက်သည်။

ထိုအခါ ဆီးမီးအိမ်များ ထိန်နေအောင်ထွန်းပြီး လှော်ခတ် လာနေကြသည့် လှေအုပ်စုတစ်စုကို တွေ့ရတော့သည်။

လီဟုန်ယွင်သည် မမျှော်လင့်သောမြင်ကွင်းကြောင့် မျက်နှာကွက်ခနဲ ပျက်သွားသည်။

'သူရဲကောင်းပိုင် ကြံ့လုံစိုက်စခန်းဆိုတာ ဘယ်မှာ ရှိပါ သလဲ'

အနက်ဝတ်က ခေါင်းတဆတ်ဆတ်ညိတ်ပြီး ဖြေသည်။

'သိပ်မဝေးပါဘူး၊ လှေအုပ်စုတွေ ရောက်လာတတည်းက သိပ်မဝေးဘူးဆိုတာ သိပါတယ်'

အနက်ဝတ်သည် ကန်ရေပြင်ကို လုံးဝ လှည့်မကြည့်ဘဲ ပြောသည်။

လီဟုန်ယွင် သဘောပေါက်လာသည်။ အနက်ဝတ်သည် နားအာရုံကောင်းသူပေတကား။

'ဒီလိုဆိုရင် အဲဒီလှေအုပ်စုတွေဟာ ကြံ့လုံစိုက်စခန်းက လူတွေပေါ့ ဟုတ်လား'

'ဟုတ်တယ်၊ လီယွင်ဟုန် အဲဒီလူဟာ ထန်လိန်ဖိုးတို့ အုပ်စုဝဲ'

လီယွန်ဟုန်သည် အနက်ဝတ်၏စကားကို အလွန်အံ့ဩမိ တော့သည်။ သူသည် ထိုလှေအုပ်စုကို လုံးဝ လှည့်မကြည့်ဘဲ ကျောခိုင်းပြီး ပြောနေခြင်းဖြစ်သဖြင့် ထန်လိန်ဖိုးတို့အုပ်စုဟု မည်သည့် အထောက်အထားနှင့် ပြောလေသနည်း။

လီယွန်ဟုန်သည် အနက်ဝတ်၏ သိမြင်တတ်မှုကို အံ့ဩ နေသကဲ့သို့ ထန်လိန်ဖိုးတို့ ရောက်လာပြီဆိုသဖြင့် ထိတ်လန့်လည်း ထိတ်လန့်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'သူရဲဘောင်းကြီးပိုင်က သူတို့မှန်း ဘယ်လိုလုပ် သိနေတ လဲရှင်'

'ထန်လိန်ဖိုး မှုချလိုက်လာမယ်လို့ ယုံကြည်ထားလို့ နောက် တစ်ချက်က သူတို့က ရေစခန်းက လူတွေဖြစ်တ ဒီကိုလာဖို့က ကုန်းလမ်းထက် ရေလမ်းက ပိုပြီးခရီးရောက်တ သူတို့မှာ သီးခြား အမြန်လှေတွေ ရှိတယ်၊ ဒီတော့ ဒီလှေအုပ်စုဟာ သူတို့ကလွဲပြီး ဘယ်သူမှ မဖြစ်နိုင်ဘူး'

အနက်ဝတ်က တည်တည်ငြိမ်ငြိမ် ပြောနေသော်လည် လီယွန်ဟုန်သည် လှေအုပ်စုကို လှမ်းကြည့်ပြီး တုန်လှုပ် တော့သည်။

ရန်သူသည် အင်အားနှင့် ချီတက်လာနေပြီဖြစ်သော် လည်း မိမိတို့သည် နှစ်ယောက်တည်းသာ ရှိသည်။ ဤနှစ်ယော နှင့် ထိုလူစုကို မည်သည့်နည်းနှင့် အောင်မြင်စွာ ဖြိုခွင်းနိုင်မည် နည်း။

အနက်ဝတ်သည် လီယွန်ဟုန်၏ ကြောက်ရွံ့တုန်လှုပ်မှု အစင်းသား သိမြင်နေသည်။

ထို့ကြောင့် သူမ၏ အားငယ်စိတ်ကို ခွန်အားအဖြ ပြောင်း လဲပစ်ရန် ကြိုးစားနေလေသည်။

'ဘာမှတွေးကြောက်မနေနဲ့ လီယွန်ဟုန်၊ ကျုပ် သူတို့ ဂရုမစိုက်ပါဘူး။ ခင်ဗျားပါ ရှိနေတော့ အားတောင်ပိုတော နေတယ်၊ နောက်တစ်ခုက ဒီချူရုန်လော်ဖေဟာကြီးဟာ သမိုင်း



အဆောက်အအုံကြီးပါ၊ ဒီလိုနေရာမျိုးမှာ သွေးထွက်သံယိုမှုတွေ ဖြစ်အောင် လုပ်လို့မသင့်ဘူး၊ ဒီတော့ ရေကန်ဘေးက မြက်ပြ ညီညာတဲ့ မြေကွက်လပ်ဆီ သွားကြရအောင်'

အနက်ဝတ်သည် စကားဆုံးသည်နှင့် လက်တစ်ဘက်ကို ဝှေ့ယမ်းလိုက်သည်။

လီယွန်ဟုန်သည် စောဒကတက်ရန် အကြောင်း မရှိတော့ သဖြင့် အောက်ထပ်သို့ ခပ်သုတ်သုတ် ဆင်းသွားတော့သည်။

သူမကိုယ်တိုင် လိမ်းကျံထားသော အမွှေးနံ့သာများနှင့် ကိုယ်သင်းနံ့သည် အနက်ဝတ်၏နှာခေါင်းထဲသို့ တိုးဝင်နေသည်။

အနက်ဝတ်သည် သက်ပြင်းကိုသာ တတင်းဟင်း ချနေမိ တော့သည်။

မကြာမီမှာပင် သူတို့နှစ်ယောက်စလုံး ကန်ဘောင်ဘေး မြေကွက်လပ်တွင် ရပ်မိကြတော့သည်။

လှေကလေးများသည် ဝေးရာမှ နီးလာကြပြီး ကိုက် တစ်ရာအနီးသို့ ဝင် ချဉ်းနင်းလာကြပေပြီ။

သို့သော် . . .

လှေများသည် ရှေ့ကို ဆက်တိုးမလာကြဘဲ ခပ်ဝေးဝေး မှာပင် ရပ်တန့်သွားကြသည်။

ထို့နောက် . . .

လှေပေါ်မှ မီးအိမ်ကြီးများသည် အလင်းတန်းများ ဝေးပြီး ကန်ဘောင်ပေါ်သို့ ထိုးကျလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရပ်နေကြသောလှေများသည် ငါးစင်းတိတိဖြစ်သည်။
သိပ်မကြာပါ။

လှေငါးစင်းသည် ရှေ့ကို ဖြည်းဖြည်းချင်း တိုးကပ်လာ
လှေငါးစင်းပေါ်မှ လူငါးယောက်သည် ဝုန်းခနဲ ခုန်ပျံ
တန်ဆောင်ပေါ် ရောက်လာကြတော့သည်။

ထို့နောက် ကျန်လူများကပါ ဆက်တိုက် ခုန်ပျံလာ
တော့သည်။

အနက်ဝတ် ပိုင်ယီလော်သည် သူတို့၏ သိုင်းပညာ
အကဲခတ်နေရင်း လီယွန်ဟုန်ကို လှည့်မေးလိုက်သည်။

'လီယွန်ဟုန် . . . ဒီလူတွေရဲ့ ကိုယ်ဖော့ပညာက ေ
တော်ကြည့်လို့ကောင်းသားပဲ၊ သူတို့က ကျုပ်တို့နှစ်ယော
ပညာပြနေပြီဗျ'

ထိုအချိန်မှာပင် ကိုယ်ဖော့ပညာရှင်များက ရှေ့
သုံးယောက်၊ နောက်တန်း ရှစ်ယောက် ပုံစံနှင့် စနစ်တကျ တန်
ရောက်ရှိလာကြတော့သည်။

■



## အခန်း (၅၃)

## သွေးတိုးစမ်းသည့် တိုက်ကွက

ရှေ့တန်းသုံးယောက်ထဲမှ အလယ်လူသည် အဖြူရောင် ပိုးသားဝတ်စုံကို ဝတ်ဆင်ထားပြီး ဖြူနုသော မျက်နှာရှင် ဖြစ်သည်။ အခြား သိုင်းသမားများကဲ့သို့ မုတ်ဆိတ်မွေးများ၊ နှုတ်ခမ်းမွေးများ၊ ပါးမြိုင်းမွေးများ မရှိပါ။

မျက်ခုံးမွေးကား အလွန်ရှည်ပြီး မျက်ပေါက်မှ အလွန် ကျဉ်းသည်။ ဆင်မျက်လုံးနှင့် တူသော မျက်လုံးပိုင်ရှင်ပင်။

သူ့အကြည့်သည် စူးရဲပြီး မာန်ပါသည်။ ကြောက်စရာ ကောင်းသော သွင်ပြင်မှုရာမျိုးဖြစ်သည်။

သူ၏ ဘယ်ဘက်တွင် ရပ်နေသူသည် မျက်ခုံးမွေးထူပြီး

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးပြူးသည်။ ညာဘက်မှ လူကား ပုပ်သိုးသိုးမျက်နှာနှင့် အကြည်ရဆိုးသည်။

နှစ်ယောက်စလုံးသည် မိုက်ရူးရဲ တဖောက်ကန်းများ ဖြစ်ဟန်ရှိသည်။ ဝတ်စုံကား ပိုးသားဝတ်စုံများပင်။

နောက်တန်းရှစ်ယောက်လည်း သူတို့လို ပိုးသားဝတ်စုံများ ဆင်တူ ဝတ်ထားသည်။ အရောင်ကား အနက်ရောင်ဖြစ်သည်။ အားလုံးအဆင်မြင့် သိုင်းသမားချည်း ဖြစ်ဟန်ရှိသည်။

ခပ်လှမ်းလှမ်းတွင် ရပ်ထားသော လှေငါးစင်း၏ လှေဝမ်းတွင်မူ လှေထိုးသားတစ်ယောက်စီ ရှိနေသည်။

လှေတစ်စင်း၏ လှေဦးတွင်မူ ပိန်ပိန်ရှည်ရှည် လူတစ်ယောက် မတ်တတ်ရပ်နေသည်။ မေးတွင် မုတ်ဆိတ်မွေးများ ရှိသည်။ သူ့ပုံကိုကြည့်ရုံနှင့် ခေသူမဟုတ်ကြောင်း သိသာသည်။

သူသည် ကုန်းပေါ် တက်မလာဘဲ လှေဦးတွင် ဘာကြောင့် ရပ်နေလေသနည်း။ ပိုင်ယိလော် အဖြေရှာ မရချေ။

သို့နှင့် ရှေ့တွင် ရပ်နေသူများကိုသာ ခပ်အေးအေး မေးလိုက်သည်။

'စခန်းရှင်ကြီး ထန်လိန်ဖိုး ဆိုတာ ဘယ်သူလဲ'

ရှေ့တန်းအလယ်မှ အကျီအဖြူနှင့် လူသည် ပိုင်ယိလော်ကို စိုက်ကြည့်လာသည်။ ထို့နောက် မာထန်ထန် ပြောသည်။

'ကျုပ်ပဲ ထန်လိန်ဖိုး ဆိုတာ ကျုပ်ပဲ၊ မိတ်ဆွေက ဘယ်သူလဲ'



ပိုင်ယိလော်က ချက်ချင်းမဖြေ၊ ထန်လိန်ဖိုးကိုသာ စေ့စေ့စပ်စပ် အကဲခတ်လိုက်သည်။ ထို့နောက်. . .

'အင်း. . . စခန်းရှင်ကြီး ထန်လိန်ဖိုးဆိုတာကို ကြားဖူးနေတာတော့ ကြာပါပြီ၊ ခုမှပဲ လူချင်း တွေ့ဖူးတော့တယ်၊ ခုလို တွေ့ရမှပဲ ကြားဖူးနားဝ ရှိထားတာထက် အများကြီး လေးစားစရာကောင်းနေပါတယ်ခင်ဗျာ၊ အင်မတန် ကျယ်ဝန်းတဲ့ ဒေသတစ်ခုကို လွှမ်းမိုးထားသူဖြစ်လို့လည်း လေးစားမိပါတယ်၊ ခုလို တွေ့ဆုံရတဲ့အတွက်လည်း အများကြီး ဂုဏ်ယူမိပါတယ်၊ အဲ. . . ကျုပ်နာမည်ကတော့ 'ပိုင်ယိလော်' ပါ။ သိုင်းလောကသားတွေကတော့ 'ကူးတူးခက် တစ်ကိုယ်တော် ညှော်သည်'လို့ ခေါ်လေ့ရှိပါတယ်'

ထန်လိန်ဖိုး၏ မျက်ခုံးနှစ်ဘက် မြင့်တက်သွားသည်။

'လက်စသတ်တော့ သူရဲကောင်းကြီး ပိုင်ယိလော်ကိုး'

'သူရဲကောင်းကြီး မဟုတ်သေးပါဘူးဗျာ၊ အညတရ သိုင်းသမားတစ်ယောက်ရယ်ပါ'

ပိုင်ယိလော်သည် စကားပြောနေရင်းက ဘေးမှ လူနှစ်ယောက်ကို မျက်ခြည်မပြတ် အကဲခတ်နေသည်။

ထို့နောက်. . .

'ခင်ဗျားနဲ့ ပါလာတဲ့မိတ်ဆွေတွေကကောဗျာ၊ ကျုပ်ကို မိတ်ဆက်ပေးစမ်းပါဦး'

'လက်ဝဲလက်ယာ နှစ်ယောက်က သစ္စာရှိ ရွေးသောက်

www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကိုနှစ်ယောက်ပဲ၊ နောက်တန်းရှစ်ယောက်ကတော့ သစ္စာရှိ သွေးသောက် အဆောင်မှူးတွေပဲ'

'ဟုတ်ကဲ့၊ မေးစားပါတယ်ဗျာ၊ လှေပေါ်မှာ ရပ်နေတဲ့ လူကြီးကကောဗျာ'

'အဲဒါ ကျုပ်ရဲ့ သွေးသောက်မိတ်ဆွေကြီးပါ'

'ဩော်. . . ဩော်. . . စခန်းရှင်ကြီးရဲ့ မိတ်ဆွေကြီးကို လည်း ဒီကို ကြွရောက်ခိုင်းလိုက်ပါလားဗျာ၊ အေးအေးဆေးဆေး ဆွေးနွေးကြတာပေါ့'

'ဟဲဟဲ. . . သည်းခံပါမိတ်ဆွေ၊ သူဟာ ကျုပ်ရဲ့မိတ်ဆွေ တစ်ယောက်ပါ၊ ကျုပ်တို့ စခန်းရဲ့ ဂိုဏ်းဝင် မဟုတ်ပါဘူး၊ ဒါကြောင့် ကျုပ်တို့စခန်းကိစ္စနဲ့ မပတ်သက်စေချင်ပါဘူး၊ ခုရောက်နေတဲ့ လူတွေနဲ့သာ ဖြေရှင်းပါ၊ ခင်ဗျားက ဒီလူတွေနဲ့ မလုံလောက်ဘူး ထင်နေလို့လား'

'ဟဲဟဲ. . . မလုံလောက်ဘူးလို့ မဆိုလိုပါဘူးဗျာ၊ ပိုင်ယီ လော် ဆိုတဲ့လူဟာ ကြောက်တတ်တဲ့လူတစ်ယောက်ပါဝဲ'

အနက်ဝတ် ပိုင်ယီလော်က သရော်တန်နှင့် ပြောသည်။

ထန်လီန်ဖိုးက လှောင်သံပေးပြီး ရယ်သည်။

'ခင်ဗျား တော်တော်ရယ်စရာပြောတာပဲ၊ ခင်ဗျား ဘယ်သူ ဘယ်ဝါဆိုတာ အမှန်အတိုင်း ပြောစမ်းပါ၊ ခင်ဗျားဟာ အညာတ မဟုတ်တဲ့ အဆင့်မြင့် သိုင်းသမားတစ်ယောက်ပါ'

'ကျုပ် ပိုင်ယီလော်ပါဗျာ၊ အဆင့်မြင့် သိုင်းသမား မဟုတ်ပါဘူး'

'မလိမ်ချင်စမ်းပါနဲ့ မိတ်ဆွေ၊ ပွင့်ပွင့်လင်းလင်း ပြောကြ ရင် သိုင်းလောကမှာ ကြံ့လုံစိုက်စခန်းကြီးကို ရန်စဝံ့သူ မရှိ သလောက် ရှားပါတယ်'

'ဟုတ်ပါတယ်၊ ဒါကို ကျုပ် သိပြီးသားပါ၊ ဒါပေမယ့် ပိုင်ယီလော်ဆိုတဲ့လူမှာ မွေးရာပါ ဇာတိတစ်ခု ရှိတယ်ဗျ၊ အဲဒါက စကားများမှုကိုတွေ့ရင် သေရမှာမကြောက်ဘဲ ရဲရဲရင့်ရင့် ရင်ဆိုင် ထတ်တဲ့အကျင့်ပဲ၊ ကျုပ်အသက်ဟာ အမှန်တရားသစ္စာအတွက် ဆေးလှူထားတဲ့အသက်ပါ'

ပိုင်ယီလော်စကားကြောင့် ထန်လျန်ဖိုး မျက်နှာပျက်သွား သည်။

သို့သော် ချက်ချင်း ဣန္ဒြေဆည်ပြီး ပြုံးပြော ပြောလာ သည်။

'ခင်ဗျားစကားက တော်တော် ရယ်စရာကောင်းတဲ့ စကားပဲ၊ ကျုပ်တို့တွေကတော့ ခင်ဗျားကို မိုက်ရူးရဲသိုင်းသမားလို့ သူဆမိတယ်ဗျာ ဟဲဟဲ'

'ဟဲဟဲ. . ခင်ဗျားစကားကလည်း တော်တော် ရယ်စရာ ကောင်းတာပဲ၊ ခင်ဗျားအမြင်က သမားရိုးကျအမြင်ပါ၊ ခင်ဗျားတို့ သို အဆင့်မြင့် သိုင်းသမားတွေပဲ ယှဉ်နိုင်တယ်လို့ ယူဆနေသလား၊ အမည်မရှိသေးတဲ့လူကကော ခင်ဗျားတို့ကို ရင်မဆိုင်နိုင်ဘူး ထဲ့လား'



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ယိုလော်က တကယ့် မိုင်ရှူးရဲတစ်ယောက်တန်နှင့် ပြောတော့သည်။

'ဟဲဟဲ. . . မိတ်ဆွေကြီး ပိုင်က ထိန့်ဖုတ်မှုကို တော်တော် ဝါသနာပါပုံရတယ်၊ ထားပါလေ၊ ပိုင်ယိုလော်ဆိုလည်း ပိုင်ယိုလော် လိုက်ရတာပေါ့။ တဲ. . . ပြဿနာကို ရှင်းရှင်းလင်းလင်း ပြောကြ ဆိုကြရအောင်လား'

ထန်လိန်ဖိုးက လီယွင်ဟုန်ကို ကွက်ခနဲ ကြည့်ပြီး ပြောလာ သည်။

မိုင်ယိုလော်က ရယ်သည်။

'စခန်းရှင်ကြီးထန်က ဒီမိန်းတလေးကို သိသလား၊ သူဟာ ဖေးယွင်ရဲတိုက်သခင်ကြီးရဲ့ သမီးလေးဗျ'

'မသိဘဲ နေပါ့မလားဗျာ၊ သိပ်သိတာပေါ့'

'အင်း. . . ကျုပ်သိထားတာက ရဲတိုက်နှစ်တိုက်နဲ့ စခန်း လေးခုဟာ တစ်ဂိုဏ်းနဲ့တစ်ဂိုဏ်း လေးစားနေတဲ့ဂိုဏ်းတွေလို့ သိထားပါတယ်၊ ရန်ငြိုးရန်စ မရှိသူတွေလို့လည်း သိပါတယ် မဟာမိတ် မိတ်ဆွေတွေလို့ ပြောလို့ မရပေမယ့် ရန်သူလည်း မဟုတ်ကြဘူးဗျ၊ သိုင်းလောကက လူအတော်များများကတော့ ခင်ဗျားတို့တို တစ်မြေတည်းနေ တစ်ရေတည်းသောက်နေတဲ့ လူတွေလို့ မြင်ထားကြတယ်ဗျ'

'ခင်ဗျား ဒီလိုပြောနေတာတာ ကျုပ်အနေနဲ့ ဒီမိန်းက လေးကို ဘာဖြစ်လို့ ဖမ်းရသလဲ ဆိုတာကို သိချင်လို့ မဟုတ်လား'



'ဟုတ်ပါတယ်၊ ခင်ဗျား တော်တော် အကင်းပါးသားပဲ ဒါကြောင့်လည်း စခန်းသခင်ကြီး၊ စခန်းရှင်ကြီးလို့ ကျော်ကြားနေ တာကိုး'

'ဒီလိုဆိုရင်လည်း လိုရင်းကို တိုတိုပဲ မေးရောပေါ့ဗျာ'

'ဟဲဟဲ. . . ကျုပ် ဘယ်လိုပဲ ပြောပြော အဓိပ္ပာယ်ကတော့ အတူတူပါပဲဗျာ'

'ထားပါလေ၊ ကျုပ်ပြောချင်တာကတော့ ဒီလိုလုပ်ရတာ တြံ့လုံစိုက်စခန်းရဲ့ ကိုယ်ရေးကိစ္စကြောင့်ပဲ'

'ဩော်. . . ခင်ဗျားစကားက တြံ့လုံစိုက်ရဲ့ ကိုယ်ရေး ကိစ္စကို မဆိုင်ဘဲ ဝင်မစွက်နဲ့လို့ ဆိုလိုက်တာပေါ့ ဟုတ်လား၊ တြံ့လုံစိုက်စခန်းဟာ သံတုံးသံခဲစခန်းမို့လားဗျာ၊ ဟဲဟဲ'

အနက်ဝတ် ပိုင်ယိုလော်က ထိမထင်ဟန်နှင့် ပြောတော့ သည်။

ထန်းလိန်ဖိုး မကျေမနပ် ဖြစ်လာသည်။

'ခင်ဗျားစကားက ကျူးကျော်စော်ကားချင်တဲ့စကားပဲ'

'ဒါက ခင်ဗျားရဲ့ တစ်ဘက်သတ်အထင်ပါ'

'ဒီမယ် ကျုပ် ခုလိုလုပ်ရတာဟာ လီချန်းလူနဲ့ ပြဿနာ ရှိလို့ဗျ'

'အိုး. . လီချန်းလူပြဿနာနဲ့ ဒီမိန်းကလေးက ဘာဆိုင် သို့လဲ'

လီယွင်ဟုန်သည် ခပ်ကြောင်ကြောင်ဖြစ်သွားသည်။

www.burmeseclassic.com



မိမိနှင့် လီချန်းလူ ဘာဆိုင်သနည်း။

ထို့ကြောင့် . . .

'အဲဒီကိစ္စကို ကျွန်မ ဘာမှ မသိဘူးရှင့်၊ ဖေဖေကလည်း ဘာမှ မပြောခဲ့ဖူးဘူး'

'အင်း . . . ဒီအတိုင်းဆိုရင်တော့ မိန်းကလေးအဖေက ထန်လိန်ဖိုးတို့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်ခဲ့ဖူးမယ် ထင်တယ်၊ ဒီလိုမှ မဟုတ်ရင် ဂုဏ်သရေရှိ လူကြီးမင်းထန်က ခုလို လုပ်လာမှာ မဟုတ်ပါဘူး'

အနက်ဝတ်ပိုင်ယီလော်က စကားလမ်းကြောင်းဖြိုး ပြောလာသည်။

ထန်လိန်ဖိုးသည် အနက်ဝတ်ပိုင်ယီလော် စကားကြောင့် ပြုံးသွားသည်။

'ဟုတ်တယ်၊ မိဘရဲ့အကြွေးကို သားသမီးက ဆပ်ရတယ် ဆိုတဲ့စကားလည်း ရှိသားပဲဗျ'

'သဘောပေါက်ပြီ . . . သဘောပေါက်ပြီ၊ နည်းနည်းတော့ သဘောပေါက်လာပြီ ဒါပေမယ့် လောလောဆယ် အခြေအနေက သူ့အဖေ မသေသေးဘူးဗျ၊ အသက်ရှင်လျက် ရှိနေပါသေးတယ် ဒီတော့ ရှင်းစရာရှိရင် သူ့အဖေနဲ့ တိုက်ရိုက်ရှင်းသင့်ပါတယ် ခုလို အားနွဲ့တဲ့ မိန်းကလေးတစ်ယောက်ကိုတော့ တန်ဆာခံလုပ်ပြီး မဖြေရှင်းသင့်ပါဘူး၊ ဒီလိုလုပ်ရင် စခန်းသခင်ကြီးဆိုတဲ့ ဂုဏ်ပုဒ်ကို အကြီးအကျယ် ထိခိုက်သွားနိုင်ပါတယ်၊ ကျုပ်ပြောတာ ဟုတ်ရဲ့





လား'

အနက်ဝတ်ပိုင်ယီလော်က အားနည်းချက် ရှာပြီး ပြောသည်။

ကြံ့လုံစိုက်စခန်းသခင်ကြီး ထန်လိန်ဖိုး ရှက်သွားသည်၊ ဒေါသလည်း ထွက်လာသည်။

'ဘာလဲ၊ ခင်ဗျားက ကျုပ်ကို ဖေးယွင်ရဲတိုက်ထဲ ဝင်မတိုက်ရဲဘူး အောက်မေ့လို့လား'

'ဟဲဟဲ . . . ခင်ဗျားတို့ရဲ့ လက်ရှိအင်အားအရဆိုရင် တစ်ပြည်လုံးမှာရှိတဲ့ သိုင်းဂိုဏ်းတွေကို ထုံးလိုချေ ရေလို နှောက်နိုင်တဲ့ အခြေအနေပါဗျ၊ ကျုပ်သဘောက သူ့အဖေကို ကြောက်ရင် သူ့သမီးကို ဘာလို့ ရန်ရှာနေရမှာလဲ၊ ကျုပ်ပြောတာ ရှင်းရဲ့လား၊ အဆင့်မတူသူကို အနိုင်ကျင့်တိုက်ခိုက်တာဟာ ဂုဏ်သိက္ခာမဲ့တဲ့အလုပ်ပါဗျ'

'ဒါ ကျုပ်အလုပ်ပါ မိတ်ဆွေ၊ ကျုပ်ပြဿနာကို ကျုပ် ဘာသာ ရှင်းခွင့် ရှိတယ်'

'ထားပါလေ၊ ကျုပ် သိချင်တာက ခင်ဗျားတို့နဲ့ ဖေးယွင် ရဲတိုက်သခင်ကြီး အဆင်မပြေ ဖြစ်နေကြတာဟာ ဘာကြောင့်ပါလဲ'

'ဒါ ကျုပ်တို့ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပါ'

'ကျုပ်မေးနေတာက ဖေးယွင်ရဲတိုက်သခင်ကြီးဟာ ကျုပ်ရဲ့မိတ်ဆွေကြီး ဖြစ်နေလို့ မေးနေတာဗျ'

'ဒီလိုလား၊ ဒီလိုဆိုရင် ခင်ဗျားက ကျုပ်တို့ကိစ္စကို



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ညသာ စွက်ဖက်မှာ မဟုတ်ဘဲ အမြဲတမ်း ဝင်စွက်ဖက်မယ်
ဆိုတဲ့သဘောပေါ့၊ ခင်ဗျား ဒီလို ဆိုလိုနေတာ မဟုတ်လား'

'အဲဟဲ. . . ခင်ဗျားထင်တဲ့အတိုင်းပါပဲဗျာ'

ထန်လီန်ဖိုးသည် မျက်မှောင်ကြုတ်ပြီး ငြိမ်သက်သွား
သည်။ တစ်စုံတရာကို စဉ်းစားလိုက်ပြီးသည်နှင့် လေချိုသွေး
ပြောလာသည်။

'ဒီမယ် ပိုင်ယီလော်၊ ကျုပ် ဒီကို ရောက်လာတာဟာ
ခင်ဗျားနဲ့ ရန်ဖြစ်ဖို့ ရောက်လာတာ မဟုတ်ပါဘူး'

ပိုင်ယီလော်က ဟက်ခနဲ ရယ်လိုက်သည်။

'ကျုပ်တလည်း ခင်ဗျားတို့နဲ့ ရန်ဖြစ်ချင်တာ မဟုတ်ပါဘူး
ဒါပေမယ့် မရှောင်မလွှဲသာလို့ တိုက်ရမယ်ဆိုရင်လည်း ကျုပ်
နဲ့ကြားထဲ ဓားတွေ အဝင်ခံရပါတယ်၊ ကျုပ် ပြောပြီးပါပြီ၊ ကျုပ်
မိတ်ဆွေသခင်ကြီးရဲ့ပြဿနာဟာ ကျုပ်ပြဿနာပါပဲ၊ ဒါကျုပ်
သဘောထားပဲ၊ ဒီတော့ ကျုပ်မိတ်ဆွေကို ရန်သူလိုသဘောထား
နေတဲ့ ခင်ဗျားတို့နဲ့ တွေ့နေရပြီ၊ ဒီတော့ မလွှဲအရှောင်သာ
တိုက်ခိုက်ရရင် နောက်မဆုတ်တမ်း တိုက်ရမှာက ကျုပ် တာဝန်ပဲ'

ပိုင်ယီလော်က ရှင်းရှင်းပြတ်ပြတ်ပြောလေပြီ။

ထန်လီန်ဖိုးဘေးမှ လူနှစ်ယောက်လည်း တလှုပ်လှုပ်
ဖြစ်နေပြီး ထန်လီန်ဖိုးက ထိုလူနှစ်ယောက်ကို လက်နှင့် တားထား
လိုက်ပြီး ပိုင်ယီလော်ကို တစ်လုံးချင်း လှမ်းပြောသည်။

'နောင်တ ဆိုတာ နောင်မှ ရတတ်တာချည်းပဲ ပိုင်၊ ဒီတော့



ခြေလွန်လက်လွန်မဖြစ်ကြခင် အဆိုးနဲ့အကောင်းကို သေသေ
ချာချာ ဝေခွဲပိုင်းဖြတ်စမ်းပါ'

'ကျေးဇူးတင်ပါတယ် ထန်လီန်ဖိုး၊ ကျုပ်ဟာ နောင်တ
ရတတ်တဲ့ လူစား မဟုတ်ပါဘူး၊ ဒါက ကိစ္စတစ်ခုကို လေ့လာပြီးမှ
လုပ်လေ့ရှိလို့ပဲ၊ ခုကိစ္စကိုလည်း အကြိမ်ကြိမ်အဖန်ဖန် စဉ်းစား
ထားပြီးပါပြီ'

'ကောင်းပြီ ပိုင်ယီလော်၊ ကျုပ်ရဲ့ပိုင်နက်နယ်မြေမှာ
ကျုပ်လုပ်သမျှ တရားတာချည်းပဲ၊ နောက်မှ ကျုပ်ကို အဆိုး
ဆိုဝါနဲ့'

ထန်လီန်ဖိုးသည် စကားဆုံးသည်နှင့် လက်ဖျစ်တစ်ချက်
တီးလိုက်သည်။

ထို့နောက် ကျယ်လောင်သောအသံနှင့် 'အမြင်ဆောင်
သေးခဲ့' ဟု အော်တစ်လိုက်သည်။

သူ့အသံပျောက်သွားသည်နှင့် သူ့နောက်မှ လူလေး
ယောက်သည် ဖျတ်ခနဲ ခုန်ထွက်လာကြသည်။

သူတို့ခြေ မြေပေါ်ကျသည်နှင့် ပိုင်ယီလော်ကို ဝိုင်းပြီးသား
ဖြစ်သွားသည်။

ပိုင်ယီလော်က ဂရုမစိုက်တာန်နှင့် တဟဲဟဲ ရယ်နေသည်။

ထန်လီန်ဖိုးသည် အနီဝတ်နှင့် လီယွင်တုန်ကို လှမ်းကြည့်
ပြီး ပြောသည်။

'မိန်းကလေး၊ ကျေးဇူးပြုပြီး ခပ်လှမ်းလှမ်းမှာ နေပေးပါ'

www.burmeseclassic.com

www.burmeseclassic.com



လီယွင်ဟုံနိက ဘာမှ ပြန်မပြောဘဲ သတိထားပြီး နောက်ဆုတ်သွားသည်။

ထိုအချိန်မှာပင် ပိုင်ယိလော်၏ လှောင်သံ ထွက်လာသည်။

'ကြံ့လုံစိုက်စခန်းရှင်ကြီးရဲ့ အသိအမှတ်ပြုမှုကို အများကြီး ကျေးဇူးတင်ပါတယ်၊ အဆောင်မှူးလေးယောက်ကို တပြိုင်နက် ပညာပေးခိုင်းလိုက်တဲ့အတွက် ဂုဏ်လဲ ယူမိပါတယ်၊ ကျုပ်ကလည်း ခင်များတို့ရဲ့ တိုက်ခိုက်မှုကို ခေါင်းငုံ့ခံသွားမှာ မဟုတ်ပါဘူး . . . ဟဲဟဲဟဲ'

အဆောင်မှူးလေးယောက်သည် ပိုင်ယိလော်ကို ကြည့် မြှုံးစိစိလုပ်နေကြ၏။

ထို့နောက် တစ်ယောက်ကိုတစ်ယောက် မျက်ရိပ်ပြ လိုက်ကြပြီး တပြိုင်နက် ခုန်ဝင်တိုက်ခိုက်ကြတော့သည်။

လက်ရှစ်ချောင်း၏ စုပေါင်းအားလှိုင်းသည် ကြောက်စရာ ကောင်းအောင် မြည်ဟည်းသွားတော့သည်။

ပိုင်ယိလော်သည် လျှပ်ပြက်သလို ဝင်လာသော၊ မုန်တိုင်း လို ပြင်းထန်သော တိုက်ကွက်ရိုက်ချက်များကို သတိထား၍ ခုခံသည်။ မကြာပါ။

'ဝုန်း' ဟူသော အသံကြီး မြည်ဟိန်းသွားသည်။

'အင့် . . အား . . အိုး' ဟူသောအသံများ ဆက်တိုက် ထွက် ပေါ်လာသည်။



အဆောင်မှူးလေးယောက်သည် မည်သို့မည်ပုံ ခံလိုက်ကြရသည် မသိ၊ ယိုင်ထိုးယိုင်ထိုးနှင့် နောက်ဆုတ်သွားကြရလေပြီ။

ပိုင်ယိလော်သည် ရပ်မြဲနေရာတွင်သာ တောင့်တောင့်ကြီး ရပ်နေသည်။

ပိုင်ယိလော်၏ သိုင်းကွက်တစ်ကွက်တည်းနှင့် အဆောင်မှူးလေးယောက်ကို နောက်ဆုတ်ခိုင်းလိုက်လေပြီ။

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅

## အသေအ

သူ၏သိုင်းကွက်တစ်ကွက်တည်းကိုပင် မြင်တွေ့လိုက်
သူ အားလုံး ကြောက်ရွံ့တုန်လှုပ်သွားသည်။

ထိုအချိန်မှာပင် အဆောင်မှူးလေးယောက်က တားမြ
ခဲရန် တန်ပြင်လာကြသည်။

သို့သော်. . .

ထန်လိန်ဖိုးက လက်ကာပြီး တားသည်။

ထို့နောက် ပိုင်ယိလော်ကို လှမ်းပြောသည်။

'မိတ်ဆွေရဲ့သိုင်းစွမ်းရည်ဟာ ကြောက်စရာကော
အောင် ထက်မြက်တဲ့ သိုင်းစွမ်းရည်ပါပဲ၊ ခင်ဗျား ဘယ်သူဆို



မှန်မှန်ပြောပါ'

'ပိုင်ယိလော်ပါ။ ပိုင်ယိလော်ဟာ ပိုင်ယိလော်ပါပဲ'

ထိုအဖြေကို ထန်လိန်ဖိုး မကျေနပ်လှချေ။

'ပိုင်ယိလော်ဆိုလည်း ပိုင်ယိလော်ပေါ့ဗျာ၊ ကျွဲစ်မေးချင်တာက ခင်ဗျား ကျုပ်တို့တို တကယ်ရန်ပြုတော့မှာလား'

'ဒါက ခင်ဗျားရဲ့သဘောထားပေါ်မှာ မူတည်တယ်'

'ဘယ်လို ပြောလိုက်တာလဲ ပိုင်'

'ရှင်းရှင်းလေးပါ၊ ခင်ဗျားတာ ဘာကိစ္စနဲ့ လုံမလေးကို ဖမ်းခိုင်းလိုက်တာလဲ၊ ဒီကိစ္စကို သိရရင် ခင်ဗျားတို့နဲ့ ကျုပ်ဟာ မိတ်ဆွေ ဖြစ်တောင်းဖြစ်နိုင်ပါတယ်'

ထန်လိန်ဖိုးသည် အပြောရခက်နေသဖြင့် သက်ပြင်းကိုသာ တတင်းတင်း ချလိုက်ရသည်။

'ကျုပ် ပြောခဲ့ပြီးပြီပဲ ပိုင်'

'ဟုတ်ပါတယ်၊ ဒါပေမယ့် ခင်ဗျားစကားက တိကျ ရေရာတဲ့စကား မဟုတ်ဘူးဗျ၊ သူများတို့သာ ဒီလိုပြောလို့ ရချင်ရမယ်၊ ကျုပ်တို့တော့ ဒီလိုပြောလို့ မရဘူး'

'ခင်ဗျား မယုံဘူးလား၊ မယုံချင်လည်း ရပါတယ်'

'ခင်ဗျား အဆုံးအဖြတ် မမှားစေချင်ဘူး ထန်၊ မှားရင် ကြံ့လုံစိုက်စခန်းကြီး အန္တရာယ်နဲ့ ရင်ဆိုင်ရလိမ့်မယ်၊ ဒါကြောင့် လေးလေးနက်နက် ထပ်ပြီး စဉ်းစားပါ'

ထိုစဉ် ထန်လိန်ဖိုး၏ လက်ဝဲဘက်တွင် ရပ်နေသောသူက

www.burmeseclassic.com

www.burmeseclassic.com



အေးစက်စက်ရယ်ပြီး လှမ်းပြောသည်။

'ခင်ဗျား အတော်အကြွားသန်တဲ့လူပါလား'

ထိုလူသည် စကားဆုံးသည်နှင့် ဖျတ်ခနဲ ခုန်ဝင်လာသည်။ တဖြိုင်နက်တည်းတွင် ဘယ်လက်ကို မြှောက်တင်လိုက်ပြီး လက်ချောင်းငယ် လေးငါးချောင်းကို သံချိတ်သဏ္ဍာန်ပြု၍ ဗိုင်ယိလော်၏ရင်ဘတ်ကို ကုတ်ဆွဲတိုက်ခိုက်လာတော့သည်။

၄င်းတိုက်ကွက်သည် အငိုက်ချောင်းပြီးတိုက်သော တိုက်ကွက်ဖြစ်ပြီး ကြောက်စရာကောင်းသည်။

သို့သော် ဗိုင်ယိလော် မကြောက်ပါ။ မျက်ခုံးနှစ်ဘက်ကိုသာ နဖူးပေါ်ရောက်အောင် မြှင့်တင်လိုက်သည်။

'အိုး . . မိတ်ဆွေရဲ့ တိုက်ကွက်က တော်တော်ရက်စက်တဲ့ တိုက်ကွက်ပါလား'

ဗိုင်ယိလော်က ဘယ်ယိမ်းညာယိမ်း ယိမ်းပြီး ပြောသည်။

ထိုလူက အခွင့်ရပြီအထင်နှင့် ညာလက်နှင့်ပါ တိုက်ခိုက်လာတော့သည်။

သူ၏ ဘယ်ညာသံချိတ်လက်ချောင်းတိုက်ကွက်သည် အသည်းနှင့်အူကို နှုတ်ပစ်မည့်တိုက်ကွက်ပင်။

၄င်းတိုက်ကွက်သည် စောစောကထက်ပိုပြီး နီးကပ် ရက်စက်လာသည်။

ဗိုင်ယိလော် ရှောင်တိမ်း၍ မဖြစ်တော့။ ထို့ကြောင့် ညာလက်ကို တန့်လန့်ခံပြီး ခုခံပေးလိုက်သည်။



၄င်းတွင် 'အင့်' ဟူသော အသံထွက်လာပြီး စခန်းရှင်ဘက်သား၏ ကိုယ်ခန္ဓာ တွေးကောက်သွားသည်။

ဗိုင်ရိုလော်သည် ရန်သူ၏လက်တစ်ဘက်ကို ချုပ်ကိုင်လိုက်လေပြီ။

ရန်သူသည် လက်တစ်ဘက်လုံး ချုပ်ကိုင်ခံ ထိုက်ရသော်လည်း လွတ်နေသေးသည့်လက်တစ်ဘက်နှင့် လက်ဝါးစောင်းခုတ်သွင်းလာပြန်သည်။

သူ့လက်မြောက်သွားစဥ်မှာပင် 'အိုး'ဟူသောအသံကြီးမြည်ထွက်လာတော့သည်။ ၄င်းတွင်မှာ ထိုလူသည် မတ်တတ်နေရာမှ ဒူးညွှတ်ပြီး ပုကျသွားသည်။

ထန်လိန်ဖိုးသည် ရင်ထဲ ထိတ်ခနဲ ဖြစ်သွားပြီး ဝင်ကူရန် တန်ပြင်လိုက်သည်။

ထိုစဥ် ဗိုင်ရိုလော်၏အသံ ထွက်လာသည်။

'သူ့အသက်ကို ရှင်လျက် မမြင်ချင်လို့လား ထန်'

ထန်လိန်ဖိုးသည် အေးစက်စက်အသံကြောင့် တွန့်ခနဲဖြစ်သွားသည်။

အရမ်း ဝင်မတိုက်ရဲတော့။

ရှေ့တိုးရမလို နောက်ဆုတ်ရမလို ဖြစ်နေရာမှ မိုက်တန်းတန်း ပြောလာသည်။

'ဗိုင်ရိုလော် ခင်ဗျား သတ်ရဲရင် သတ်လိုက်၊ ကျုပ်လူကိုကျုပ် မနှမြောဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဟားဟား. . . စခန်းရှင်ကြီးတစ်ယောက်က ဒီစကား
ပြောသလား၊ ကိုယ့်လူကိုယ် မနှောမြောဘူးဆိုတော့ ခင်ဗျား
အသက်သာ ခင်ဗျား နှမြောတယ်ပေါ့ တုတ်လား၊ တယ်
အတ္တကြီးတဲ့လူပါလားဗျာ'

ထန်လိန်ဖိုးသည် သူ့စကားမှားနေသဖြင့် အရှက်ကြ
ရှက်သွားသည်။

ပိုင်ရိုလော်က ထပ်ပြောသည်။

'ဒီမယ် ထန်၊ ကျုပ်မသတ်ရဲဘူး အောက်မေ့နေသလား

မိုးခြိမ်းသံလို ဟိန်းထွက်လာသော စကားကြောင့်
ထန်လိန်ဖိုး တုန်လှုပ်သွားသည်။

'ဒီမယ်ထန်၊ ကျုပ် သူ့အသက်ကို မခြွေချင်သေးဘူး
ဒီတော့ ကျုပ်မေးတာကို မှန်မှန်ဖြေ၊ လုံမလေးလီကို ဘာဖြစ်
ဖမ်းခိုင်းတာလဲ၊ ဖြေပါ မြန်မြန်'

ထန်လိန်ဖိုးမဖြေ၊ နှုတ်ပိတ်မြဲ ပိတ်နေသည်။

'ထန်. . . သိုင်းသမားတစ်ယောက်ရဲ့ သွေးတွေ ပြောင်
မြန်စီးတဲ့အရသာကို ခင်ဗျားခံစားချင်နေသလား၊ လောလောဆ
မှာတော့ ခင်ဗျား သွေးသောက်ရဲ့သွေးကြောတွေ ပြောင်းပြန်စီး
တော့မယ်၊ ခင်ဗျား ဒီလိုပဲ နှုတ်ပိတ်နေမှာလား၊ လျှို့ဝှက်ချက်
တစ်ခုအတွက် ကိုယ့်သွေးသောက်ညီတစ်ယောက်ရဲ့ အသက်
အဆုံးရှုံးခံတော့မှာလား၊ ဒီလိုသာဆိုရင်တော့ သစ္စာခံ ဘက်
သား ညီအစ်ကို ဆိုတဲ့စကားဟာ တန်ဖိုးမရှိတဲ့ စကားဖြစ်သွား

---



နောင်မှ နောင်တ မရချင်နဲ့'

ထန်လိန်ဖိုး မတတ်သာတော့ချေ။

သွေးသောက်ညီသည် သေတွင်းဝသို့ ရောက်နေပြီ၊
မိမိသာ ဆွဲမထုတ်လိုက်ပါက သေရမည်မှာ မုချဖြစ်တော့သည်။

နှုတ်ပိတ်နေ၍ မဖြစ်တော့၊

ပိတ်ထားသောပါးစပ်က တလှုပ်လှုပ်ဖြစ်လာပြီ၊

ထိုအချိန်မှာပင် လှေဦးတွင်ရပ်နေသော အနက်ဝတ်
အဘိုးကြီးသည် ဝိုးခနဲ ခုန်ပျံပြီး ဖျတ်ခနဲ ရောက်လာသည်။

ထန်လိန်ဖိုး၏ ဟလာသောပါးစပ်သည် ချက်ချင်းပြန်ပိတ်
သွားတော့သည်။

ပိုင်ရိုလော်သည် ထန်လိန်ဖိုးဘေးသို့ကျရောက်လာသော
အနက်ဝတ်အဘိုးကြီးကို စိုက်ကြည့်လိုက်ပြီး ထန်လိန်ဖိုးကို ပြော
တော့သည်။

'လက်စသတ်တော့ ထန်လိန်ဖိုးဟာ ကိုယ်ပိုင်ဆုံးဖြတ်
နိုင်ခွင့်ရှိသူမှ မဟုတ်ဘဲကိုး၊ အခြေအနေကြည့်ရတာတော့
တစ်စုံတစ်ယောက်ရဲ့ အမျိန့်ကိုင်မှုကို ခံထားရပုံပဲ'

ပိုင်ရိုလော်သည် စကားရပ်ပြီး အနက်ဝတ်အဘိုးကြီးကို
လှမ်းကြည့်သည်၊ ထို့နောက်. . .

'ခုမှ တွေ့ရောက်လာတဲ့ မိတ်ဆွေကြီးခင်ဗျား၊ မိတ်ဆွေ
ကြီးဟာ ကြံ့လုံစိုက်စခန်းရဲ့ အမိက ခေါင်းဆောင် ခင်ကြီး
များလား'

www.burmeseclassic.com

www.burmeseclassic.com



အနက်ဝတ် အဘိုးကြီးက ချောင်းဟန့်ပြီး ပိုင်ရိုလော်ကို စိုက်ကြည့်သည်။

'ကျုပ်က တြဲ့လုံစိုက်စခန်းရှင်ကြီး ထန်လိန်ဖိုးရဲ့ မိတ်ဆွေပါ'

ထိုအချိန်၌ ပိုင်ရိုလော်၏ မျက်လုံးတွင် အရောင်ဝင်းခနဲ တောက်သွားသည်။

'ခင်ဗျားနဲ့ ကျုပ် တစ်နေရာမှာ တွေ့ဖူးကြသလားလို့'

အဘိုးကြီးက ခေါင်းခါပြသည်။

'ခုအကြိမ်ဟာ ခင်ဗျားနဲ့ကျုပ် ပထမဆုံးတွေ့တဲ့အကြိမ်ပါ'

'အင်း. . . ကျုပ်နားထဲမှာတော့ ခင်ဗျားအသံကိုကြားဖူးသလို ရှိနေတာ အမှန်ပဲ'

'ဖြစ်နိုင်ပါတယ် ပိုင်ရိုလော်၊ လူတူမရှား နာမည်တူရှား ဆိုသလို အသံတူသူလဲ မရှားပါဘူး'

'ခင်ဗျားပြောတာ ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ကျုပ်နားထဲမှာတော့ ထူးဆန်းနေသလိုပဲ'

'ဟဲဟဲ. . . ကျုပ်ဟာ ခင်ဗျားလေ့ပေါ်တက်လာမလားလို့ စောင့်ကြည့်နေတာ၊ ခင်ဗျားမလာလို့ ကျုပ်လာခဲ့ရတာပဲ၊ ကျုပ်က ခင်ဗျားနဲ့ ဆွေးနွေးဖို့ စောင့်နေတာပါ'

အနက်ဝတ်အဘိုးကြီး၏စကားကြောင့် ပိုင်ရိုလော် မျက်မှောက်ကြုတ်သွားသည်။

အဘိုးကြီး၏အသံသည် အစ်တစ်တစ်နှင့် စက်ဆုပ်ဖွယ်



ကောင်းသောအသံဖြစ်သည်။

တစ်ချိန်က ရေလယ်ခေါင်တစ်နေရာ၌ ထိုအသံကို ကြားဖူးသည် ထင်သည်။

ပိုင်ရိုလော်သည် တစ်စုတစ်ရာကို စဉ်းစားလိုက်ပြီးသည် နှင့် ခပ်အေးအေး လှမ်းပြောသည်။

'ခင်ဗျားက ဘာတွေ ဆွေးနွေးချင်လို့လဲ'

'စောစောက ခင်ဗျားပြောတာကို ကျုပ်ကြားလိုက်ပါတယ်၊ ဘာတဲ့ . . . ဟိုဒင်း. . . ခင်ဗျားဟာ ဖေးယွင်ရဲတိုက်သခင်ကြီး လီချန်းလူရဲ့မိတ်ဆွေ ဆိုတဲ့စကား ဟုတ်တယ်မဟုတ်လား'

'ဟုတ်တယ်လေ စောစောက ကျုပ် ပြောခဲ့သားပဲ'

'မသိလို့မေးပါရစေ၊ ခင်ဗျားနဲ့ လီချန်းလူဟာ ဘယ်လို ခင်မင်နေကြတာလဲ'

'မိတ်ပက်အသွင် ခင်မင်ရင်းနှီးမှုပေါ့ဗျာ'

'ကောင်းပြီ၊ ဒီလိုဆိုရင် ထန်လိန်ဖိုးကိုရော သူ့လက်အောက်ငယ်သားတို့ရော လွှတ်လိုက်ပါ'

'ဟဲဟဲ. . . ခင်ဗျားဆွေးနွေးချင်တယ်ဆိုတာ[illegible]ဒါလား'

'ဟုတ်ပါတယ်'

'ခင်ဗျားရဲ့ ဆန္ဒ မဖြည့်နိုင်စရာအကြောင်း မရှိပါဘူး'

'ကျေးဇူးတင်ပါတယ်ဗျာ'

အနက်ဝတ်အဘိုးကြီးသည် အလွန်ကျေနပ်သွားဟန်နှင့် ခါးကိုင်းပြီး ဂါရဝပြုလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ရိုလော် ပြုံးပြီး ဆက်ပြောသည်။

'ဖါရပြေဖို့ အချိန်မကျသေးပါဘူးဗျာ၊ ကျုပ်မေး တာတို ဖြေစမ်းပါဦး'

'ဘာများ ဖြေစရာရှိသေးလို့လဲပိုင်၊ ထန်လိန်ဖိုးကိုယ်တိုင် ဖြေကြားပြီးပြီပဲဟာ'

'သူ့စကားက အမှန်စကား မဟုတ်ဘူးဗျ၊ လူတိုင်းလူတိုင်း ဟာ အမှန်စကားကိုသာ ကြားချင်ကြတာချည်းပဲ'

'ဟားဟား. . . ခင်ဗျားကြားချင်သလို အမှန်အတိုင်း မပြောနိုင်ဘူးဆိုရင် ခင်ဗျား ဘာလုပ်မလဲပိုင်'

'ရှင်းပါတယ်ဗျာ၊ သူ့ဆန္ဒနဲ့ လိုက်လျောညီထွေတဲ့ တုံ့ပြန်မှုကို လုပ်ပြရမှာပေါ့'

'ဟားဟား. . . ခင်ဗျားက ထန်လိန်ဖိုးရဲ့ သွေးသောက် ညီလေးကို ဓားစာခံ လုပ်ပစ်မယ်ပေါ့ ဟုတ်လား'

'လေကြောရှည်နေဖို့ မလိုတော့ပါဘူးဗျာ'

'ဒီလိုဆိုလဲ တိုတိုပဲပြောပါ့မယ်၊ ခင်ဗျားလက်ထဲက လူကို ခုချက်ချင်း လွှတ်လိုက်ပါ'

'ခင်ဗျားအသံက တော်တော်အာဏာသံပါသားပဲ'

'ကျုပ်ဒီလိုပဲ ပြောတတ်တယ်၊ ပြောသလိုလဲ လုပ်တတ်တယ်'

'အိုး. . . ခင်ဗျားက ကျုပ်လက်ထဲရောက်နေတဲ့လူကို လုယူတော့မယ် ဆိုပါတော့'

———▲———



'ခင်ဗျား ဒီလိုထင်တာ သိပ်မှားတယ်၊ ဒီလိုလုပ်တာဟာ ခင်မတန် အောက်တန်းကျတဲ့အလုပ်ပါ၊ ကျုပ်က ဘာမြဲသာနာမှ ဖြစ်ဘဲ ခင်ဗျားဘာသာ အလိုအလျောက် လွှတ်ပေးစေချင် နေတာပါ'

'ဪ. . . ဪ. . . ကျုပ်တလဲ ခင်ဗျားရဲ့ ပညာတွေကို စောင့်ပြီး ကြည့်နေတာပါဗျ'

'အင်း. . . ခင်ဗျားစကားက ကျုပ်ကို အထင်သေးနေပုံပဲ'

'စကားလုံးတွေဟာ ယုံကြည်စရာကောင်းတဲ့ အထောက် အထား မဟုတ်ပါဘူးဗျား'

'ဒီလိုဆိုလဲ အမှန်အတိုင်း ပြောပါ့မယ်၊ ဟုတ်နိုင်၊ မဟုတ်နိုင် ဆိုတာကိုတော့ ခင်ဗျားမှာ ပိုင်းဖြတ်နိုင်စွမ်း ရှိပါတယ်'

'ကျုပ် နားထောင်နေပါတယ်'

'အဟမ်း. . . လွန်ခဲ့တဲ့ နှစ်ရက်က ကြံ့လုံ့စိုက်စခန်းထဲကို ထန်လိန်ဖိုးရဲ့ဖိတ်ခေါ်မှုကြောင့် ဧည့်သည်တစ်ယောက် ရောက်ရှိ လာတယ်ဗျ၊ အဲဒီဧည့်သည်ဟာ ကြံ့လုံ့စိုက်ရဲ့ အထူးဧည့်သည်ကြီးပဲ၊ ဒါကြောင့် ထန်လိန်ဖိုးက ဧည့်သည်ကြီးကို စခန်းမှာထားခဲ့ပြီး တပည့်တွေနဲ့အတူ ရေကြောင်းခရီး ထွက်ခဲ့တယ်၊ အဲဒီခရီးမှာ ကျုပ်လဲ ပါတယ်၊ ခရီးလဲ ဆုံးရော ခုလို ခင်ဗျားနဲ့ တွေ့ကြတယ် ဆိုပါတော့၊ အဲ တစ်ခုထူးခြားတာက ကျုပ်တို့စီးလာတဲ့လှေပေါ်က မီးအိမ်တွေပဲ၊ အဲဒီမီးအိမ်တွေထဲမှာ သီးသန့်တည်ဆောက်ထားတဲ့ မျှော်စင်ပေါ်က မီးအိမ်တွေဟာ အထူးခြားဆုံးပဲ'

———▲———

www.burmeseclassic.com

www.burmeseclassic.com



အဲဒီမီးအိမ်က မီးတွေ ငြိမ်းသေသွားတဲ့အချိန်ဟာ တြဲလုံစိုက်မှာ ကျန်ရစ်ခဲ့တဲ့ ညည်သည်ကြီး အသတ်ခံရတဲ့အချိန်ပဲ၊ အဲဒီ မီးအိမ်တွေ ငြိမ်းသေသွားမယ့်အချိန်ဟာ ခင်ဗျားနဲ့ကျုပ် အဆင်မပြေတဲ့အချိန်ပဲ၊ ကျုပ်ပြောတာကို သဘောပေါက်ရဲ့လား ပိုင်ရိုလော်'

'ပေါက်ပါတယ်၊ ပေါက်ပါတယ်၊ အဲဒီ ညည်သည်ကြီးက ဘယ်သူများပါလဲ'

'ဒီကနေ့ သိုင်းလောကမှာ နာမည်ကြီးနေတဲ့ သိုင်းသမား ကြီးပါ၊ သူ့နာမည်ကို ကြားဖူးချင်သလား ပိုင်ရိုလော်'

'ခင်ဗျား ပြောဖို့မလိုပါဘူးဗျာ၊ ဘယ်သူဆိုတာ ကျုပ်ခု သိလိုက်ပါပြီ'

'ဪ ခင်ဗျားက ဘယ်လိုလုပ်ပြီး သိလိုက်တာလဲ'

အနက်ဝတ် အဘိုးကြီးက တအံ့တသြ မေးလာသည်။

ထိုခဏ၌ မျက်လုံးရောင်လည်း တပြောင်ပြောင် တောက် ပလာသည်။ ထို့နောက်ဆက်ပြီး မေးသည်။

'ဟဲ. . . ပြောစမ်းပါ၊ အဲဒီညည်သည် ဘယ်သူလဲ'

ပိုင်ရိုလော်က ထိမထင်ဟန်နှင့် ရယ်သွမ်းသွေးသည်။

'မခဲယဉ်းပါဘူးဗျာ၊ တြဲလုံစိုက်ရဲ့ ညည်သည်ကြီးဟာ ဖေးယွင်ရဲတိုက်သခင်ကြီး လီချန်းလူပါ၊ ဟုတ်တယ် မဟုတ်လား ကျုပ်အတွေးဟာ မြေးကြည့်တာထက်တောင် မှန်တယ်ဗျ ဟဲဟဲ'

ကြားရသောစကားကြောင့် အနက်ဝတ်အဘိုးကြီး မျက်လုံး



ပြူးသွားသည်။

ဘေးတွင်ရပ်နေသော လီယွင်ဟုန် ရင်ထဲ ဒိန်းခနဲ ဖြစ်သွားပြီး တုန်ထင်လာသည်။

ထိုစဉ် အနက်ဝတ်အဘိုးကြီးက ဣန္ဒြေဆည်လိုက်ပြီး ပြော ပြန်သည်။

'တော်တယ်၊ တော်တယ်၊ ခင်ဗျား အတွေးအခေါ် တော်တော်ကောင်းတယ်'

ပိုင်ယိလော် ဘာမျှ ပြန်မပြော။

အနက်ဝတ်အဘိုးကြီးကိုသာ မျက်ခြည်မပြတ် ကြည့်နေ သည်။

လီယွင်ဟုန်သည် ဖခင်ကြီး အဖမ်းခံရပြီဖြစ်ကြောင်း သိလိုက်ရသဖြင့် တုန်လှုပ်ချောက်ချားနေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

## မဟော်ဂနီ သံလုံး

ထိုစဉ် ပိုင်ယိလော်က လှမ်းမေးသည်။

'လီယွင်ဟုန် သူစကားတို ယုံသလား'

လီယွင်ဟုန်သည် ဘာပြေရမှန်း မသိသဖြင့် ကြောင်ငေးငေးကြီးဖြစ်နေသည်။

ထိုအခါကျမှ ပိုင်ယိလော်သည် အနက်ဝတ်အဘိုးကြီးကို ကြည့်ပြီး ပြောတော့သည်။

'တကယ်တော့ ဒီကိစ္စဟာ ဘာမှ ထူးဆန်းတဲ့ကိစ္စ မဟုတ်ပါဘူး။ ဦးနှောက်ရှိသူတိုင်း သိနိုင်တဲ့ကိစ္စပါ ဒါပေမယ့်. . .'

'ဘာလဲ ပိုင်ယိလော်၊ ဒါပေမယ့် ဆိုတာက မယုံကြည်



နိုင်တဲ့ သဘောလား၊ မယုံကြည်ဘူးဆိုရင်တော့ ကျုပ်မှာ ပြစရာ အထောက်အထား ရှိပါတယ်'

အနက်ဝတ်အဘိုးကြီးက သူ လိုအပ်သလို ဆွဲပြောတာ အကျီရင်ဘတ်ထဲမှ ပစ္စည်းတစ်ခုကို ထုတ်ယူပြီး လက်ဝါးပေါ် တင်ပြလာသည်။

'ဒီပစ္စည်းကို ကြည့်ပါ၊ သေသေချာချာ ကြည့်ရင် ဘယ်သူ့ပစ္စည်းဆိုတာ သိလာလိမ့်မယ်'

အားလုံး မြင်နေရပါသည်။

အနက်ဝတ်အဘိုးကြီး၏ လက်ဝါးပေါ်မှပစ္စည်းသည် ဘဲဥလောက်ရှိသော အနက်ရောင် သံလုံးတစ်လုံးဖြစ်သည်။

လီယွင်ဟုန်သည် ထိုသံလုံးကိုမြင်လိုက်သည်နှင့် မျက်နှာသွက်ခနဲ ပျက်သွားသည်။

'ကြည့်ပါ . . . ကြည့်ပါ၊ ခင်ဗျားတို့နှစ်ယောက်စလုံး သေသေချာချာ ယူကြည့်ပါ'

အနက်ဝတ်အဘိုးကြီး၏ စကားသံအဆုံးတွင် သံလုံးလေး လွင့်ထွက်လာသည်။ သံလုံးသည် ပိုင်ရိုလော်၏ မျက်နှာဆီတန်းပြီး ပြေးဝင်လာသည်။

ပိုင်ယိလော်သည် မလွှဲမရှောင်သာတော့သဖြင့် ဖျတ်ခနဲ ဖမ်းယူလိုက်ရသည်။ ထို့နောက် သံလုံးကို သေသေချာချာ ကြည့်မိသည်။

'ဖေးယွင်လီ' ဟု ရေးထားသော စာလုံးများကို တွေ့ရ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ပိုင်ယိလော်သည် စာလုံးများကို ဖတ်ပြီးသည်နှင့် လီယွင်ဟုန်ကို လှမ်းပေးလိုက်သည်။

'လီယွင်ဟုန်၊ ဒီသံလုံးကို သေသေချာချာ ကြည့်စမ်းပါ ဒါ ခင်ဗျားအဖေရဲ့ပစ္စည်းအမှန်ပဲလား'

လီယွင်ဟုန်က သံလုံးကိုယူပြီးကြည့်သည်။ မျက်မှောင်ကြုတ်လိုက် ခေါင်းခါလိုက် လုပ်သည်။

'တူတော့ တော်တော်တူတယ်၊ ဒါပေမယ့် ဖေဖေကြီးရဲ့ သံလုံးမှာ'

လီယွင်ဟုန်၏စကား တစ်ပိုင်းတစမှာပင် အကျီနက်အဘိုး ကြီးက ဖြတ်မေးသည်။

'ဖေးယွင်လီလို့ နာမည်ရေးထားတယ် မဟုတ်လား'

'ဟုတ်ပါတယ်၊ ဒါပေမယ့်. . .'

လီယွင်ဟုန်သည် မရယ်ချင့်ရယ်ချင် ရယ်လိုက်ပြီး လက်ထဲမှ သံလုံးကို ဝိုးခနဲ လွှတ်ပစ်လိုက်တော့သည်။ အကျီနက် အဘိုးကြီးသည် သံလုံးကို ဖမ်းယူပြီး သေသေချာချာ ပြန်ကြည့် သည်။

'ကြည့်ကြည့် . . . ရှင့်ပစ္စည်း ဟုတ်မဟုတ် သေသေ ချာချာကြည့်'

လီယွင်ဟုန်က ဒေါသနှင့် လှမ်းပြောသည်။

အကျီနက်အဘိုးကြီးသည် မျက်နှာကွက်ခနဲ ဖျက်သွားပြီး ပိုင်ယိလော်ကို လှမ်းကြည့်သည်။

'ပိုင်ယိလော်၊ ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ၊ သံလုံး ပေါ်က စာလုံးတွေကို အတွင်းအားသုံးပြီး ဖျက်ပစ်လိုက်တယ်မဟုတ်လား'

'ဒါ ကျုပ်တို့ သက်သက် မြှသနာ လုပ်တာပဲ'

ပိုင်ယိလော်က ရယ်သွမ်းသွေးပြောရင်း လီယွင်ဟုန်ကို လှည့်ကြည့်သည်။ အကျီနက်အဘိုးကြီးက လှုပ်ရှားနေသော စိတ်ကို ပြန်ထိန်းလိုက်ပြီး. . .

'ပိုင်ယိလော်၊ ခင်ဗျားက လုံမလေးလီ စိုးရိမ်သောက ရောက်နေတာကို မကြည့်ရက်ဘူးလား၊ ဒါကြောင့်မို့. . . ဒါကြောင့် မို့. . .'

'ခင်ဗျား ဘာတလိန်ထျနေတာလဲ၊ ကျုပ်က လီယွင်ဟုန်ကို ညာပါ့မလား'

အကျီနက်အဘိုးကြီးသည် ဘာမျှ ငြင်းချက် ထုတ်မနေ ချင်တော့သဖြင့် ပခုံးနှစ်ဘက်သာ တွန့်ပြလိုက်မိတော့သည်။

'လက်စသတ်တော့ မိတ်ဆွေကြီးပိုင်ဟာ ထင်ထားတာ ထက် သိုင်းပညာ အဆင့်ပိုမြင့်နေသူကိုး ဗျ၊ ဒီတစ်ခုဟာ မျက်တွေ့ လက်တွေ့ဖြစ်နေတော့ ကျုပ်တို့အနေနဲ့ အကြွမ်းမဖက်ဝံ့တော့ ပါဘူးဗျာ၊ ဒါကြောင့် ကျုပ်တို့ရဲ့သွေးသောက်ညီလေးကို ပြန်လွှတ်၊မလွှတ်ဖို့ကိုလည်း ခင်ဗျားတို့ရဲ့ဆန္ဒအတိုင်း ဖြစ်ရပါစေ့ မယ်'



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ယိလော်က ပြုံးပြီး ပြန်ပြောသည်။

'ကျုပ်ကလည်း တစ်သက်လုံး လွှတ်မပေးဘူးလို့ မပြောခဲ့ပါဘူးဗျာ'

ပိုင်ယိလော်သည် စကားဆုံးသည်နှင့် ချုပ်ကိုင်ထားသော လူကို တွန်းလွှတ်လိုက်တော့သည်။

ထိုလူသည် ပိုင်ယိလော်၏လက်ထဲမှ လွင့်ထွက်လာပြီး ထန်လီန်ဖိုးရှေ့အရောက်တွင် ယိုင်တိုင်ယိုင်တိုင်နှင့် ရပ်တန့်သွားတော့သည်။

ထိုအချိန်မှာပင် လီယွင်ဟုန်၏အသံ ထွက်ပေါ်လာသည်။

'သူရဲကောင်းကြီးပိုင်၊ သူတို့စခန်းက ညွှန်သည်တာ ကျွန်း အဖေ အမှန်ပဲလား'

ပိုင်ယိလော်က ခေါင်းခါပြီး ပြောသည်။

'သိပ်လည်း ဝမ်းပန်းမနေပါနဲ့ လီယွင်ဟုန်၊ ခုလိုအခြေအနေမျိုးမှာ ထန်လီန်ဖိုးကို ဖမ်းထားတာတောင် အသုံးမဝင်လှပါဘူး သူ့လက်အောက်တပည့်ဆိုရင် ပိုပြီး အသုံးမဝင်ဘူးပေါ့'

ထိုစဉ် အနက်ဝတ် အဘိုးကြီးက စကားရောင်း စကားဝယ် လုပ်လာပြန်သည်။

'လုံမလေးကလဲဗျာ၊ ပိုင်ယိလော်က ဒီလောက်ကြီးကျယ်တဲ့ ကိစ္စကို ညာပြီး ပြောနေပါ့မလား၊ တကယ်လို့ လီချန်းလူသာ ကြွက် စိုက်စခန်းထဲမှာ ရှိနေရင် သူ့လက်ထဲ ရောက်နေတဲ့ ကျုပ်တို့လူကို ပြန်လွှတ်ပေးပါ့မလားဗျ'



လီယွင်ဟုန်သည် ဘာယုံရမှန်း မသိတော့ပေ၊

ထို့ကြောင့် အူကြောင်ကြောင်ဖြစ်နေတော့သည်။

ပိုင်ယိလော်အသည် လီဟုန်ယွင်ကို ကွက်ခနဲ ကြည့်လိုက်ပြီး အနက်ဝတ်အဘိုးကြီးကို လှမ်းပြောသည်။

'ဒီမယ် မိတ်ဆွေကြီး. . . ခင်ဗျားပါးစပ်ထဲကလျှာကို အရိုး မရှိတိုင်း ထင်သလို လှုပ်ရှားမနေပါနဲ့၊ ခင်ဗျားတို့လူကို ကျုပ် ဘာဖြစ်လို့ ပြန်လွှတ်ပေးသလဲဆိုတာ ကျုပ်ပဲ သိတယ်၊ ခင်ဗျားတို့ သိချင်သေးရင် ကျုပ် ပြောပြမယ်'

'ပြောပါ၊ သိဝ်သိချင်ပါတယ်'

'ရှင်းရှင်းတလေးပါ၊ လူချင်း အလဲအလှယ် လုပ်ချင်လို့ပဲ'

အနက်ဝတ်အဘိုးကြီး ထိတ်ခနဲ ဖြစ်သွားသည်၊ သို့သော် ချက်ချင်း ကြံ့ခိုင်ဆည်ပြီး မေးသည်၊

'ဘယ်သူနဲ့ ဘယ်လို လဲချင်လို့လဲ၊ ရှင်းရှင်းပြောစမ်းပါ'

'အပိုတွေ မေးမနေပါနဲ့ဗျာ၊ ခင်ဗျား သိပြီးသားပါ'

'ဟဲဟဲ. . . မသိလို့ မေးနေတာပဲ ပိုင်ရယ်၊ ကျုပ်လေ. . . ကျုပ် ပြောချင်တာက ဒီမှာ ထန်လီန်ဖိုးရဲ့ စခန်းဘက်သားတွေ ဆယ်ယောက်တိတိ ရှိနေတယ်ဗျ၊ သူတို့က ခင်ဗျားနဲ့ကျုပ်ကို အကြမ်းဖက်ခွင့်ပြုမှာ မဟုတ်ဘူးဗျ'

'ဟားဟား. . . ခင်ဗျားဟာ တော်တော် ပခုံးပြောင်း တတ်တဲ့လူပဲ၊ ကျုပ်ကို ဒီလို ခြိမ်းခြောက်လို့ မရဘူးဆိုတာ ခင်ဗျား တကယ် မသိဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'မလိုပါဘူးဗျာ၊ ခင်ဗျား နည်းနည်းလေး လှုပ်ရှားလိုက်တာနဲ့ ကျုပ် လှေပေါ် ပြန်ရောက်သွားမှာပါ'

'ခြော်. . . ခင်ဗျားက တဝည့်နှတွကို ပစ်ထားပြီး ကိုယ်လွတ်ရှန်းမယ် ဟုတ်လား၊ ဘက်တော်သားဆိုတာ သေအတူ ရှင်မကွာ ခံစားရတာဗျ၊ သူများအသက်ကျတော့ အမှိုက်လိုသဘောထားပြီး ကိုယ့်အသက်ကျတော့ ပတ္တမြားခဲလို့ တန်ဘိုးထားနေတာကိုး၊ ဒါဟာ လူကောင်းတွေရဲ့အလုပ် မဟုတ်ပါဘူးဗျာ'

ပိုင်ယိလော်၏စကားကြောင့် အနက်ဝတ်အဘိုးကြီး မျက်နှာပျက်သွားသည်။ ထို့နောက်. . .

'ခင်ဗျား တော်တော်ဆိုးတဲ့လူပါလား၊ ကျုပ်တို့အချင်းချင်း စိတ်ဝမ်းကွဲအောင် ရန်တိုက်ပေးနေတာလား၊ ဒီလိုလုပ်လို့ မရပါဘူးဗျာ၊ ခင်ဗျားစကားဟာ ဘယ်လိုမှ အသုံးမဝင်တဲ့စကားပါ ကျုပ်က လှေပေါ်ရောက်တာနဲ့ မျှော်စင်ပေါ်က မီးအိမ်ကို ချပ်ကိုင်ထားလိုက်မှာပါ၊ ခင်ဗျားအနေနဲ့ ဘယ်သူ့ကိုမှ မတိုက်ခိုက်ရပါဘူး၊ ကျုပ်မိတ်ဆွေတွေကလည်း ခင်ဗျားကို တိုက်ခိုက်မှာ မဟုတ်ပါဘူး'

'ဒီကိစ္စလောက်တော့ ဒီကနေပြီး လှမ်းပြောရင် ဖြစ်နိုင်ပါတယ်ဗျာ၊ ခင်ဗျားကိုယ်တိုင် သွားဖို့ မလိုပါဘူး'

ပိုင်ယိလော်စကားကြောင့် အနက်ဝတ်အဘိုးကြီး ငြိမ်ကျသွားသည်။

ထို့နောက် ပိုင်ယိလော်ကို စက်ဆုပ်သောအကြည့်နှင့် စိုက်ကြည့်သည်။

▲



'တဲ. . . ကျုပ်မှာ အချိန်သိပ်မရှိဘူး၊ လုံမလေးလီယွင်ဟုန်ကိုသာ ကျုပ်တို့လက်ထဲ ထည့်လိုက်ပါ၊ သူ့ခရာ သူ့အဖေအတွက် စိုးရိမ်သောက ကြီးနေရှာတာ'

'ဟဲဟဲ. . . ခင်ဗျား တော်တော်စကားလှည့်ကောင်းတဲ့လူပါလား၊ လီယွင်ဟုန်က သူ့အဖေကြီး ခင်ဗျားတို့လက်ထဲ ရောက်နေတယ်ဆိုတာကို ယုံတာမဟုတ်ဘူးဗျ'

အနက်ဝတ်အဘိုးကြီးသည် မျက်မှောင်ကြုတ်ပြီး ငြိမ်သွားပြန်သည်။

အတန်ကြာမှ စက်ဆုတ်ဘွယ်ကောင်းသောအသံနှင့် တဟားဟား အော်ရယ်တော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၆)

## ရေစခန်းသို့ ခြေလှမ်းသူ

'တားဟား. . . ခင်ဗျားဟာ တော်တော်အကွက်လှည့်တတ်တဲ့လူပဲ ပိုင်၊ ကျုပ်လက်ထဲက သုံးလုံးဟာ လီယွင်ဟုန့်အဖေရဲ့ အထိမ်းအမှတ် သုံးလုံးအစစ်ပါ။ ကျုပ် ခင်ဗျားကို မေးတုန်းက စာတန်း ပါပါတယ်၊ ခင်ဗျားလက်ထဲရောက်မှ အတွင်းအားနဲ့ဖျက်လိုဖျက်သွားတာပါ။ ဒီတော့ လီယွင်ဟုန် ဘယ်မှတ်မိတော့မလဲ၊ ဒီအမှတ်အသားဟာ သူ့အတွက် သေရေးရှင်ရေး အမှတ်အသားပဲ၊ ခင်ဗျားအနေနဲ့ လီယွင်ဟုန်ရဲ့ အရေးကြီးကိစ္စကို ပေါ့ပေါ့တန်တန် လုပ်မပစ်လိုက်ပါနဲ့၊ ခင်ဗျားကြောင့် ကာယကံရှင်တွေ ဒုက္ခမရောက်စေသင့်ဘူး'



ဤတွင် ဘာကို ယုံရမှန်းမသိဘဲ မျက်စိဖျက်မျက်နှာ ဖျက်ဖြစ်နေသည့် လီယွင်ဟုန်က ထပ်မေးလာသည်။

'နေပါဦး၊ ကျွန်မအဖေဟာ ရှင်တို့စခန်းထဲမှာ တကယ်ရှိနေလို့လား'

'ဒီပစ္စည်းဟာ ခင်ဗျားအဖေရဲ့ပစ္စည်းအစစ်ပါ၊ ဒီတော့ ကျုပ်တို့ပြောခဲ့တာတွေကို ခင်ဗျားဆန္ဒအတိုင်း ယုံချင်ယုံပါ၊ မယုံချင်လည်း နေပါ'

လီယွင်ဟုန်သည် မည်သို့မျှ စောဒက မတက်တော့ဘဲ ခေါင်းငိုက်စိုက်ကျသွားသည်။

ဝန်းရောင်သန်းနေသောမျက်နှာပင် ချက်ချင်း ဖြူဖတ်ဖြူရော် ဖြစ်လာသည်။

ဤတွင် အတင်းပါးသော ပိုင်ယီလော်က သတိပေးလာသည်။

'လီယွင်ဟုန် စဉ်းစားပါ၊ ဒီပစ္စည်းဟာ ခင်ဗျားအဖေရဲ့ ပစ္စည်းအစစ်ဖြစ်တယ်ပဲထားဦး၊ သူတို့ ဘယ်လိုယူခဲ့သလဲဆိုတာကို စဉ်းစားရဦးမယ်၊ ဒီပစ္စည်းကို တွေ့တာနဲ့ ခင်ဗျားအဖေ အဖမ်းခံနေရတာဟာ တစ်ခြားစီပါ၊ ဆက်စပ်မှုရှိသလို ကွဲပြားမှုလည်း ရှိတယ်၊ နောက်တစ်ခုက ဒီသုံးလုံးကို လီယွင်ဟုန်ကိုယ်တိုင် သံသယရှိနေသေးတယ် မဟုတ်လား'

လီယွင်ဟုန် ခေါင်းမော့လာသည်။

အနုတ်ဝတ်အဘိုးကြီးက ဖြတ်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ပိုင်ယီလော်ဟာ ဖေးယွင်ရဲတိုက်သခင်ကြီး လီချန်းလူရဲ့ မိတ်ဆွေဆိုရင် လီချမ်းလူနဲ့ မကွဲမကွာ ရှိနေလေ့ရှိတဲ့ပစ္စည်းတို့ တကယ်သိဖို့ လိုပါတယ်'

'ကျုပ် နားလည်ထားတာက ဘယ်အရာမဆို အမြဲထာဝရ အတူတကွ ရှိမနေတတ်ပါဘူး၊ ကွဲကွာချိန်၊ ခွဲခွာချိန်ဆိုတာ ရှိစမြဲပါ'

အနက်ဝတ်အဘိုးကြီးသည် ပိုင်ယီလော်ကို ငြင်းချက်ထုတ်မနေတော့ဘဲ လီယွင်ဟုန်ကိုသာ လှမ်းပြောတော့သည်။

'လုံမလေး လီယွင်ဟုန်. . . ခင်ဗျား ဘယ်လို စဉ်းစားမိပါသလဲ'

လီယွင်ဟုန်က အဖြေမပေးနိုင်ပါ။ အဝေးကိုသာ ငေးပြီး တွေဝေနေတော့သည်။

အနက်ဝတ်အဘိုးကြီးက အားနည်းချက်ကို တွေ့လာသဖြင့် ထပ်ပြီး ပြောလာသည်။

'အကောင်အထည် မမြင်ရဘဲ စဉ်းစားရတာဟာ တော်တော်ပင်ပန်းတဲ့ကိစ္စပါ၊ ဒီတော့ ခင်ဗျားအဖေကို လူလွှတ်ပြီး ခေါ်ခိုင်းလိုက်ပါမယ်၊ မကြာခင် အချိန်အတွင်းမှာ သူ ရောက်လာပါလိမ့်မယ်'

လီယွင်ဟုန်သည် အနက်ဝတ်အဘိုးကြီး၏စကားကို ယုံသလို ဖြစ်လာပြန်သည်။

'နေပါဦးရှင်၊ ရှင်တို့က ဘယ်တုန်းက ဘယ်လိုလုပ်ပြီး



'ဒီလိုပါ၊ လုံမလေး ထွက်သွားပြီး မကြာခင်မှာ ကျုပ်တို့ရဲ့ထိုက်ထဲ ရောက်သွားတယ်၊ အဲဒီလိုသာ တိုက်ဆိုင်မှု မရှိခဲ့ရင် ခုလိုအဖြစ်မျိုးနဲ့ ကြုံရမှာ မဟုတ်ပါဘူး'

'ဟင်. . . ဒီလိုဆိုရင် ခု ဖေးယွင်ရဲတိုက်ကြီးမှာ. . .'

လီယွင်ဟုန်က တုန်လှုပ်ဟန်နှင့် ပြောသည်။

အနက်ဝတ်အဘိုးကြီးက သူ့စကားကို ဖြတ်ပြီး ပြောလိုက်သည်။

'အင်း. . ခုချိန်မှာတော့ ဖေးယွင်ရဲတိုက်ကြီးရဲ့ အခြေအနေဟာ အတော့်ကို ပြောင်းလဲသွားပါပြီ၊ ပြောရရင် ဖေးယွင်ရဲတိုက်ကြီးမှာ လွှင့်ထူထားတဲ့ အလံတွေ၊ တံခွန်တွေ အားလုံးဟာ ဖေးယွင်ရဲတိုက်ကြီးရဲ့ အလံတွေ၊ တံခွန်တွေ မဟုတ်တော့ဘူး'

ထိုစကားကြောင့် လီယွင်ဟုန် တုန်တုန်ယင်ယင် ဖြစ်လာသည်။ ဒေါသလည်း ဖြစ်လာသည်။

'ရှင့်စကားက ဘာစကားလည်းရှင့်'

'ဟဲဟဲ. . . ကောင်းမြတ်တဲ့စကားပါ မိန်းကလေး၊ ဒီလိုလုပ်ရတာဟာ မိန်းကလေးရဲ့ အဖေကြီးကို သွေးနဲ့ညီနေတဲ့ သိုင်းလောကနဲ့ အဆက်အသွယ် ပြတ်နေစေချင်လို့ပါ၊ သူဟာ အသက်လည်း အတော်ကြီးနေပြီ၊ ဒီအသက်ဒီအရွယ်ဟာ အေးအေးလူလူနေဖို့ကောင်းတဲ့အရွယ်ပါ၊ ကျုပ်တို့ဆန္ဒကတော့ နုငယ်သေးတဲ့ မိန်းကလေး လီယွင်ဟုန်တို့လည်း သိုင်းဝတ်စုံတွေချွတ်ပြီး လောကစည်းစိမ်ကို အေးအေးဆေးဆေး ခံစားစေချင်ပါတယ်၊ ဒါ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်. . .

ပိုင်ယိလော်သည် အနက်ဝတ်အဘိုးကြီးကို စိုက်ကြည့်ပြီး လှောင်ပြောပြောတော့သည်။

'ခင်ဗျားစကားက တော်တော် ရယ်စရာကောင်းတဲ့ စကားပဲ'

'ခင်ဗျားနဲ့ မဆိုင်ပါဘူးဗျ၊ ကာယကံရှင်တွေရဲ့ အကျိုးကို ကြည့်ပြီးပြောနေတာဗျ၊ အရေးကြီးတာက မိန်းကလေး ကျေနပ်ဖို့ပဲ၊ မိန်းကလေး ကျေနပ်ရင် ခင်ဗျား ဝင်ရှုပ်ဖို့ မလိုတော့ဘူး'

အနက်ဝတ်အဘိုးကြီးက ဒေါသနှင့် ပြောသည်။

ပိုင်ယိလော်က ဟက်ခနဲ ရယ်လိုက်သည်။ ထို့နောက်. . .

'ကောင်းပြီလေ၊ လုံမလေးလီ ကျေနပ်သလား၊ မကျေနပ်ဘူးလားဆိုတာ ခုပဲ မေးကြည့်ပါ'

'ဟားဟား. . . ခင်ဗျား တော်တော် အကြပ်ကိုင်ချင်တဲ့ လူပဲ၊ လုံမလေးလီဟာ သိုင်းလောကမှာ နာမည်တစ်လုံးနဲ့နေတဲ့ သူပါ၊ သူ့အဖေကြီးအပေါ်မှာလည်း အင်မတန် ရိုသေကိုင်းရှိုင်းတဲ့ မိန်းကလေးပါ၊ ဒီတော့ သူ့အဖေကြီးကို ကျုပ်တို့လက်ထဲမှာ ဝကွက်ပြီး အဓိထားရဲပါ့မလား၊ ပြီးတော့ သူ့အဖေကြီးဟာ သိပ်လည်း ကျန်းမာလှတာ မဟုတ်ဘူး၊ ဒီတော့ သူကိုယ်တိုင် သူ့အဖေကြီး ရှိရာလိုက်ပြီး ပြုစုယုယမယ့် မိန်းကလေးပါ၊ ဒီအချက်ဟာ ကျုပ်တို့ရဲ့ စိတ်ဆန္ဒအပေါ် မူတည်တဲ့အချက် မဟုတ်ပါဘူး'

လီယွင်ဟုန်သည် ငြိမ်ပြီး တွေနေသည်။ ထို့နောက်



ပိုင်ယိလော်ကို လှမ်းကြည့်ပြီး. . .

'သူရဲကောင်းကြီးပိုင်၊ ဖေဖေဟာ ကြံ့လုံစိုက်စခန်းထဲ ရောက်နေတယ်ဆိုတာ သိတယ်မဟုတ်လား'

ပိုင်ယိလော် မျက်မှောင်ကြုတ်သွားသည်။ ထို့နောက်. . .

'ဒီမယ် လီယွင်ဟုန်၊ ကျုပ် ပြောချင်တာက သူတော်ကောင်းကို နတ်ကောင်း မစမြဲပါ၊ တရားသူကို ကူသူပေါ်ပါတယ်၊ ခေါင်းထဲထည့်ထားရမှာက ဖေးယွင်ရဲတိုက်ကြီးဟာ အဆင့်မြင့် ရဲတိုက်ကြီးပါ၊ အဆင့်မြင့်သိုင်းသမားတွေလည်း တင်းပြည့်ကြပ်ပြည့် ရှိနေတဲ့နေရာပါ၊ ရဲတိုက်သခင်ကြီး လီချန်လူဆိုတာကလည်း နှယ်နှယ်ရရလူ မဟုတ်ပါဘူး'

လီယွင်ဟုန်သည် ပိုင်ယိလော်၏စကားကို လက်ခံလိုစိတ် မရှိတော့ချေ။ သံယောဇဉ်သည် သူမ၏ အသိအမြင်များကို အမှောင်ဖုံးစေလိုက်ပြီ။ ထို့ကြောင့်. . .

'သူရဲကောင်းကြီးပိုင်၊ ကျွန်မဟာ မိန်းမသားတစ်ယောက်ပါ၊ ခုအချိန်ဟာ ကျွန်မအတွက် အရေးကြီးတဲ့အချိန်၊ ကျွန်မ ဘာလုပ်ရမယ်ဆိုတာ ကျွန်မသိပါတယ်၊ ပိုင့်ကိုတော့ အများကြီး ကျေးဇူးတင်ပါတယ်ရှင်'

လီယွင်ဟုန် စကားဆုံးသည်နှင့် အနက်ဝတ်အဘိုးကြီးကို လှမ်းကြည့်လိုက်သည်။ ထို့နောက် သူတို့နှင့် လိုက်သွားရန် ဟန်ပြင်လိုက်သည်။

ဤတွင် အနက်ဝတ်အဘိုးကြီးက မြောက်ထိုးပင့်ကော်

www.burmeseclassic.com

www.burmeseclassic.com



လုပ်လာသည်။

'မိန်းကလေးဟာ အမှန်ကို ဆုံးဖြတ်နိုင်တဲ့ မိန်းကလေးပါ မိဘကျေးဇူးဟာ တစ်ဘဝလုံး ပေးဆပ်တာတောင် ကုန်နိုင်စရာမရှိပါဘူး။ ဒါပေမယ့် ကျေးဇူးဆိုတာ အခွင့်အရေးရတုန်းဆပ်ရ အကျိုးကြီးမားတာပါ မိန်းကလေး၊ မိန်းကလေးဟာ မွေးရတာ နပ်တဲ့ မိန်းမမြတ်ကလေးပါ၊ မိန်းကလေးရဲ့ကျေးဇူးသိတတ်မှုကို ကျုပ် အများကြီးလေးစားပါတယ်'

ဗိုင်ယိလော်သည် ဟန်လုပ်ပြောနေသည့် အနက်ဝတ် အဘိုးကြီးကို မကျေနပ်စွာ ကြည့်လိုက်သည်။

ထို့နောက် ခြေလှမ်းတပြင်ပြင်ဖြစ်နေသည့် လီယွင်ဟုန်ကို လှမ်းပြောပြန်သည်။

'လီယွင်ဟုန်၊ ခေါင်းအေးအေးထားပြီး စဉ်းစဉ်းစားစား လုပ်စမ်းပါ၊ ခင်ဗျားရဲ့ အဖေကြီးဟာ ခင်ဗျားကို ဒီလိုလုပ်စေ ချင်တဲ့ဆန္ဒ ရှိမယ်မထင်ဘူး လီယွင်ဟုန်ဟာ နုငယ်တဲ့ မိန်းမပျို တစ်ယောက်ပါ၊ ဒီလို မိန်းမပျိုတစ်ယောက်ဟာ မိမိကိုယ်ကို နတ်ဆိုးလက်ထဲ အရောက်မခံသင့်ဘူး၊ ကျားဆိုတဲ့ သတ္တဝါဟာ သားစားကျူးတဲ့သတ္တဝါပဲ၊ ကျားသနားလို့ ချမ်းသာရတဲ့ သားသမင် ဆိုတာ လောကမှာ မရှိဘူး၊ လီယွင်ဟုန်သာ သူတို့နောက် လိုက်သွား ရင် မိသားစုတွေ ရင်ထုမနာ ဖြစ်ကြရလိမ့်မယ်၊ ဒီလိုလုပ်တာဟာ မိဘကျေးဇူးကို ထိထိရောက်ရောက် ပေးဆပ်ရာရောက်မှာလည်း မဟုတ်ဘူး'



လီယွင်ဟုန်သည် ဗိုင်ယိလော်ကို ကြည့်ရင်း ချီတုံချတုံ ဖြစ်သွားပြန်သည်။

သို့သော် လှုပ်ရှားနေသောစိတ်ကို တည်ငြိမ်အောင် ထိန်းသိမ်းထားလိုက်ပြီး ကြှနေ့ရရ ပြောတော့သည်။

'ကျေးဇူးတင်ပါတယ် သူရဲကောင်းကြီး ဗိုင်။ သူရဲကောင်းကြီးဗိုင်ရဲ့စေတနာကို ကျွန်မ အများကြီး လေးစားပါတယ်၊ ဒါပေမယ့် ကျွန်မ ဘာလုပ်ရမယ်ဆိုတာကို ကျွန်မပဲ သိပါတယ်၊ ဒါကြောင့်မို့ ကျွန်မဆန္ဒအတိုင်း လုပ်ခွင့်ပြုပါလို့ မေတ္တာရပ်ခံပါတယ်ရှင်'

ဗိုင်ယိလော်သည် လီယွင်ဟုန်ကို ကြည့်ပြီး အံ့ဩနေတော့သည်။

မှန်သည်။

ယခုအချိန်၌ သူမကို တားမြစ်နေ၍ ဖြစ်တော့ချေ။ အခြေအနေသည် မိမိစကားကို လက်ခံနိုင်မည့်အခြေအနေလည်း မဟုတ်ချေ။ ထို့ကြောင့် . . .

'ကောင်းပြီ လီယွင်ဟုန်၊ ကျုပ် ဝတ္တရား ကျေပါတယ် ခင်ဗျားသဘောအတိုင်းပါပဲ'

'ကျေးဇူးတင်ပါတယ် သူရဲကောင်းဗိုင်၊'

လီယွင်ဟုန်သည် စကားဆုံးသည်နှင့် အနက်ဝတ် အဘိုးကြီးအနီးသို့ တိုးကပ်သွားတော့သည်။

ဗိုင်ယိလော်သည် လီယွင်ဟုန်ကို တားမြစ်ခြင်း မပြုတော့

www.burmeseclassic.com

www.burmeseclassic.com



ချေ။

အနက်ဝတ်အဘိုးကြီးသည် ကျေကျေနပ်နပ်ကြီး ပြုံးလာသည်။

လီယွင်ဟုန်သည် သူ့ရှေ့တွင် ရပ်မိသည်နှင့် . . .

'ကျွန်မက ရှင်တို့နောက်ကို ဘယ်လိုလိုက်ရမှာလဲ'

'လှေနဲ့ပေါ့ဗျာ၊ ကျုပ်တို့ မိန်းကလေးနဲ့ ဖခင်ကြီးကို အမြန်ဆုံး တွေ့ဆုံပေးမှာပါ၊ ကဲကဲ . . . လှေပေါ်ကိုသာ တက်ပါ'

လီယွင်ဟုန်သည် ဘာစကားမှ မပြောတော့ဘဲ ရေတန်ကမ်းစပ်သို့ လျှောက်သွားတော့သည်။

ထိုစဉ် အနက်ဝတ်အဘိုးကြီးက ပိုင်ယိလော်ကို လှမ်းကြည့်ပြီး ပြုံးပြသည်။

သူ့အပြုံးသည် အောင်နိုင်သူ၏အပြုံးမျိုးပင်ဖြစ်သည်။

'ကဲ . . မိတ်ဆွေကြီး ပိုင်၊ ကျုပ်တို့ သွားလိုက်ပါဦးမယ်'

အနက်ဝတ်အဘိုးကြီးသည် ပိုင်ယိလော်ကို နှုတ်ဆက်ပြီးသည်နှင့် လီယွင်ဟုန်နောက်သို့ လိုက်သွားတော့သည်။

ပိုင်ယိလော်သည် လီယွင်ဟုန်နှင့် အနက်ဝတ်အဘိုးကြီးကို လှမ်းကြည့်ပြီး သက်ပြင်းချလိုက်သည်။

'အင်း . . . ငါကိုက ငါပဲ၊ ကိုယ်နဲ့မဆိုင်ဘဲ ဝင်စွက်တာဟာ ကိုယ့်သိက္ခာ ကိုယ်ပြန်ချသလိုပဲ၊ ခုတော့ ငါ့စေတနာတွေဟာ အလကား ဖြစ်ကုန်ပြီ'

ပိုင်ယိလော်သည် မကျေမနပ် ရေရွတ်လိုက်ကာ အဝေးသို့



စ်ခနဲ ပြေးထွက်သွားတော့သည်။

ထန်သည် တရိပ်ရိပ် ပြေးနေသော ပိုင်ယိလော်ကို းကြည့်နေရာမှ ကျေကျေနပ်နပ်ကြီး ပြုံးနေလေတော့သည်။

ထို့နောက် . . .

ကမ်းစပ်ဆီ ပြေးဆင်းသွားပြီး လှေပေါ် ခုန်တက်သွား တော့သည်။

မကြာမီ ထန်တို့လှေအုပ်စုသည် တရွေ့ရွေ့ လှုပ်ရှား နေရာမှ တရိပ်ရိပ် ပြေးသွားလေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅

## ဝယောင်္ဂဆန်သောရေ

ကြံ့လုံစိုက်စခန်းသည် နာမည်ကျော် ရေစခန်းကြီးဖြစ်
ဤစခန်း၏အရှေ့ဘက်ခြမ်းသည် ရေပြင်ထဲတွင်ရှိနေပြီး အနော
ဘက်ခြမ်းသည် ကျွင်စန်းတောင်ခြေရင်းအထိ ရှိသည်။

စခန်းတည်နေပုံသည် အပြင်လူများအတွက် အန္တရာ
များသော အခြေအနေဖြစ်သည်။

ရေစခန်းပတ်လည်တွင် ငုတ်တိုင်များ အမြောက်အမြ
စိုက်ထားသည်။ အရှေ့ဘက်တွင်မူ စခန်းဝင်ပေါက်အဖြစ် သံတ
များနှင့် သံတံခါးကြီး ရှိသည်။

တံခါးနဖူးတွင် 'ကြံ့လုံစိုက် ရေစခန်းကြီး' ဟု ကမ္ပ



ရေးထိုးထားသည်။

တံခါးမကြီး၏ နဖူးစီး တစ်ဘက်တစ်ချက်တွင် ထွန်းထား
သော မီးအိမ်ကြီးနှစ်ခုသည် အလင်းအား တောင်းလွန်းသဖြင့်
နေ့လား ထင်မှတ်ရသည်။

ခပ်ဝေးဝေးမှ လှော်ခတ်လာသော အမြန်လှေငါးစင်း
သည် တံခါးမကြီးအနီးသို့ ရောက်ရှိလာကြလေပြီ။

ထိုအချိန်တွင် ရေတံခါးမကြီးသည် အပေါ်သို့ မြင့်တက်
လာသည်။ အမြန်လှေငါးစင်းသည် တံခါးမကြီး ပွင့်သွားသည်နှင့်
ခပ်သွက်သွက် ဝင်လာကြသည်။

ထို့နောက် အရှေ့ဘက်စခန်းမှ အနောက်ဘက်စခန်းသို့
တောက်လျှောက်လှော်ခတ်လာကြသည်။

ကြောပါ လှေဆိုက်ကပ်ရန် ချထားသည့် သစ်သားတံတား
ကြီးအနီးသို့ ရောက်လာသည်။

ထိုအချိန်မှာပင် ရေတံတားပေါ်မှ ဝိုဏ်းသားများက
တုန်းဘောင်တလေးများ ထိုးပေးလာသည်။

အနက်ဝတ်အဘိုးကြီးသည် ရေတံခါးပေါ် ခုန်တက်လိုက်
ပြီးသည်နှင့် လီယွင်ဟုန်ကို လှမ်းခေါ်သည်။ ထို့နောက် အနောက်
ဘက် အဆောင်ရှိရာ ဆက်လျှောက်သွားသည်။

ခန်းမဆောင်ကြီးအတွင်းသို့ ရောက်သောအခါ အနက်
ဝတ်အဘိုးကြီးက 'ညွှန်ခဲ့တစ်ယောက် လာစမ်း'ဟု လှမ်းခေါ်
လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မရှေးမနှောင်းတွင် 'လာပါပြီခင်ဗျ' ဟူသောအသံ
ခြေသံများကို ကြားရသည်။

မကြာပါ။ ညှော်ခံသည် လက်ဖက်ရည်ဖွဲ့ကို မဖြီး ရော
လာသည်။

ထိုလူသည် လက်ဖက်ရည်ဘန်းကို စားပွဲပေါ်တွင်
သည်နှင့် ပန်းကန်လုံးများထဲသို့ ငှဲ့ထည့်သည်။

ထိုနောက် နောက်ဆုတ်ပြီး ထွက်သွားသည်။

'ဒီမယ်ရှင့် . . . ကျွန်မဖေဖေ ဘယ်မှာလဲ'

အနက်ဝတ်အဘိုးကြီးက. . .

'မိန်းကလေးကလဲကွယ်၊ ဒီရောက်မှ လောမနေစမ်းပါ
မကြာခင် တွေ့ရမှာပါ၊ ကဲကဲ. . . လက်ဘက်ရည်ကြမ်းေ
သောက်လိုက်ပါဦး'

ဟုဆိုပြီး ထန်လိန်ဖိုးကို လှမ်းကြည့်သည်။ ထန်လိန်ဖိုး
ငယ်သားတစ်ယောက်ကို လှမ်းပြောသည်။

'ညီလေး၊ ဖေးယွင်ရဲတိုက်သခင်ကြီးကို သွားခေါ်ခဲ့
'ဟုတ်ကဲ့ပါခင်ဗျ'

ငယ်သားသည် ဦးညွှတ်အရိုအသေပေးပြီး ချက်ချ
ထွက် သွားသည်။

ထိုအခါကျမှ ထန်လိန်ဖိုးက လီယွင်ဟုန်ကို လှမ်းကြည့်
လက်ဘက်ရည်သောက်ရင်း စောင့်ရန် လှမ်းပြောသည်။

လီယွင်ဟုန်က ခေါင်းခါပြီး ပြောလိုရာကို ပြောလာသည်

———▲———



'လက်ဘက်ရည်က ဘယ်အချိန်သောက်သောက် ရပါ
တယ်ရှင်၊ ကျွန်မပြောချင်တာက ရှင်တို့ဟာ ကျွန်မဖေဖေကို မတရား
ဖမ်းထားကြရုံမကဘဲ ကျွန်မကိုပါ ဖမ်းလာခဲ့ကြတယ်၊ နောက်
တစ်ချက်က ကျွန်မတို့ရဲ့ ဖေးယွင်ရဲတိုက်ကြီးကိုလည်း မတရား
အပိုင်စီးခဲ့တယ်၊ ရှင်တို့ ဒီလို ဘာဖြစ်လို့ လုပ်ကြတာလဲ၊ ကျွန်မကို
ရှင်းရှင်း ပြောကြစမ်းပါ'

အနက်ဝတ်အဘိုးကြီးက ဟက်ခနဲ ရယ်လိုက်သည်။

'သိပ်လည်း ဆန္ဒမစောပါနဲ့ မိန်းကလေးရယ်၊ မကြာခင်မှာ
မိန်းကလေးတို့သားအဖ တွေ့ကြရမှာပါ၊ အဲဒီတော့မှ အေးအေး
ဆေးဆေး ဖြေရှင်းကြတာပေါ့'

ထိုအချိန်မှာပင် အဆောင်ခန်းအပြင်မှ ခြေသံများကို
ကြားလာရသည်။

ခြေသံသည် လူအများ၏ခြေသံ မဟုတ်ဘဲ တစ်ဦးတစ်
ယောက်၏ ခြေသံသာဖြစ်သည်။

ခြေသံသည် ခပ်မြန်မြန်လျှောက်လာသောခြေသံ မဟုတ်
ဘဲ ဖြေးလာသောခြေသံဖြစ်သည်။

ထန်လိန်ဖိုးသည် ခြေသံကို နားထောင်ရင်း မျက်နှာ ကွက်
ခနဲ ပျက်သွားသည်။

မကြာပါ၊ ခြေသံရှင်သည် အဆောင်ခန်းထဲသို့ တမင်
ကတန်း လျှောက်လာသည်။

ထိုလူသည် အဆောင်ခန်းထဲသို့ ရောက်သည်နှင့် . . .

———▲———

www.burmeseclassic.com

www.burmeseclassic.com



'စခန်းရှင်ကြီး၊ စခန်းရှင်ကြီး၊ ရဲတိုက်သခင်ကြီး မရှိတော့ဘူးခင်ဗျ၊ မရှိတော့ဘူး'

လီယွင်ဟုန်သည် မမျှော်လင့်ဘဲ ကြားလိုက်ရသော သတင်းကြောင့် ဆတ်ခနဲ တုန်ခါသွားသည်။

သို့သော် ချက်ချင်း ဝမ်းသာသလို ခံစားလိုက်ရပြန်သည်။

အနက်ဝတ်အဘိုးကြီးနှင့် ထန်လိန်ဖိုးတို့သည် အကြီးအကျယ် မျက်နှာပျက်နေကြလေပြီ။

'ဘယ်လိုဖြစ်တာလဲကွ'

ထန်လိန်ဖိုး၏အသံသည် အဆောင်ခန်းတစ်ခုလုံး ဟိန်းသွားသည်။

ထို့နောက် သတင်းပို့သူကို စိုက်ကြည့်ပြီး မေးခွန်းထုတ်တော့သည်။

'နေပါဦး၊ မင်းက ဘယ်သူလဲ'

'ကျွန်. . . ကျွန်တော်က ဂိုဏ်းသားအသစ်ပါ၊ ဒီကို ရောက်လာတာ သိပ်မကြာသေးပါဘူး စခန်းရှင်ကြီး'

သတင်းပို့သူသည် စကားဆုံးသည်နှင့် အနက်ဝတ်အဘိုးကြီးကို လျှပ်တစ်ပြက် ခုန်အုပ်ပြီး တိုက်ခိုက်တော့သည်။

ထိုအချိန်မှာပင် လီယွင်ဟုန်က 'သူရဲကောင်းကြီးပိုင်' ဟု အော်ဟစ်လိုက်သည်။

အနက်ဝတ်အဘိုးကြီးသည် သတင်းပို့သူ၏ တိုက်ခိုက်မှုကို ရှောက်တိမ်းပေးပြီးသည်နှင့်. . .



'ဟေ့လူ. . . ခင်ဗျား. . . လီချန်းလူတို ဘယ်မှာဖွက်ထားခဲ့သလဲ' ဟု မေးတော့သည်။

သတင်းပို့သူသည် အနက်ဝတ်အဘိုးကြီးကို ကြည့်ပြီး တဟဲဟဲ ရယ်သည်။

စင်စစ် သတင်းပို့သူသည် ကြံ့လုံစိုက်ဂိုဏ်းသား မဟုတ်၊ ပိုင်ယီလော်ပင်ဖြစ်သည်။

ပိုင်ယီလော်သည် တဟဲဟဲရယ်နေရင်းက ခပ်ကျယ်ကျယ် ပြောလာတော့သည်။

'သူနိုးက လူလူ တစ်လို့ဗျာ၊ ကျုပ်က ခင်ဗျားမေးတိုင်း ဖြေရမှာလား၊ ခင်ဗျားက အပြစ်မရှိတဲ့လူတွေကို ဓားစာခံလုပ် ဖမ်းထားပြီး ပေါက်တရပြောလို့ ရမလားဗျ'

ပိုင်ယီလော်သည် စကားပြောရင်းက အဆက်မပြတ် လှုပ်ရှားလိုက်သည်။

သူ၏ အားပါသော လက်ဖဝါးသည် ဝှစ်ခနဲမြည်ပြီး အနက်ဝတ်အဘိုးကြီးကိုယ်ပေါ် ကျရောက်သွားသည်။

အနက်ဝတ်အဘိုးကြီးသည် အလွန်တုန်လှုပ်သွားပြီး နောက်ဆုတ်လိုက်ရတော့သည်။

အနက်ဝတ်အဘိုးကြီးသည် အခြေအနေ မဟန်မှန်း ရိပ်မိလာသဖြင့် ထန်လိန်ဖိုးကို အမိန့်လှမ်းပေးတော့သည်။

'ဟေ့. . . ညီလေးထန်၊ ဒီလူ့ကို အလစ်မပေးနဲ့၊ မရအရ ဖမ်းထား'

www.burmeseclassic.com

www.burmeseclassic.com



'စိတ်ချ အစ်ကိုကြီး'

ထန်လိန်ဖိုးသည် အနက်ဝတ်အဘိုးကြီးကို ခေါင်းညိတ်ပြလိုက်ပြီးသည်နှင့် မလှမ်းလကမ်းတွင် ရှိနေသော ပိုးအကျီဝတ်နှစ်ယောက်ကို မျက်ရိပ်ပြလိုက်သည်။

ထို့နောက် သုံးယောက်သား ပိုင်ယိလော်ကို ခုန်ဝင်တိုက်ခိုက်တော့သည်။

ပိုင်ယိလော်သည် ပိုးအကျီဝတ်နှစ်ယောက်ကို ဟက်ခနဲရယ်ပြလိုက်ပြီး ဖျတ်ခနဲ ရှောင်တိမ်းပေးလိုက်သည်။

'ခင်ဗျားတို့က သူများအတွက် ကိုယ့်အသက်ကို အလကားစတေးကြမယ့်လူတွေကိုး၊ အကောင်းဆုံးက အေးအေးဆေးဆေးဖယ်နေကြစမ်းပါဗျာ'

ပိုင်ယိလော်သည် စကားပြောရင်းက လက်တစ်ဘက်တို မြှောက်တင်ပစ်လိုက်သည်။

ဤတွင် ဝုန်းခနဲအသံနှင့် 'အင့်. . . အိုး' ဟူသောအသံများ ဆက်တိုက်မြည်သွားသည်။

ထန်လျန်ဖိုးနှင့် ပိုးအကျီဝတ်နှစ်ယောက်သည် နောက်သို့ ယိုင်ထွက်သွားကြသည်။

ထိုစဉ် ပိုင်ယိလော်က အနက်ဝတ်အဘိုးကြီးအနီးသို့ လျှစ်ခနဲ ရောက်သွားသည်။

တဆက်တည်းတွင် သူ၏ညာဘက်လက်ပါ မြှောက်တက်သွားသည်။

---



ဤတိုက်ကွက်သည် အလွန်ကြောက်စရာကောင်းသောတိုက်ကွက်ဖြစ်နေသဖြင့် အနက်ဝတ်အဘိုးကြီး စိမ့်ကြောက်သွားတော့သည်။

ထို့ကြောင့် ခုခံရန် တန်ပြင်လိုက်ပြီးမှ ညှိခန်း အပြင်ဘက်သို့ လှစ်ခနဲ ပြေးထွက်သွားတော့သည်။

'ဟေ့လူ. . . ပြေးလို့ လွတ်မယ် ထင်နေသလား'

ပိုင်ယိလော်၏အသံသည် ခန်းမဆောင်တစ်ခုလုံး ဟိန်းထွက်သွားသည်။

ပိုင်ယိလော်သည် အော်ရင်း တရကြမ်း ပြေးလိုက်သည်။

အနက်ဝတ်အဘိုးကြီး ပြေးမလွတ်တော့၊ တုတ်ပိုးကို ဆွဲကိုင်ခြင်း ခံလိုက်ရပြီ။

သို့သော် အနက်ဝတ်အဘိုးကြီးက ဖျတ်ခနဲလှည့်ပြီး ရိုက်ကွက် ထုတ်လိုက်သည်။

သူ၏လက်တစ်ဘက်သည် ပြင်းထန်သောအရှိန်ဖြင့် ပိုင်ယိ လော်၏ ရင်ဝဆီ တန်းဝင်သွားသည်။

ပိုင်ယိလော်က အသာတိန်းပြီး ယိမ်းပေးလိုက်သည်။

ထို့နောက် ဘယ်လက်နှင့် အဘိုးကြီး၏မျက်နှာကို ဆွဲလှည့်လိုက်သည်။

ညာလက်က အဘိုးကြီး၏ ညာလက်ကောက်ဝတ်ကို ဖမ်းချုပ်လိုက်သည်။

အဘိုးကြီး မလှုပ်သာတော့။

---

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဘယ်လက်က မျက်နှာကို ကုတ်ချလိုက်သည်။

'ရှီ' ဟူသောအသံတစ်ခု ဖြည်ထွက်သွားပြီး လူအရေခွံ မျက်နှာစွပ် မျက်နှာဖုံး ကွာကျလာသည်။

အနက်ဝတ်အဘိုးကြီးသည် စောစောက မျက်နှာပိုင်ရှင် မဟုတ်တော့။

ထူးခြားသောမျက်နှာရှင် ဖြစ်နေလေပြီ။

'ဟင်. . . ခင်ဗျား. . . ရင်ခုန်ဖန်း၊ လက်စသတ်တော့ အဘိုးကြီးဟန်ဆောင်နေတဲ့ ရင်ခုန်ဖန်းကိုး'

ပိုင်ယီလော်သည် အာမေဍိတ်သံနှင့် ရေရွတ်လိုက်တော့သည်။

မှန်သည်။ ထိုလူသည် ထိပ်တန်းဟိုဏယ်မှ ရင်ခုန်ဖန်းပင် ဖြစ်သည်။

ရင်ခုန်ဖန်းသည် ပိုင်ယီလော့်လက်မှ လွတ်သည်နှင့် ဖျတ်ခနဲ ထွက်ပြေးပြန်သည်။

သို့သော် မလွတ်ပါ။

ပိုင်ယီလော်က သူ့ရှေ့သို့ ဖျတ်ခနဲ ကျရောက်လာပြီး တားဆီးထားလေပြီ။

'ဘယ်ကို ပြေးချင်သေးသလဲ၊ ခင်ဗျား ကျုပ်လက်က ဘယ်တော့မှ မလွတ်ဘူး မှတ်၊ ကျုပ်က ခင်ဗျား သေပြီ ထင်နေတာ၊ တကယ်တန်းကျတော့ ခင်ဗျား မသေသေးဘဲကိုး'

အနက်ဝတ်အဘိုးကြီးဟန်ဆောင်နေခဲ့သော ရင်ခုန်ဖန်း



သည် ပိုင်ယီလော်ကို အာရှု ပြန်မပြော။

ကြောင်ငေးငေးကြီး လုပ်နေရာမှ နောက်သို့ တုန်မြန်မြန် ပြေးပြန်သည်။

ပိုင်ယီလော်သည် ယခုမှ လီယွင်ဟုန်ကို ဖျတ်ခနဲ သတိရသည်။ ရင်ထဲ ဒိန်းခနဲ ဖြစ်သွားပြီး ရင်ခုန်ဖန်းနောက် ပြေးလိုက်ပြန်သည်။ အခန်းဆောင်ထဲသို့ ရောက်သောအခါ ထန်လိန်ဖိုးက လီယွင်ဟုန်ကို ဝုန်းခနဲ ခုန်အုပ်လိုက်သည်ကို တွေ့ရတော့သည်။

'ထန်လိန်ဖိုး. . . မင်းတို့ ဒီလို လုပ်ဝံ့သလား'

ပိုင်ယီလော်၏အသံသည် ဒေါသနှင့် ဖြည်ဟိန်းနေသည်။ ထန်လိန်ဖိုးတို့လူစုသည် ပိုင်ယီလော်၏အသံကို ကြားလိုက်သည်နှင့် အနောက်ဘက်အဆောင်ကြီးတစ်ခုအတွင်းသို့ တရကြမ်း ပြေးဝင်သွားတော့သည်။

ပြေးကြပြီ။ သူတို့အားလုံး တစ်ယောက်မကျန် ပြေးကြလေပြီ။ ပိုင်ယီလော်သည် သူတို့ကို လှမ်းကြည့်ရင်း တဟဲဟဲရယ်နေတော့သည်။ ထို့နောက် ဘေးတွင် ရပ်နေသော လီယွင်ဟုန်ကို လှည့်ပြောလိုက်သည်။

'တော်တော်လန့်သွားလား လီ'

လီယွင်ဟုန်က ပြုံးပြီး. . .

'သိပ်တော့ မလန့်လှပါဘူး သူ့ရဲ့ကောင်းကြီးပိုင်ပေါ်နဲ့ ကျွန်မ ဖေဖေကြီးကော ဟင်'

ပိုင်ယီလော်သည် မည်သို့ ဖြေရမှန်းမသိအောင် ဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ ထိုအချိန်မှာပင် ပတ်ဝန်းကျင်တစ်ခုလုံး နီရဲ လင်းထိန်လာသည်။ ဖြိုးဖြိုးဖျောက်ဖျောက်မြည်သံများ အဆက်မပြတ် ကြားလာရသည်။ မီးတောက်မီးလျှံများ တဝင်းဝင်းဖြစ်လာသည်။

ပိုင်ယီလော်သည် မျှတ်ခုံးများ မြင့်တက်သွားပြီး မျက်လုံးပြူးလာသည်။

'လူယုတ်မာတွေ၊ သူတို့တွေ မီးရှို့နေကြပြီ၊ ဟဲလာ. . . အခန်းထဲက မြန်မြန်ထွက်မှ၊ တော်ကြာ ထွက်ပေါက်မရှိဘဲ ဖြစ်နေမယ်'

ပိုင်ယီလော်သည် စကားဆုံးသည်နှင့် ရုပ်နေရာမှ ပြေးထွက်သွားသည်။ လီယွင်ဟုန်လည်း သူ့နောက်မှ တကြပ်မကွာ ပြေးလိုက်လာသည်။ နှစ်ယောက်သား မရပ်မနား ပြေးလာခဲ့ကြရာမှ ကျောင်းစန်းတောင်ပေါ်သို့ ရောက်ရှိခဲ့တော့သည်။

တောင်ပေါ်မှ ငုံ့ကြည့်လိုက်သောအခါ ကြံ့လုံစိုက်စခန်းကြီးသည် မီးဟုန်းဟုန်း တောက်လောင်နေလေပြီ။

မီးရောင် အောက်၌ လှေကြီးလှေငယ် လေးငါးဆယ်ခန့်သည် ရေကန်ကြီးအလယ်သို့ ရွေ့လျားနေကြသည်။ မြင်ကွင်းထဲမှ လှေကြီးလှေငယ်များသည် တရွေ့ရွေ့ သွားနေရာမှ အလျင်အမြန်ပြေးနေကြ လေပြီ။

လှေကြီးလှေငယ်များပေါ်မှ လူများသည် ကြံ့လုံစိုက်စခန်းသားများဖြစ်လေသည်။ ဝေးနေ၍ မည်သူမည်ဝါမှန်း ဝေခွဲ၍မရချေ။

---



လီယွင်ဟုန်သည် မီးတောက်မီးလျှံများကို ငေးကြည့်နေရင်း သောက ရောက်နေသည်။

အတန်ကြာသော် မနေနိုင် မထိုင်နိုင်ဖြစ်လာပြီး ပိုင်ယီလော်ကို မေးတော့သည်။

'သူရဲကောင်းကြီးပိုင်၊ ကျွန်မဖေဖေဘယ်ရောက်နေသလဲ၊ ရှင် သိသလောက် ပြောပြစမ်းပါရှင်၊ ပြောပြစမ်းပါ'

ပိုင်ယီလော်က ခေါင်းခါပြီး လေးလေးပင်ပင် ပြောသည်။

'မသိဘူး လီယွင်ဟုန်။ ကျုပ် သူ့ကို ကယ်မထုတ်နိုင်ခဲ့ဘူး'

လီယွင်ဟုန်သည် တုန်ခနဲဖြစ်သွားပြီး ငေးကြောင်သွားတော့သည်။

ဤစကားသည် ငယ်ထိပ်ကို မြွေပေါက်သည့် စကားပင်။

လီယွင်ဟုန်သည် ဣန္ဒြေပင် မဆည်နိုင်တော့ဘဲ ချောက်ချား တုန်လှုပ်နေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅၈)

## သေရာမှ ရှင်လာသူ

'သူရဲကောင်းကြီး ပိုင်၊ ကျွန်မဖေဖေကို ရှင် ကယ်ထုတ်သွားတာ မဟုတ်ဘူးလား'

'မဟုတ်ပါဘူး၊ ကျုပ် ဒီရေစခန်းကြီးတစ်ခုလုံးကို မွှေနှောက်ရှာခဲ့တာတော့ အမှန်ပဲ၊ ဒါပေမယ့် ရဲတိုက်သခင်ကြီးရဲ့ အစအနတောင် မတွေ့ခဲ့ဘူး'

'ဒါဖြင့် ကျွန်မဖေဖေကို သူတို့ ဖမ်းထားတယ်ဆိုတာဟာ ညာပြောတဲ့ စကားလား'

'မဟုတ်ပါဘူး၊ ခင်ဗျားဖေဖေကို သူတို့ ဖမ်းထားတာ



အမှန်ပဲ'

'ဒီလိုဆိုရင် ဖေဖေကြီး စခန်းထဲမှာပဲ ရှိနေဦးမှာပေါ့'

'မရှိဘူး၊ ဒီစခန်းထဲမှာ လုံးဝ မရှိတော့ဘူး'

'ရှင်. . . ဒါဖြင့်. . .'

'ဒီလိုပါ လီယွင်ဟုန်၊ သူ့ကို တစ်စုံတစ်ယောက်က ကယ်တင်သွားတာပဲ။ ကျုပ် သူရှိနေမယ့်နေရာကို ရောက်သွားတော့ သူ့ကို ကယ်ထုတ်သွားပြီလို့ သိလိုက်ရပါတယ်'

'ဒါဖြင့် ဖေဖေကြီးကို ကယ်တင်သွားတဲ့လူဟာ ဘယ်သူလဲ ပိုင်'

'ဒါကိုတော့ ကျုပ် မသိဘူး လီယွင်ဟုန်၊ ဒီလိုပြောရတာက ကယ်ထုတ်သူနဲ့ မတွေ့ခဲ့လို့ပဲ'

'ဒီလိုဆိုရင် ဖေဖေကြီးကို ကယ်ထုတ်သွားတယ်လို့ ဘာဖြစ်လို့ ပြောရတာလဲရှင်'

'အင်း. . . ရှင်းအောင် ပြောရရင် ကျုပ် ဒီစခန်းတစ်ခုလုံးကို အနှံ့လိုက်ရှာခဲ့ရာက သီးသန့်အချုပ်ခန်းကို ရောက်သွားတယ်၊ အချုပ်ခန်းမှာ လူတစ်ယောက် လဲနေတယ်၊ အချုပ်ခန်းတံခါးကြီးလည်း ပွင့်နေတယ်၊ အထဲကို ဝင်ကြည့်တော့ ဘယ်သူမှ မရှိဘူး။ ဒါနဲ့ လဲနေတဲ့လူရဲ့ ပိတ်နေတဲ့သွေးကြောတွေကို ဖွင့်ပေးပြီး မေးမြန်းကြည့်တယ်၊ ဒီတော့မှ အဲဒီလူဟာ အချုပ်ခံထားရတဲ့ လူ တစ်ယောက် ဖြစ်နေမှန်း သိရတယ်၊ သူက အဖြူဝတ်ထားတဲ့ လူတစ်ယောက် ရောက်လာပြီး သခင်ကြီးကို ကယ်ထုတ်သွားကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့တယ်၊ ဒါကြောင့် လီယွင်ဟုန်ကို ခုလို ပြောပြနိုင်တာပဲ'

'ဒါဖြင့် ဖေဖေကြီးကို တယ်ထုတ်သွားတယ်ဆိုတဲ့လူ ဘယ်သူဆိုတာ သူ့ရဲ့တောင်းပိုင် မမှန်းဆနိုင်ဘူးလား သိုင်းလောက ထဲက ဘယ်သူဖြစ်နိုင်သလဲ'

'အကျဉ်းသား ပြောတာကတော့ အဲဒီအဖြူဝတ်ဟာ သိုင်း ပညာအဆင့် သိပ်မြင့်မားတယ်တဲ့၊ သူ ရောက်လာပြီး သွေးကြော ပိတ်လိုက်တဲ့အတွက် ဘာမှမသိတော့ဘူးတဲ့'

လီယွင်ဟုန်သည် မျက်မှောင်ကြုတ်ပြီး ငြိမ်သက်သွား တော့သည်။

ထို့နောက်. . .

'ဖေဖေကြီးကို တယ်ထုတ်သွားတဲ့လူဟာ ဘယ်သူများ ဖြစ်နေလိမ့်မလဲရှင်' ဟု ရေရွတ်သည်။

သူမ၏မျက်ဝန်းအိမ်တွင် မျက်ရည်များ ရစ်ဝဲနေပြီ။

ထို့နောက်. .

'ဖေဖေကြီးဟာ အဆိပ်သင့်ခဲ့ရာက နာလန်ထခါစပဲ ရှိ သေးတယ်ရှင်၊ ဓါးကြားထဲ အဖမ်းအဆီး ခံရပြန်ပြီး အညှဉ်းပန်း ရရင်တော့၊ အင်း. . . တွေးလည်း မတွေးဝံ့တော့ပါဘူးရှင်၊ အသက်အရွယ်ကလည်း တော်တော်ကြီးရင့်နေပြီဆိုတော့ ထော ဖန်ရုံဒဏ်ကို ဘယ်လိုမှ တင်းခံနိုင်မှာ မဟုတ်ဘူး'

လီယွင်ဟုန်၏အသံသည် ပြောရင်းပြောရင်း ငိုသံပါလာ သည်။

သိုင်းမာယာနှင့်သွေးသစ္စာ (၄) ▲ ၁၉၅

ပိုင်ယိလော် ငြိမ်နေ၍ မဖြစ်တော့။

အားပေးစကား ပြောရတော့သည်။

'သိပ်ပြီး စိတ်ပူမနေပါနဲ့ လီယွင်ဟုန်ရယ်၊ သူတော် တောင်းကို နတ်ကောင်းမတက်ပါတယ်၊ အဖြူဝတ်သိုင်းသမားဟာ မိတ်ကောင်းဆွေကောင်း ဖြစ်ပါလိမ့်မယ်၊ ရန်သူတော့ လုံးဝ မဖြစ်နိုင်ပါဘူး။ စိတ်ကို အေးအေးသာထားပါ'

'သူ့ရဲ့တောင်းပိုင် အားပေးတာကို ကျေးဇူးတင်ပါတယ်ရှင်၊ ဒါပေမယ့် ကျွန်မဖေဖေကြီးမှာ အားကိုးအားထား ပြုလောက်တဲ့ အနီးကပ်မိတ်ဆွေဆိုလို့ တစ်ယောက်မှ မရှိပါဘူး။ ကျွန်မ တကယ် ပြောနေတာပါရှင်'

'လီယွင်ဟုန်ပြောတာ မှန်ပါလိမ့်မယ်၊ ဒါပေမယ့် ရဲတိုက် သခင်ကြီးဟာ ဆိုးသွမ်းသူ မဟုတ်သလို ကြီးကျယ်တဲ့ ရန်ငြိုးရန်စ ရှိသူလည်း မရှိပါဘူး၊ ခုလိုကိစ္စကြောင့် စိတ်ဆင်းရဲတောင်း ဆင်းရဲ နိုင်ပေမယ့် စိုးရိမ်စရာအခြေအနေမျိုးတိုတော့ ဘယ်တော့မှ ရောက်မှာ မဟုတ်ပါဘူး'

'ဖြေရင်တော့ ဖြေစရာတွေရှိတာ အမှန်ပါပဲ၊ ဒါပေမယ့် ဖေဖေကြီးဟာ သိုင်းလောကသားတစ်ယောက်ပါ၊ ကျွန်မတို့ မသိနိုင်တဲ့ ပြဿနာ ရှိကောင်းရှိနေနိုင်ပါတယ်၊ ကျွန်မလည်း တတ်နိုင်သလောက် သိုင်းလောကက အနားယူဖို့ ပြောခဲ့ပါတယ်၊ အသက်ကြီးလာတော့ အေးအေးဆေးဆေး နေနိုင်ဖို့ လိုတာပေါ့၊ ဒါပေမယ့် ဖေဖေကြီးက ကျွန်မစကားကို လက်မခံခဲ့ဘူးရှင်၊

www.burmeseclassic.com

www.burmeseclassic.com



ခုတော့. . .

လီယွင်ဟုန်သည် စကားပြောရင်း အသံ တိမ်ဝင်သွားသည်။

ပိုင်ယိယော်က ပြုံးရင်း ဆက်ပြောသည်။

'အင်း. . . သိုင်းလောကသားတစ်ယောက်ဟာ သိုင်းလောကက အနားယူဖို့ဆိုတာဟာ သိပ်လွယ်တာ မဟုတ်ဘူး တကယ်လို့ သူ့မှာ ရန်သူ ရှိနေခဲ့ရင် အဲဒီရန်သူက သိုင်းလောကက အနားယူနေတဲ့လူဆိုပြီး ချမ်းသာခွင့် ပေးမှာလည်း မဟုတ်ဘူး တကယ်တော့ သခင်ကြီးလီချန်းလူတာ နာမည်တစ်လုံးနဲ့ နေနေသူဆိုတော့ သိုင်းလောက ပြဿနာထဲက ရှောင်ထွက်လို့ ရနိုင်မှာလည်း မဟုတ်ဘူး၊ ဒီတော့ ခင်ဗျားစကားကို ဘယ်နားထောင်နိုင်မှာလဲ'

'သူရဲကောင်းပိုင်ပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ဖေဖေကြီးဟာ ရဲတိုက်ထဲမှာ အေးအေးဆေးဆေး နေနေတဲ့လူပါ၊ အပြင် အပ အဆက်အသွယ်လည်း မရှိသလောက်ပါပဲ၊ ရှိတယ်ဆိုရင်လည်း အဝင်အထွက်၊ အသွားအလာ၊ အင်မတန် နည်းပါတယ်၊ ကျွန်မ မြင်သလောက်တော့ ဖေဖေကြီးဟာ ရဲတိုက်စောင့်ရှောက် ထိန်းသိမ်းမှုနဲ့ အေးအေးဆေးဆေး နေနေတဲ့လူပဲ၊ ဒီလိုလူကို မရမက ရှာဖွေပြီး ဒုက္ခပေးလာတာဟာ စဉ်းစားမရတဲ့ကိစ္စပဲ'

'အင်း. . . တွေးကြည့်ရင်တော့ မကျေနပ်စရာပဲ၊ ဒါပေမယ့် ခင်ဗျားလည်း သိုင်းလောကသားတစ်ယောက်ပါပဲ လီယွင်တုန်



ကြီးမားတဲ့ ရန်ငြိုးရန်စ မရှိလည်း သိုင်းလောကသားတွေဟာ နေရင်းထိုင်ရင်း ပြဿနာတက်တတ်တဲ့ လောကသားတွေပဲ၊ တကယ်တော့ ဒီလောကကြီးဟာ နာမည်ကြီးလေ ပြဿနာတက်လေပဲ၊ ခုကိစ္စမှာ ရန်သူက ဘာကိစ္စနဲ့ ဒုက္ခပေးလာကြတာလဲ၊ ကျုပ် တွေးကြည့်ပါတယ်၊ ဖေးယွင်ရဲတိုက်ကြီးကို အပိုင်စီးချင်လွန်းလို့ ခုလိုလုပ်ကြတာ မဟုတ်ဘူး၊ တခြားပြဿနာကြောင့်သာ'

'အို. . . သူရဲကောင်းပိုင်တာလဲ၊ လောလောဆယ်မှာတော့ ကျွန်မတို့ရဲ့ ဖေးယွင်ရဲတိုက်ကြီးဟာ သူတို့ ကျူးကျော်ပိုင်စိုးမှုကို ခံနေရပြီရှင့်၊ ဒီနောက် ဘာများ လိုအပ်သေးလို့လဲ'

'လိုအပ်မှုတွေ ရှိနေတာ သေချာပါတယ် လီယွင်တုန်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ လိုအပ်ချက်တွေ မပြည့်စုံသေးလို့သာ ခင်ဗျားတို့ သားအဖနှစ်ယောက်စလုံးကို ဖမ်းခဲ့ကြတာပေါ့၊ ကျုပ် အမြင်ပြောရရင် ကြုံလုံစိုက်ရေစခန်းသားတွေဟာ ဖေးယွင် ရဲတိုက်ကြီးထဲက ချင်တက်ဟိုင်လို လူစားမျိုးတွေမို့ပဲ၊ ပြောရရင် သခင်လေး ဝန်ရင်မော်ကို အဆိပ်ခတ်ခဲ့ကြတဲ့ဂိုဏ်းနဲ့ တစ်ဖွဲ့တည်း တစ်အုပ်စုတည်း ဖြစ်နေလို့ပဲ'

'ဟင်. . . ဟုတ်လား၊ သူရဲကောင်းကြီးပိုင်က ဒါတွေကို ဘယ်လိုလုပ် သိနေခဲ့တာလဲ'

'ရှင်းပါတယ်၊ အနက်ဝတ်အဘိုးကြီးရဲ့ မျက်နှာဖုံးကို ဆွဲချွတ်လိုက်တော့ ရင်ခုန်ဖန်း ဆိုတဲ့လူ ဖြစ်နေတယ်၊ အဲဒီ ရင်ခုန် ဖန်းဟာ ယန်ကျူးမြို့က ထိစ်တန်းဟိုတယ်မန်နေဂျာပဲ၊ ကွေ့ဒိုင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်ဖန်း ဆိုတာ ယန်ကျိုးမြို့မှာ မသိသူ မရှိသလောက်ပဲ၊ သူတို့ဟာ ကျုပ်မိတ်ဆွေရဲ့ စုံစမ်းထောက်လှမ်းမှုကြောင့် ယန်ကျိုးမြို့က ထွက်ပြေးသွားသူတွေပဲ'

ဒီတိုစ္စနဲ့ ပတ်သက်ပြီး ကျိုတုံးချင်က သိုင်းလောကကို စာလွှာထုတ်ပြီး အတူအညီ တောင်းခဲ့တယ်၊ အဲဒီနောက်မှာ ချင်တက်ဟိုင်နဲ့ တူယိဖေးတို့ရဲ့လက်ချက်ကြောင့် ရင်ခုန်ဖန်းနဲ့ အမျိုးသမီးနှစ်ယောက် သေဆုံးသွားတယ်လို့ သိရတယ်၊ ဒီလို ကြားသိရလို့လည်း 'ရင်ခုန်ဖန်းတို့အဖွဲ့က ရင်ခုန်ဖန်းတို့ကို နှုတ်ပိတ်လိုက်ပြီလို့ ယူဆမိခဲ့တယ်၊ တော. . . ခုတော့ သေသွားပြီ ဆိုတဲ့လူကို အဘိုးကြီးတစ်ယောက်ဟန်နဲ့ ပြန်တွေ့နေရပြီ၊ တွေ့တာမှ ကျုပ် လုံးဝ မထင်မှတ်ခဲ့တဲ့ ကြို့လုံစိုက်ရေစခန်းကြီးမှာ တွေ့ရတာပဲ၊ ဒီလူဟာ လီယွင်ဟုန်တို့ သားအဖကို ဖမ်းရာမှာ ခေါင်းဆောင်ဖြစ်နေတဲ့ အချက်ပဲ'

'တော်တော်စိတ်ဝင်စားစရာကောင်းတဲ့ အဖြစ်ပါလားရှင်၊ ဒီလုပ်ကွက်တွေဟာ တော်တော်ဇာတ်ရှိယာယ်ဝေဝုစ်များတဲ့ လုပ်ကွက်တွေပဲ၊ ဒီလိုဆိုရင် သူရဲကောင်း သခင်လေး ဝန်ရင်မော် အဆိပ်ခတ်ခံရမှုကို မင်ရင်ကြွယ်က အတော်ကို ဖော်ထုတ်နိုင်ပြီလို့ ဆိုရပါလိမ့်မယ်'

ဟုတ်တယ် လီယွင်ဟုန်၊ ချင်တက်ဟိုင်နဲ့ တူယိဖေးတို့ကို ကျုပ်မိတ်ဆွေ ရင်ဆိုင်ရတုန်းက မသေမီမှာ မေးမြန်းစုံစမ်းခဲ့သေးတယ်၊ သူတို့အသံက ထစ်သံတည်းပဲ၊ ဒါနဲ့ ကျုပ်တော



မိတ်ဆွေကြီး မင်ရင်ကြွယ်ပါ ရင်ခုန်ဖန်း သေပြီလို့ ယူဆခဲ့ကြတယ်၊ ခုတော့ ရင်ခုန်ဖန်းဟာ တကယ်သေခဲ့တာ မဟုတ်ဘူး။ ဒီအချက်ဟာ သူတို့ရဲ့ မျက်နှာဖုံးပညာ အစွမ်းထက်မှုနဲ့ ဝက်ပါလို့ ကွေ့ကောက်တဲ့ အကြံအစည်တွေ ကြံတတ်မှုန်း သိသာထင်ရှားလာစေတယ်။ ဒီတော့ ရင်ခုန်ဖန်းရဲ့ မိန်းမနှစ်ယောက်ကိုလည်း သေပြီလို့ ယူဆလို့ မရတော့ဘူး၊ ဒီတွေ့ရှိချက်တွေကို ပြန်ပြီး စစ်ဆေးကြည့်ရင် ဒီအမှုအခင်းကြီးကို မှန်မှန်ကန်ကန် မဖော်ထုတ်နိုင်သေးဘူးလို့ ဆိုရလိမ့်မယ်'

လီယွင်ဟုန်သည် ကြားရသောသတင်းစကားများကို အလွန်စိတ်ဝင်စားစွာနှင့် ခေါင်းတညိတ်ညိတ် ဖြစ်နေတော့သည်။

ပိုင်ယိလော်က ဆက်ပြောသည်။

'ဒီတော့ ကျုပ် ရင်ခုန်ဖန်းနောက် လိုက်ဖို့ လိုအပ်လာပြီ၊ ဒါကို ဆင့်သလို စီစဉ်မယ်၊ အဲ. . . ခင်ဗျားအဖေ ရဲတိုက်သခင်ကြီးကိုတော့ ကျုပ်ကိုယ်တိုင် မရရအောင် ရှာပေးမယ်၊ ဒါကိုတော့ ကျုပ်တာဝန်ပဲ ထားလိုက်ပါ'

လီယွင်ဟုန်က. . .

'ကျေးဇူးတင်ပါတယ် သူရဲကောင်းပိုင်၊ ဒါပေမယ့် ကျွန်မမှာ ပြန်စရာ နေရာ မရှိတော့ဘူး'

လီယွင်ဟုန်၏အသံသည် ကြေကွဲသံ ပါလာသည်။

ပိုင်ယိလော်က မျက်မှောင်ကြုတ်ပြီး စဉ်းစားသည်။

ထို့နောက်. . .

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားမှာ ဆွေမျိုးတွေ မရှိဘူးလား'

'ရှိတော့ရှိပါတယ်၊ ဒါပေမယ့် ကိုယ့်အပူကို သူများအပူ မဖြစ်စေချင်ဘူး။ ရှင်းရှင်းပြောရရင် ဆွေမျိုးတွေကို မမှီခိုချင်ဘူး'

'သူတို့က ဘယ်သူတွေမို့လဲ လီယွင်ဟုန်'

'အရှင်းဆုံးကတော့ လော့ယန်မြို့က ကျုံးကျိုးကြီး ခက်ဓားသမားပါ'

'ဟင်. . . သူရဲကောင်းကြီး လျှိုချွန်းဝမ်ကို ပြောနေတာလား'

'ဟုတ်ပါတယ်၊ သူရဲကောင်းကြီးလျှိုပါ'

'ဒီလိုဆိုရင် ခင်ဗျား သွားနေသင့်တယ်၊ လျှိုချွန်းဝမ်ဟာ သစ္စာဘက်တော်သားတစ်ယောက်ပဲ'

'ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ဖေဖေကြီး သေပြီလား ရှင်နေသေးလား မသိတာ ခက်တယ် သူရဲကောင်းပိုင်'

'မသေပါဘူးဗျာ၊ အသက်ရှင်လျက်ရှိနေတာ သေချာပါတယ်၊ သခင်ကြီးကိစ္စကို ကျုပ် တာဝန်ထားပါ။ ကျုပ် တာဝန်ယူပါတယ်'

'သူရဲကောင်းပိုင်ရဲ့ စေတနာကို အများကြီး လေးစားပါတယ်ရှင်၊ ဒါပေမယ့် ကျွန်မအနေနဲ့ လက်ပိုက်ပြီး ငြိမ်မနေသင့်ပါဘူး'

'ခက်တာပဲ၊ ခင်ဗျားဟာ အချိန်မရွေး ထပ်ပြီး အဖမ်းခံရနိုင်တယ်ဗျ၊ ဒါကို ခင်ဗျား မစဉ်းစားတော့ဘူးလား'



'စဉ်းစားပါတယ်၊ သိလည်းသိပါတယ်၊ ဒါပေမယ့်. . .'

'ဒါပေမယ့်တွေ ဘာတွေ လုပ်မနေစမ်းပါနဲ့ဗျာ၊ ခုချိန်မှာ ခင်ဗျားအနေနဲ့ သူတို့လက်ထဲ ထပ်ရောက်သွားဖို့ မသင့်ဘူး၊ လီယွင်ဟုန်၊ ခင်ဗျားသာ ဒုတိယမို့ အဖမ်းခံရရင် တစ်ခက်ကနေ နှစ်ခက် ဖြစ်လာမယ်၊ အခြေအနေ ပိုဆိုးမယ်၊ ဒါကို ခင်ဗျား နားလည်သင့်ပြီ'

လီယွင်ဟုန်သည် စောဒက တက်လိုသေးသော်လည်း ပါးစပ်ပိတ်ပြီး ငြိမ်နေလိုက်တော့သည်။

ပိုင်ယိလော်က ပခုံးတစ်ချက်တွန့်ပြီး. . .

'တဲ. . . အချိန်လည်း သိပ်မရှိတော့ဘူး၊ ဒီတော့ ကျုပ် ခရီးတစ်ထောက်တော့ စောင့်ရှောက်ပြီး လိုက်ပို့မယ်၊ အရေးကြီးတာက ဒီခရီးကို ခင်ဗျားတစ်ယောက်တည်း သွားနေတယ်လို့ သဘောထားရမယ်'

'ဘယ်လိုပြောနေတာလဲရှင်၊ သူတို့ ဖမ်းမှာကို စိုးရိမ်နေသလား'

စိုးရိမ်စရာကောင်းတဲ့ အခြေအနေတိုးဗျ၊ ဒါပေမယ့် ကျုပ်က သူတို့ကို အလွတ်ပေးမှာ မဟုတ်ပါဘူး'

'ဟင်းဟင်း. . . သူရဲကောင်းပိုင်က ကျွန်မကို ငါးစာလုပ်ပြီး သူတို့ကို ဖမ်းမယ်ဆိုတဲ့သဘောပေါ့'

'ဒီလိုပြောလဲ ရပါတယ်၊ ဒီလိုလုပ်တာဟာ သူတို့ကိုသိုင်းလောက အနှံ့အပြား လျှောက်ရှာနေရတာထက် အများကြီး

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ်ဗျ'

'ကောင်းပါပြီရှင်၊ သူ့ရဲကောင်းပိုင်ရဲ့ ဆန္ဒအတိုင်း ကျွန်မ ဆောင်ရွက်ပေးပါ့မယ်'

'ကဲ. . . ဒီလိုဆိုရင် ရှေ့က သွားနှင့်တော့'

လီယွင်ဟုန်သည် 'တုတ်ကဲ့' ဟုဆိုပြီး လှစ်ခနဲ ပြေးထွက်သွားတော့သည်။

ပိုင်ယီလော်သည် တရိပ်ရိပ်ပြေးနေသော လီယွင်တုန်ကို ကြည့်ရင်း ဟင်းခနဲ သက်ပြင်းချလိုက်သည်၊

လီယွင်ဟုန်သည် မြင်ကွင်းထဲမှ ပျောက်ကွယ်သွားပြီ ဖြစ်သော်လည်း သူမ၏ ကိုယ်သင်းနံ့များသည် ဝတ်ဝန်းကျင်တွင် ပျံ့လွင့်နေဆဲပင်တည်း။

မကြာပါ၊ ပိုင်ယီလော်လည်း ကျွင်းစန်းတောင်ပေါ်မှ တရိပ်ရိပ် ပြေးဆင်းခဲ့ပြန်သတည်း။

■



အခန်း (၃၉)

## ခရီးကြဲ

ထုံထန်ရေတာန်ကြီးမှ လော့ယန်မြို့သည် ဝေးကွာလွန်းသော ခရီးမဟုတ်ပါ၊

သို့သော်. .

အသွားအလာ ခက်သည်၊

ရေတစ်တန် ကုန်းတစ်တန်၊ ကုန်းတစ်တန် ရေတစ်တန် အဆင့်ဆင့် သွားရသည်၊

ထို့ကြောင့် အချိန်မကြာသင့်တဲ ကြာရသောခရီး ဖြစ်ရသည်၊

လီယွင်ဟုန်သည် နှစ်ရက်တင်းတင်းပြည့်မှ ထင်းစွေဒေသ

www.burmeseclassic.com

www.burmeseclassic.com



သို့ ရောက်ခဲ့သည်။

ထန်းစွေဒေသသည် ယန်စီကျန်မြစ်နှင့် ဆက်နေသဖြင့် ရွှေခရီးကို လှေဖြင့် ဖြတ်ကူးရဦးမည်။

ထန်းစွေမြစ်ကို ဖြတ်ကူးပြီးပါက ခရီးလမ်း သာသွားပြန်သည်။

ဒေသအခြေအနေသည် ထန်းစွေမှ အရှေ့သို့သွားပါက ချင်ကျန်းမြစ်သို့ ရောက်သည်။

အနောက်ဘက်သို့ သွားလျှင် ရှန်းထောင်မြို့သို့ ရောက်သည်။

တစ်နေရာနှင့် တစ်နေရာသည် မိုင်နှစ်ဆယ်ကျော် သုံးဆယ်မျှ ဝေးကွာသည်ချည်းဖြစ်သည်။

လီယွင်ဟုန်သည် ထန်းစွေတွင် လှေကြုံစောင့်ရင်း ချင်ကျန်းမြစ်ဘက်သို့ သွားရန် စိတ်ကူးမိလာသည်။

ထို့ကြောင့် ကျူပင်များကြားမှ လှော်ခတ်လာသော လှေတစ်စင်းကို စောင့်ကြည့်နေခဲ့သည်။

ကျူတောထဲမှ ထွက်လာသောလှေသည် တရွေ့ရွေ့နှင့် မလှမ်းမကမ်းသို့ ရောက်လာသည်။

လီယွင်ဟုန်သည် ထိုလှေကို စောင့်ပြီး ကြည့်နေမိသည်။

လှေကြီးပေါ်မှ လူသည် လူလတ်ပိုင်းအရွယ်ဖြစ်သည်။

မျက်နှာသည် လေးထောင့်သဏ္ဌာန်ဖြစ်ပြီး အသားမည်းပုံရသည်။



အချိန်သည် နေ့ဝင်ရှိန်မြင်းပြီး လေတသုန်သုန်တိုက်နေသဖြင့် လှေသမားသည် လှေကို ထိုးဝါးစိုက်ကာ ကြိုးချည်လိုက်သည်။

ထို့နောက် လှေဝေါ်တွင် ပက်လက်လှန်ပြီး လှဲချလိုက်သည်။ ကျူပင်ရိပ်သည် လှေပေါ် ထိုးကျနေသဖြင့် အပူသက်သာဟန် ရှိသည်။

လှေသမားသည် ဖျင်းဖျင်းနှင့် အိပ်တော့မည်ထင်သည်။

လီယွင်ဟုန်သည် လှေသမားကို ကြည့်နေရာမှ ကျူတောကမ်းစပ်မှ တွေ့တောက်လျှောက်သွားပြီး လှေပေါ် တက်လိုက်သည်။

လှေသမားသည် လှေပေါ် လူတစ်ယောက် တက်လာသည်ကို သိသော်လည်း သိပ်အရေးစိုက်ဟန် မရှိပါ။

မျက်စိမှိတ်ပြီး ငြိမ်မြငြိမ်နေသည်။

လီယွင်ဟုန်သည် လှေသမား၏အပြုအမူကို သဘောမတွေ့လှသော်လည်း ချေချေငံငံ မေးမြန်းလိုက်သည်။

'လှေဆရာကြီးရှင့်၊ ရှင် ဒီမြစ်ကို ဖြတ်ကူးမလို့ မဟုတ်လား'

ထိုအခါကျမှ လှေသမားသည် ပက်လက်လှန်နေရာမှ ထထိုင်လာသည်။

ထို့နောက် ဖျင်းရိနေသောအသွင်နှင့် ခပ်အေးအေးမော့ကြည့်သည်။

လှေပေါ်တက်လာသူသည် မိုးကျနတ်မယ်လို လှလွန်း

www.burmeseclassic.com

www.burmeseclassic.com



သော မိန်းမပျိုတစ်ယောက်ပင်။

သို့သော် လှေသမားက ထိုအချက်ကို ဝရုစိုက်ပုံ မရချေ။

'ဟုတ်တယ်' ဟုပြောပြီး အဝေးကို ငေးနေသည်။

လီယွင်ဟုန်သည် ဘာပြောရမှန်း မသိ၊ တဟင်းဟင်း ရယ်လိုက်သည်။

'ဒီလိုဆိုရင် ကျေးဇူးပြုပြီး ကျွန်မကို ဟိုဘက်ကမ်း ပို့ပေးပါရှင် ကျသင့်သလောက် ပေးပါ့မယ်'

'ဝမ်းနည်းပါတယ်၊ ကျုပ်လှေကို သူများ ငှားပြီးပါပြီ'

'ဘယ်ကို သွားမလို့ ငှားထားတာလဲ'

'ဟိုဘက်ကမ်းကိုပဲ'

'ဒါဖြင့် အဲဒီလူတွေ ဘယ်မှာလဲ'

'ဒါတော့ မသိဘူး၊ မကြာခင် သူတို့ ရောက်လာမှာပါ။ ကျုပ်ကို ဒီမှာစောင့်ခိုင်းထားလို့ လာစောင့်နေတာပဲ'

လီယွင်ဟုန်သည် ပတ်ဝန်းကျင်ကို လှည့်ပြီး အကဲခတ်လိုက်သည်။ အနီးနားတွင် လူရိပ်လူရောင်ဟူ၍ တစ်ယောက်မှ မတွေ့ရချေ။

'ဒီလိုလုပ်ပါရှင်၊ ခုထက်ထိ သူတို့ကို အရိပ်အရောင် မတွေ့သေးပါဘူး၊ ဒီတော့ သူတို့ရောက်မလာခင် ကျွန်မကို အလျင်ပို့ပေးပါလားရှင်'

'မဖြစ်လို့ပါ မိန်းကလေးရယ်၊ ကျုပ်က သူတို့ဆီက ငွေကို ကြိုတင်ငှားရမ်းခအနေနဲ့ အပြီးယူထားတာဗျ၊ စောင့်ဆိုင်းခပါ



ယူထားတာ၊ ခင်ဗျားကို လိုက်ပို့တုန်း သူတို့ရောက်လာရင် ကျုပ် ဒုက္ခရောက်မှာ၊ ဒီတော့ သည်းခံပြီး စောင့်လိုက်ပါဗျာ'

'ရှင်ကလဲရှင်. . . သူတို့ကို ပို့ပြီးတဲ့အထိစောင့်ရမယ် ဆိုတော့ အလကား အချိန်တွေကုန်တာပေါ့'

'ဒီလိုပေါ့မိန်းကလေးရယ်၊ ကိုယ့်ဆန္ဒအတိုင်း ဖြစ်နေမယ် ဆိုရင် လောကကြီးဟာ သိပ်ပြီးသာယာနေမှာပေါ့၊ ဟော ပြောရင်း ဆိုရင်း သူတို့ လာကြပြီ'

လှေသမားက စကားပြောရင်း အဝေးကို လက်ညှိုးထိုး လိုက်သည်။

လီယွင်ဟုန်သည် လက်ညှိုးညွှန်ရာ ဖျတ်ခနဲ ကြည့်လိုက် သည်။ အဝေးဝေးဝေးတွင် ဖုန်မှုန့်များ အလိပ်လိပ်ဖြစ်နေသည်ကို တွေ့ရတော့သည်။

မြင်းရထားတစ်စီး၊ အဟုန်ပြင်းစွာ မောင်းနေခြင်းပင်။

မြင်းခွာသံ တဖြောင်းဖြောင်းကိုလည်း ကြားနေရသည်။

လှေသမားက မြင်းရထားကိုကြည့်ပြီး အော်တစ်လိုက် သည်။

'ဟိုး အစ်ကိုဝမ်၊ ကျွန်တော်ဒီမှာ ကျွန်တော်ဒီမှာ'

ထိုအချိန်မှာပင်. . .

မြင်းရထားက လှေစိုက်ထားရာသို့ ရောက်လာသည်။

မြင်းရထား ရပ်သွားသည်နှင့် ပိန်ပိန်ရှည်ရှည် လူကြီး တစ်ယောက်သည် မြင်းရထားပေါ်မှ ခုန်ဆင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



လီယွင်ဟုန်လည်း လှေသမားနှင့်အတူ လှေပေါ်မှ ခုန်ဆင်းလိုက်ရတော့သည်။

လှေသမားသည် မြင်းရထားရှိရာ လျှောက်သွားပြီး ခါးညွတ်ကာ ဂါရဝပြုလိုက်သည်။

'ညီလေး ရောက်ထာ စောသားပဲ'

ပိန်ပိန်ရှည်ရှည်လူက ကျေနပ်ဟန်နှင့်ပြောသည်။

လှေသမားက. .

'ဟုတ်ကဲ့ သိပ်တော့ မစောလှပါဘူး၊ ရောက်ခါစပဲ ရှိပါသေးတယ်၊ ဒီက မိန်းကလေး လှေငှားတာတောင် လိုက်မပို့ခဲ့ပါဘူး'

ပိန်ပိန်ရှည်ရှည် လူသည် ဟက်ခနဲပြုံးပြီး ငွေတုံးတစ်တုံး ထုတ်ပေးပြန်သည်။

'ဟဲ. . . ဟိုဘက်ကမ်းကို သတိကြီးကြီးနဲ့ လိုက်ပို့၊ ဒီငွေတုံးက အပို အရက်ဖိုးပေးတာ'

'ကျေး. . . ကျေးဇူးတင်ပါတယ် အစ်ကို'

ပိန်ပိန်ရှည်ရှည်လူသည် ဘာမျှ မပြောတော့ဘဲ မြင်းရထားကို လှည့်ကြည့်ပြီး လှမ်းခေါ်လိုက်သည်။

'ကျေးဇူးပြုပြီး လှေပေါ် ကြွပါခင်ဗျာ'

ဖိတ်ခေါ်သံအဆုံးတွင် မြင်းရထားထဲမှ မိန်းမပျို တစ်ယောက် ဆင်းလာသည်။

အစိမ်းရောင်ဝတ်စုံ ဝတ်ထားသည့် မိန်းမချော တစ်ယောက်ပင်။ သူနှင့်အတူ ဖက်ဖူးရောင်ဝတ်စုံနှင့် မိန်းမပျိုက



ပြုံးပြီးရပ်နေသော ပိန်ပိန်ရှည်ရှည်လူကို လှမ်းပြောလာသည်။

'ရှင်တော်တော် ပင်ပန်းသွားပြီထင်တယ် ဟင်းဟင်း'

ပိန်ပိန်ရှည်ရှည်လူသည် ပခုံးနှစ်ဘက်တွန့်သွားပြီး. . .

'ဘယ်လိုပြောလိုက်တာလဲ၊ လုံမလေးရယ်၊ ဒီခရီးတာ ပင်ပန်းတဲ့ခရီး မဟုတ်ပါဘူး၊ ခရီးဆုံး ရောက်အောင်တော့ လိုက်ပို့ချင်ပါသေးတယ်၊ ယွမ်ဝိုက်သူဌေးတစ်ယောက်အနေနဲ့ ဧည့်ဝတ် မကျေတာရှိရင် ခွင့်. . .'

မိမိကိုယ်ကို ယွမ်ဝိုက်သူဌေးဟု ဆိုသော ပိန်ပိန်ရှည်ရှည် လူသည် သူ့စကားကို ဆုံးအောင် မပြောလိုက်ရပါ။

အကြောင်းကား ဖက်ဖူးရောင်ဝတ်မိန်းမချောက လီယွင် ဟုန်ကို ကြည့်ပြီး မေးခွန်းထုတ်လာသောကြောင့်ဖြစ်သည်။

'ဟို. . . မိန်းမက. . .'

'ကျွန်တော် မသိပါဘူးခင်ဗျာ၊ လှေသမားညီလေးပြောတာ ကတော့ လှေလာငှားတဲ့သူတဲ့'

ဖက်ဖူးရောင်ဝတ်မိန်းမချောက လီယွင်ဟုန်ကို ကြည့်ပြီး လှမ်းမေးပြန်သည်။

'ဒီမယ် ဒီမယ်၊ ရှင်က ဒီမြစ်ကို ဖြတ်ကူးချင်လို့လား'

လီယွင်ဟုန်က အကူအညီ ရတော့မည်အထင်နှင့် ပြုံးပြုံး ရယ်ရယ် ပြန်ပြောသည်။

'ဟုတ်တဲ့ရှင့်၊ ကျွန်မလဲ ဟိုဘက်ကမ်းကို သွားမလို့ပါ'

'ဪဪ. . ရှင့်မှာလှေအခက်အခဲ ရှိနေပြီထင်တယ်'

www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်ကဲ့ရှင့်၊ ဒါပေမယ့် ရှင်တို့ ကိုဘက်ကမ်းရောက်လို့ လှေပြန်လာမှ ကူးမှာပါ။ သွားစရာလှေက ဒီလှေပဲရှိတော့ စောင့်ရဦးမှာပေါ့ရှင့် . . . အင်းဟင်း'

'အင်း . . . မြစ်က သိပ်ကျယ်တယ်ရှင့်၊ အသွားအပြန် တော်တော်ကြာမှာ၊ ဒီတော့ မိန်းမချင်း ကူညီရမှာပေါ့၊ ကျွန်မတို့လဲ အဖော်ဖြစ်တာပေါ့၊ ကျွန်မတို့နဲ့ပဲ တစ်ပါတည်း လိုက်ခဲ့ပါရှင်'

ဖက်ဖူးရောင်ဝတ်မိန်းမချောစကားကြောင့် လီယွှင်ဟုန် အလွန်ဝမ်းသာသွားသည်။

သို့သော် တစ်မုဟုတ်ချင်း တွေဝေသွားပြန်သည်။

လိုက်သင့်မလိုက်သင့် ဒွိဟ ဖြစ်နေသည်။

ထိုစဉ် သူ့အရိပ်အကဲကိုကြည့်နေသော ဖက်ဖူးရောင်ဝတ် အမျိုးသမီးက ထပ်ပြောပြန်သည်။

'အားနာနေသလား ညီမရယ်၊ မိန်းကလေးတစ်ယောက်တည်းဆိုတော့ သွားလို့လာလို့ သိပ်မကောင်းပါဘူး၊ ခရီးကြုံဖြစ်နေတော့ အားနာစရာလဲ မရှိပါဘူး၊ ကျွန်မတို့နဲ့ပဲ တစ်ပါတည်း လိုက်ခဲ့ပါရှင်၊ ကြုံတုန်း ကူညီတဲ့သဘောပါ၊ ကျွန်မတို့မှာ အကူအညီလိုအပ်ရင်လဲ ရှင့်ဆီက ပြန်ပြီးတောင်းခံမှာပါ . . . တင်းဟင်း'

ဖက်ဖူးရောင်ဝတ် အမျိုးသမီး၏ အသံသည် ချိုလွင်သော အသံဖြစ်သည်။

ဆွဲအားပါသော အသံဖြစ်သည်။

ထို့ကြောင့် လီယွှင်ဟုန် ခေါင်းညိတ်မိတော့သည်။



'ဒီလိုဆိုလဲ လိုက်ချင်ပါတယ်ရှင်၊ ခုလို ကူညီတာကိုလဲ ကျေးဇူးတင်လို့ မဆုံးပါဘူး'

'ဟဲ . . . ဒီလိုဆိုရင် လှေပေါ်တက်ပါ'

လီယွှင်ဟုန်သည် တွေဝေ တွံ့ဆိုင်းခြင်း မရှိတော့ဘဲ လှေပေါ်ကို ခုန်တက်လိုက်သည်။

ထို့နောက် ဖက်ဖူးရောင်အမျိုးသမီးကော အစိမ်းဝတ် အမျိုးသမီးပါ လှေပေါ်တက်သည်။

လှေထိုင်ခုံတွင်ထိုင်မိသည်နှင့် ဖက်ဖူးရောင်အမျိုးသမီးက ကမ်းစပ်တွင် ရပ်နေသော လွမ်ဝိုက်သူဌေးဆိုသူကို စကား လှမ်းပြောပြန်သည်။

'သူဌေးမင်း အဖေကြီးကို ကောင်းကောင်း ပြုစုစောင့်ရှောက်လိုက်ပါနော်၊ ကျွန်မက နှစ်နှစ်ပဲကြာမှာပါ၊ နှစ်နှစ်ကျော်ရင်တော့ မုချ ပြန်လာခဲ့ပါ့မယ်၊ ကျွန်မ စိတ်ချနေမယ်နော်'

'စိတ်ချပါ စိတ်ချပါ၊ ကျွန်တော် ကောင်းကောင်း ပြုစုစောင့်ရှောက်ထားပါ့မယ်၊ လုံမလေးသာ အစစ အဆင်ပြေပါစေလို့ ဆုတောင်းလိုက်ပါတယ်'

ထိုစကားကြောင့် ဖက်ဖူးရောင် အမျိုးသမီး၏မျက်နှာသည် သိသိသာသာကြီး နီသွားသည်။

ဤစကားသည် ပဟေဠိဆန်သော စကားလော။

ဖက်ဖူးရောင်အမျိုးသမီးသည် ချက်ချင်း ဣန္ဒြေဆည် လိုက်ပြီး . . .

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မအတွက်တော့ စိတ်ချပါရှင် ကျွန်မအားလုံး သဘောပေါက်ပါတယ်၊ ရှင့်ကိုယ်ရှင်လဲ ဂရုစိုက်၊ တဲ. . . သွားတော့ သွားတော့'

သူဌေးမင်း ဆိုသူသည် ခေါင်းညိတ်ပြီး ဂါရဝပြုသည်။

ထို့နောက် မြင်းရထားပေါ် လွှားခနဲ ခုန်တက်လိုက်ပြီး ကြာပွတ်ကို မြှောက်တင်လိုက်သည်။

ကြာပွတ်သံ ရွှမ်းခနဲ မြည်သွားသည်နှင့် လှုပ်လှုပ်ရှားရှား လုပ်နေသောမြင်းသည် ကစုန်ဆိုင်းပြီး ပြေးတော့သည်။

■



## အခန်း (၆၀)

## ဖက်ဖူးရောင်လှည့်ကွက်

မကြာမီမှာပင် လေ့လည်း လမ်းစပ်မှ ခွာတော့သည်။

ဖက်ဖူးရောင် အမျိုးသမီးသည် မြင်းရထားကိုဝင် လှမ်း မကြည့်တော့ဘဲ လီယွင်ဟုန်ကို စကားဆိုတော့သည်။

'ဒါနဲ့ ညီမက ဘယ်ဇာတိသူပါလဲ'

လီယွင်ဟုန်က ပြုံးပြီး ဖြေသည်။

'ကျွန်မက စန်းတုန်းပြည်နယ်ဇာတိပါ'

'နာမည်ကကော ဘယ်လိုခေါ်ပါသလဲ'

'လီ လို့ခေါ်ပါတယ်၊ ဒီတနေ့ လော့ယန်ကို သွားမလို့ပါ'

'ဪ. . .'

www.burmeseclassic.com

www.burmeseclassic.com



ဖက်ဖူးရောင် အမျိုးသမီးသည် အာမေဋိတ်သံပြုပြီး မျက်လုံးဝိုင်းသွားသည်။ ထို့နောက်. . .

'တိုက်လဲ တိုက်ဆိုင်တတ်တယ်ရှင်၊ ကျွန်မလဲ လော့ယန်ကို သွားမလို့ပဲ၊ ကောင်းတယ် ကောင်းတယ်၊ ခရီးတူတွေဖြစ်နေတော့ တစ်လမ်းလုံး စကားပြောဖော် ရသွားတာပေါ့၊ ညီမလဲ တစ်ယောက်ထဲခရီးထွက်ရာက စကားပြောဖော်ရတာပေါ့၊ ဟင်းဟင်း'

'အစ်မလေးကလဲ လော့ယန်ကို သွားမှာပဲလား'

'ဟုတ်ပါတယ်၊ ကျွန်မရွာကို မပြန်တာ လေးငါးနှစ် ရှိနေပါပြီ၊ ခု ယောက္ခမအိမ် သွားမလို့ ထွက်လာတာပါ'

ဖက်ဖူးရောင် အမျိုးသမီးက ခပ်အေးအေးပြောပြီး ပြုံးနေသည်။

လီယွင်တုန်သည် တစ်စုံတစ်ရာ ထပ်မပြောတော့ချေ။

ဖက်ဖူးရောင် အမျိုးသမီးက ဟိုဟိုသည်သည် လှည့်ကြည့်လိုက်ပြီး မေးမြန်းလာပြန်သည်။

'ညီမက ဘာကိစ္စနဲ့ သွားမှာလဲဟင်'

'ကျွန် ဖေဖေရဲ့မိတ်ဆွေတစ်ယောက်ဆီပါ'

'အဲဒီမိတ်ဆွေဆိုတာ ဘယ်သူများပါလိမ့်ရှင်၊ တစ်နယ်ထဲ တစ်ရွာတည်းသားတွေမို့ လူသိတွေများ ဖြစ်နေမလားလို့'

'ဆရာကြီး လျှိုချန်းဝမ် ဆီပါ၊ အစ်မလေး သူ့ကို သိပါသလား'

'ကျူးကျိုးဓားသမား သူရဲကောင်း လျှိုချန်းဝမ်လား'





'ဟုတ်ပါတယ်၊ အစ်မလေး သူ့နဲ့ သိပါသလား'

'သိပါတယ်၊ ခေတ်အဆက်ဆက်မှာ အာမခံ ပို့ဆောင်ရေး လုပ်နေတဲ့ ပုဂ္ဂိုလ်ကြီးပဲရှင့်၊ ကျွန်မယောကျ်ားနဲ့တော့ အလုပ်သဘောအရ အဆက်အသွယ် ရှိသူတွေပဲ၊ ယောကျ်ားနဲ့တော့ ရင်းနှီးကြပါတယ်၊ ညီမက သူ့နဲ့ မတွေ့တာ တော်တော် ကြာနေပြီလား'

'ဟုတ်တဲ့ ကိုးနှစ်လောက် ရှိပါပြီ'

ထိုစကားသည် အမှတ်မထင် ထွက်သွားသော စကားပင် ဖြစ်သည်။

ဖက်ဖူးရောင် အမျိုးသမီးက စုံစမ်းသလို မေးမြန်းသည်။

'တော်တော်ကြာပြီကိုး၊ ဒီနှစ်တွေအတွင်းမှာ လုံးဝ အဆက်ပြတ်နေသလားရှင်'

'လုံးလုံးပြတ်သလောက်ပါပဲ၊ ကျွန်မဖေဖေကလဲ ခရီးထွက်နည်းသူဆိုတော့ မတွေ့ခဲ့ကြပါဘူးရှင့်၊ ခရီးကလဲ ဝေးတယ် မဟုတ်လား'

'အင်း. . . ညီမစကားအရဆိုရင် ဆရာကြီး လျှိုချန်းဝမ် အကြောင်း ဘာမှမသိသေးပုံပဲ'

လီယွင်တုန်သည် ထိုစကားကြောင့် မျက်လုံးလေးပြူး သွားတော့သည်။

ဖက်ဖူးရောင် အမျိုးသမီး၏ အကြည့်ထူးနေသဖြင့် စိုးရိမ် မကင်းလည်း ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တုံ့အိတိကြီး ဖြေလိုက်သည်။

'မသိဘူးရှင့်၊ သူဘာဖြစ်နေလို့လဲ'

'အင်း . . . ပြောရမယ့်စကားက စိတ်မကောင်းစရာစကားပဲ၊ လွန်ခဲ့တဲ့တစ်လလောက်က အာမခံ ပို့ဆောင်ရေးအလုပ်ကိုလုပ်ရင်း ဓားပြတိုက်ခံ ခဲ့ရတယ်တဲ့၊ ဒဏ်ရာလဲ တော်တော် ပြင်းတယ်တဲ့'

'ဟုတ်လား၊ ခုကော . . .'

လီယွင်ဟုန်သည် ရင်ထဲ ဒိန်းခနဲ ဖြစ်သွားပြီး အလျင်စလို မေးတော့သည်။

ဖက်ဖူးရောင် အမျိုးသမီးက ဣန္ဒြေရရ ဆက်ပြောသည်။

'ခုတော့ သူ မရှိရှာတော့ဘူး၊ ဒဏ်ရာကြောင့် ကွယ်လွန်သွားပြီ'

လီယွင်ဟုန်သည် အားတိုးရာတောင်ကြီး တစ်တောင်ပြိုသွားပြီဟု ယုံမှတ်မိတော့သည်။

အမင်္ဂလာသတင်းကြောင့် ဝမ်းနည်းကြေကွဲမှုကို တစ်မုဟုတ်ချင်း ခံစားလာရသည်။

'သူ . . . သူ တကယ်သေသွားပြီလားရှင်'

'ညီမကို ညာပြောနေစရာ အကြောင်းမရှိပါဘူးတွယ်၊ သေသူဟာ တကယ်သေသွားတာပါ။ သေပြီးတဲ့လူဟာ ပြန်ရှင်လာနိုင်မရှိပါဘူး'

'ဟုတ်ပါတယ်ရှင် ဟုတ်ပါတယ်၊ ကြားရတဲ့သတင်းက



ရင်ဆို့စရာသတင်းပါပဲ'

လီယွင်ဟုန်သည် အဝေးကို ငေးကြည့်ရင်း ငြိမ်သက်သွားတော့သည်။

မျက်ဝန်းအိမ်တွင် စုဝေးလာကြသော မျက်ရည်များသည် ပါးပြင်ပေါ်သို့ တလိမ့်လိမ့် စီးဆင်းနေလေပြီ။

ဖက်ဖူးရောင် အမျိုးသမီးက စိတ်မကောင်းဖြစ်ဟန်နှင့် ဆက်ပြောပြန်သည်။

'ကျွန်မက စေတနာနဲ့ ပြောပြတာပါရှင်၊ ခရီးအဝေးကြီးကို ပင်ပင်ပန်းပန်းသွားပြီးမှ ဒီသတင်းကို သိရရင် သွားရကျိုး မနပ်မှာစိုးလို့ပါ။ ပထမတုန်းကတော့ မပြောဘဲနေရင် ကောင်းမလားလို့ တွေးနေမိပါသေးတယ်'

'ဟုတ် . . . ဟုတ်တဲ့၊ ခုလိုပြောပြတာကိုပဲ ကျေးဇူးတင်လှပါပြီရှင်၊ အစ်မလေးသာ ပြောမပြရင် ကျွန်မပိုပြီး ရင်ဆို့ရမှာပါ'

'အင်း . . . ဆရာကြီးလျိုချန်းဝမ်ဟာ လွန်ခဲ့တဲ့နှစ်နှစ်က တော့ လော့ယန်မှာ နေနေတာပါပဲ၊ ဒီနောက်မှာတော့ ဘယ်ကို ပြောင်းသွားမှန်းကို မသိဘူး၊ သူသေတဲ့သတင်းကိုတောင် သိုင်းလောကသားတွေပြောလို့ သိရတာပါ'

လီယွင်ဟုန်သည် ဘာစကားမျှ ပြန်မပြောနိုင်တော့ပေ။

ကြီးမားသောစိတ်ထိခိုက်မှုသည် သူမနှုတ်ကို အစေးထည့်ထား သလို ဖြစ်နေပြီ။

သူမတွင် အားထားကိုးကွယ်ရာ ဖခင်ကြီးလည်း

www.burmeseclassic.com

www.burmeseclassic.com



မရှိတော့။ သေသလား ရှင်သလားလည်း ခုထိရေရေ ရာရာ မသိသေး။

နေထိုင်ရာ ဖေးယွင်ရဲတိုက်ကြီးလည်း မရှိတော့။

သူများ လက်ထဲ ရောက်နေပြီ။

အခြွေအရံလည်း တစ်ယောက်မျှ မရှိ။

အားကိုးရာမိတ်ဆွေကြီးဆီ လာခဲ့သော်လည်း အဲ့ဒီ မိတ်ဆွေက သေနှင့်နေပြီ။

ဘဝသည် ခြေသလုံးအိမ်တိုင်ဖြစ်ပြီး သောင်ပြင်လွှတ် သည့်ခွေးလို ဘဝမျိုးပေတကား။

မျက်စေ့ရှေ့တွင် မြင်နေရသော တွယ်ရာမဲ့ ရေမျော ပေဒါ ဘဝပေတကား။

လီယွင်ဟုန်သည် ဝမ်းနည်းကြေကွဲနေမိသော်လည်း ရှိုက်ကြီးတငင် မငိုမိအောင် ထိန်းချုပ်နေရသည်။

ဖက်ဖူးရောင် အမျိုးသမီးသည် သူ၏ပါးပြင်ပေါ်မှ မျက်ရည်စများကိုကြည့်ရင်း ကြင်နာယုယသံနှင့်ပြောလာပြန်သည်။

'သိပ်လဲ ဝမ်းနည်းမနေပါနဲ့ ညီမရယ်၊ သွားစရာ မရှိတော့ ရင်လဲ ကျွန်မတို့နဲ့သာ လိုက်ခဲ့ပါ၊ စိတ်ပြေလက်ပျောက် လေးငါးရက် လောက်နေသွားပေါ့၊ ကျွန်မကလဲ ညီမကို မြင်မြင်ချင်း ခင်မင်နေ တာပါ၊ ရှေ့ဘဝတွေက ရေစက်ကြောင့်လို့ ဆိုရလိမ့်မယ် ထင်ပါ တယ်'

လီယွင်ဟုန်သည် ပါးပြင်ပေါ်မှ မျက်ရည်စများကို သပ်ချ



လိုက်ပြီး ခေါင်းညိတ်ပြသည်။

'နေပါစေ အစ်မလေးရယ်၊ ကျွန်မလော့ယန်ကို မသွား ချင်တော့ဘူး ခုလို ဖိတ်ခေါ်တာကို အများကြီးကျေးဇူးတင်ပါတယ်'

'ညီမက ဘယ်လိုလုပ်မယ် စိတ်ကူးလို့လဲ'

'ကိုယ့်အိမ်ကိုပဲ ပြန်မယ် စိတ်ကူးပါတယ်'

'ကောင်းပါတယ်၊ သွားစရာ မရှိတော့ရင် ကိုယ့်အိမ်ကိုယ် ပြန်တာ အကောင်းဆုံးပဲ'

ဖက်ဖူးရောင် အမျိုးသမီးသည် စကားပြောရင်း လှေ ထွက်လာရာသို့ လှမ်းကြည့်လိုက်သည်။

ထို့နောက်. . .

'ဟော. . . ဟိုမှာ လူတစ်ယောက်ပါလား၊ ဒီနေ့ ဒီနေရာ မှာ လှေရှာတဲ့သူတွေချည်း တွေ့နေရတယ်၊ တစ်ခြား ကူးတို့ဆိပ် တွေမှာ ဘာလို့ သွားမရှာကြတာလဲ မသိဘူး'

ကြားရသောစကားကြောင့် လီယွင်ဟုန် လှမ်းကြည့်မိ သည်။

မိမိတို့ စီးနင်းလိုက်ပါလာသောလှေနှင့် ကျူးဝင်တော တာမံစပ်သည် တိုက်ငါးဆယ်ခန့် ဝေးကွာနေလေပြီ။

ကမ်းပေါ်တွင်မူ လူတစ်ယောက် ခြေစုံရပ်ပြီး မိမိတို့လှေကို မျှော်ကြည့်နေသည်။

အနက်ဝတ်ထားသော လူတစ်ယောက်ဖြစ်ပြီး လက် နှစ်ဘက် နောက်ပစ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူသည် ပိုင်ယိုလော် (ခေါ်) ကူးတူ့ခက်ဖြစ်သည်။

လီယွင်ဟုန်သည် ဝေးနေသော်လည်း ပိုင်ယိုလော်မှန်း ကောင်းကောင်းသိနေသည်။

ထို့ကြောင့်. . .

'ကျွန်မရဲ့ မိတ်ဆွေတစ်ယောက်ပါ'

ဟု အမှတ်တမဲ့ ပြောလိုက်မိတော့သည်။

ပြီးမှ သူ့စကား မှားသွားမှန်း သိရတော့သည်။

ဖက်ဖူးရောင် အမျိုးသမီးသည် ပြုံးနေဆဲ ရှိပြီး. . .

'ဩော်. . . သူက ညီမ မိတ်ဆွေတိုး၊ သူလဲ မြစ်တူးဖို့ လေ့ရှာနေတယ်ထင်တယ်'

လီယွင်ဟုန်သည် စကားပြင်ရန် မဖြစ်တော့သဖြင့် အလိုက်အထိုက် ပြောရတော့သည်။

'မှုတ်ပါတယ်ရှင်၊ သူလဲ ဟိုဘက်ကမ်းကို ကူးမလို့ပါ'

'ဟုတ်လား၊ ဒီလိုဆို ညီမတို့က ဘာဖြစ်လို့ အတူတူ မလာကြတာလဲ'

'ခရီး အတူတူသွားဖို့တော့ မဟုတ်ပါဘူး၊ သူ့ကိုလေးငါးခါလောက် တွေ့ဆုံဖူးလို့ပါ၊ ကျွန်မတို့ဟာ တစ်ကြိမ်လောက် တွေ့မြင်ဖူးရုံနဲ့ မိတ်ဆွေလို့ သတ်မှတ်တဲ့ အလေ့အကျင့် ရှိနေလို့ပါ၊ အစ်မလေးကို ကျွန်မက မိတ်ဆွေလို့ ယူဆထားပါတယ်'

လီယွင်ဟုန်သည် ဖုံးရင်းဖိရင်း မျက်နှာကြီးနီရဲလာ တော့သည်။

▲



ဖက်ဖူးရောင် အမျိုးသမီးက. . .

'အင်း. . . ကျော့ရှင်းတဲ့လှည်းတိုင်နဲ့ မျက်လုံးအရောင်တောက်ပုံ၊ မျက်ခုံးကောင်းပုံကို တွေ့ရတော့ လူချောတစ်ယောက်ဖြစ်မှာ သေချာပါတယ်'

'အိုး. . . သူနဲ့ကျွန်မက ဘာမှ မဆိုင်ပါဘူး အစ်မလေးရဲ့'

လီယွင်ဟုန်က ဖက်ဖူးရောင် အမျိုးသမီး အမိပွာယ်ကောက် လွဲသွားမည် စိုးသဖြင့် ကမန်းကတန်း ရှင်းပြသည်။

ဖက်ဖူးရောင် အမျိုးသမီးက. . .

'ဟင်းဟင်း. . . ကျွန်မစကားတွေ မှားသွားတာကို ခွင့်လွှတ်ပါရှင်'

'ရပါတယ် အစ်မလေးရယ်၊ တိစ္စမရှိပါဘူး၊ အစ်မလေး တစ်မျိုးထင်သွား စိုးလို့ပါ၊ ကျွန်မတို့က သိပ်ရင်းနှီးတဲ့လူတွေ မဟုတ်ပါဘူး'

'ကျွန်မ ယုံပါတယ်ရှင်၊ ဒါနဲ့ နာမည်က ဘယ်လိုခေါ်ပါသလဲ'

'မိုင်. . . တဲ့'

'မဟုတ်ဘူး၊ သူ့နာမည်ပိုင် မဟုတ်ဘူး'

လီယွင်ဟုန်သည် မျက်မှောင်ကြုတ်သွားတော့သည်။

ထို့နောက်. . .

'ပိုင် မဟုတ်ဘူးလား၊ ပိုင်မှ ပိုင်ပါရှင်၊ ကျွန်မသူနဲ့ အတော်ကြာကြာ စကားပြောခဲ့ဖူးပါတယ်၊ ပိုင်ပါ'

▲

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



လီယွင်ဟုန်သည် အာတင်းငြင်းရင်းမှ မျက်လုံးပြူးသွားပြန်သည်။

တစ်စုံတစ်ရာကို သဘောပေါက်သလို ဖြစ်လာသဖြင့်. . .

'နေပါဦး၊ အစ်မလေးက သူနဲ့ သိလို့လား'

ဖက်ဖူးရောင် အမျိုးသမီးက လှလှပပရယ်လိုက်သည်။

'ညီမက သိုင်းလောကနဲ့ သိပ်ခင်ကျွမ်းသေးဘူးထင်တယ်၊ သူ့နာမည်က ဗိုင် မဟုတ်ဘူး၊ မင်ရင်ကြယ် မင်ရင်ကြယ်'

'တင်. . . မင်ရင်ကြယ် ဟုတ်လား'

လီယွင်ဟုန်သည် တအံ့တဩဖြစ်ပြီး၊ ပဲ့တင်ရွတ်လိုက်မိတော့သည်။

'ဟုတ်တယ်၊ အဲဒီလူဟာ မင်ရင်ကြယ်ပဲ၊ ညီမကို မင်ရင်ကြယ်လို့ မပြောဘူးလား'

လီယွင်ဟုန်က ခေါင်းယမ်းပြီး ဖြေသည်။

'မပြောဖူးပါဘူးရှင်၊ ဗိုင် လို့သာပြောတာပါ။ အစ်မလေးက သိုင်းလောက အမြင်တော်တော် လျှင်တာပဲ. . . တင်းဟင်း'

'ညီမ ထင်သလို မလျှင်ပါဘူးကွယ်၊ သူများ ပြောပြလို့ သိရတာပါ'

'ဘယ်သူ ပြောတာလဲ'

'ဟင်းဟင်း. . . ကြံ့လုံစိုက်စခန်းကြီးက ဆရာကြီး ရင်ခွန်ဖန်း ပြောပြလို့ သိရတာပေါ့ရှင်၊ ဟင်းဟင်း. . . နောက်ပြီး မင်ရင်



ကြယ်က ညီမကို ရင်ခွန်ဖန်းနဲ့အတူ မိန်းမပျိုနှစ်ယောက်လည်း အတူရှိနေတယ်လို့ ပြောမပြဘူးလား ဟင်းဟင်း'

ဖက်ဖူးရောင်အမျိုးသမီးသည် ချိုလွင်စူးရှသောအသံနှင့် တျော့တျော့နပ်နပ်ကြီး ပြောနေသည်။

သူမ၏ရယ်သံသည် တီးမှုတ်ဘွယ် ချိုလွင်လှသော်လည်း လီယွင်ဟုန်သည် မီးတောင်ကြီး ပေါက်ကွဲသွားသည့်အသံဟု ထင်မှတ်လိုက်တော့သည်။

လီယွင်ဟုန်သည် မျက်စိဖျက် မျက်နှာပျက်ဖြစ်နေပြီး ဒေါသထွက်လာတော့သည်။

ရှေ့တွင်ရှိနေသော မိန်းမနှစ်ယောက်ကို စိမ်းစိမ်းကြီး ကြည့်ပြီး ဝါးစားချင်စိတ် ပေါက်လာသည်။

လှေပေါ်မှ ခုန်ချပြီး ထွက်ပြေးရန် ကြံစည်လိုက်မိသည်။

၎င်းအချက်ကို ရိပ်မိသော ဖက်ဖူးရောင်အမျိုးသမီးက တဟင်းဟင်းရယ်ပြီး ပြောလာသည်။

'ဘယ်ကိုပြေးမလို့လဲ ညီမရဲ့၊ လှေက အပြောကျယ်တဲ့ မြစ်လယ်မှာ ရောက်နေပါပြီ . . . ဟင်းဟင်း'

လီယွင်ဟုန်သည် အလွန်ထိတ်လန့်သွားသဖြင့် ဆတ်ခနဲ မတ်တတ်ရပ်လိုက်မိသည်။

မထူးတော့။

အသေအကြေ တိုက်ခိုက်ရတော့မည်။

လီယွင်ဟုန်သည် မိုက်မိုက်ကန်းကန်း ဆုံးဖြတ်ပြီးသည်နှင့်

www.burmeseclassic.com

www.burmeseclassic.com



လက်တစ်ဘက်ကို မြှောက်တင်လိုက်သည်။

ဖက်ဖူးရောင်အမျိုးသမီးသည် သူမကိုကြည့်ပြီး တတင်းတင်း ရယ်တော့သည်။

■

စာစဉ် (၄) ပြီး၏။

စာစဉ် (၅) ကို ဆက်လက်ဖတ်ရှုပါရန်

တက္ကသိုလ်နေလင်းအောင်

BURMESE CLASSIC

www.burmeseclassic.com